# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ခိုင်မာမြဲမြံစွာရပ်တည်နိုင်**

လောကဓံတရားများနှင့် တွေ့ကြုံရသော ရဟန္တာအရှင်မြတ်တို့သည် အမျက်ထွက်ခြင်းမရှိ။ သည်းခံ၏။ မြေကြီးကဲ့သို့လည်းကောင်း၊ တံတိုင်းကြီးကဲ့သို့လည်းကောင်း ခိုင်မာမြဲမြံစွာရပ်တည်နိုင်၏။ အရှင်သာရိပုတ္တရာ၏ အမျက်မထွက်၊ သည်းခံခြင်းနှင့် ပြည့်စုံသောစိတ်ကို ရှိခိုးကော်ရော်ပူဇော်ကန်တော့ရာ၏။

အရဟန္တဝဂ်(ဓမ္မပဒ-၉၅)


၁၃၈၅ ခုနှစ်၊ ကဆုန်လဆန်း ၆ ရက် ၂၀၂၃ ခုနှစ်၊ မေ ၂၄ ရက်၊ တနင်္လာနေ့ အတွဲ (၆၂)၊ အမှတ်(၂၀၂)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြုဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အားလွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## ပြည်သူလူထုသို့ အသိပေးတိုက်တွန်းနှိုးဆော်ချက်

၁။ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ကမ္ဘာ့နိုင်ငံများ၊ ဒေသတွင်းနိုင်ငံများနှင့် မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွားမှုအခြေအနေများကို စဉ်ဆက်မပြတ် လေ့လာဆန်းစစ်၍ လိုအပ်သည့် ရောဂါကာကွယ် ထိန်းချုပ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။

၂။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ (၂၀-၄-၂၀၂၃) ရက်နေ့ ထုတ်ပြန်ချက်အရ ကမ္ဘာ့နိုင်ငံ(၃၁)နိုင်ငံနှင့် မြန်မာနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံများဖြစ်သော အိန္ဒိယနိုင်ငံ၊ ထိုင်းနိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံအပါအဝင် ဒေသတွင်း နိုင်ငံအချို့တွင် ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလမှစတင်၍ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုများ မြင့်တက်လာပြီး ကိုဗစ်-၁၉ ရောဂါ မျိုးရိုးဗီဇပြောင်းရောဂါပိုး XBB. 1.16 (Arcturus) ကူးစက်ဖြစ်ပွားမှုများလည်း ပါဝင်ကြောင်း တွေ့ရှိရပါသည်။

၃။ မြန်မာနိုင်ငံတွင်လည်း ၂၀၂၃ ခုနှစ်၊ ဧပြီလဆန်းမှစ၍ ကိုဗစ်-၁၉ ရောဂါ ပြည်တွင်းကူးစက်ဖြစ်ပွားမှု အနည်းငယ်မြင့်တက်လာခဲ့ကြောင်း တွေ့ရှိရပါသည်။

၄။ ယခုအချိန်အထိ လေ့လာဆန်းစစ်မှုများအရ ကိုဗစ်-၁၉ ရောဂါ မျိုးရိုးဗီဇပြောင်းရောဂါပိုး XBB. 1.16 သည် ကူးစက်ဖြစ်ပွားမှုအားဖြင့် ယခင်တွေ့ရှိခဲ့သည့် မျိုးရိုးဗီဇပြောင်း ရောဂါပိုးများထက် (၁.၂၇)ဆအထိ ပိုမိုမြန်ဆန်သော်လည်း ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက် ကုသခံယူရမှုနှင့် သေဆုံးမှု ပိုမိုမြင့်မားခြင်းမရှိကြောင်း၊ ကုသမှုတွင်လည်း လက်ရှိအသုံးပြုလျက်ရှိသော ဗိုင်းရပ်စ် ကုသဆေးဝါးများဖြင့် ကုသမှုပေးနိုင်ကြောင်း တွေ့ရှိရပါသည်။ ရောဂါကာကွယ်ရေးအတွက်လည်း မြန်မာနိုင်ငံတွင်

စာမျက်နှာ ၃ ကော်လံ ၁ ❍



## မန္တလေးမြို့ရှိ ကြေးသွန်းလုပ်ငန်းများတွင် ဆင်းတုတော်အော်ဒါအပ်နှံသူများနှင့် ပုံတူရုပ်တုအပ်နှံသူများပြားကာ အရောင်းအဝယ်ကောင်းနေ

**မန္တလေး မေ ၂၃**

မန္တလေးမြို့ရှိ ကြေးသွန်းလုပ်ငန်းများတွင် ပြည်သူများက ကြေးသွန်း ဆင်းတုတော်အော်ဒါအပ်နှံသူများနှင့် ပုံတူရုပ်တုအပ်နှံသူများပြားစွာရှိနေ၍ နေ့စဉ်လုပ်ငန်းများ လုပ်ကိုင်နေရကာ အရောင်းအဝယ်များ ကောင်းနေကြောင်း မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ်မှ ပြည့်ဝ ကြေးသွန်းလုပ်ငန်းပိုင်ရှင် ဦးအောင်အောင်မိုးက ပြောသည်။

လက်ရှိအချိန်တွင် ကြေးသွန်းလုပ်ငန်း လုပ်ကိုင်သူများနှင့် ရောင်းဝယ်ရေး လုပ်ကိုင်နေသူများသည် အပ်နှံသူများနှင့် မှာယူသူများ ရှိနေ၍အရောင်းအဝယ်များ ကောင်းနေကြောင်း၊ ဈေးနှုန်းများအနေဖြင့်အပ်နှံမှာယူသည့် ပုံတူရုပ်တု အရွယ်အစားနှင့် ကြေးသွန်းရုပ်တု အရွယ်အစားများပေါ် မူတည်ကာ ဈေးနှုန်း သတ်မှတ်ထားကြောင်း သိရသည်။

"ကြေးသွန်းလုပ်ငန်းက အော်ဒါအပ်သူများနဲ့ ပုံတူရုပ်တုအပ်သူ များပြားနေပါတယ်။ ဒီရက်ပိုင်းမှာ ကြေးဘုရားဆင်းတုတွေကတော့

စာမျက်နှာ ၃ ကော်လံ ၄ ❖

## စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာငွေကျပ် ၄၆၈၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

**နေပြည်တော် မေ ၂၃**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီ တင်သွင်းသိုလှောင် ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီအနေဖြင့် စားအုန်းဆီ ကမ္ဘာ့ဈေးနှုန်း ဖြစ်ပေါ်ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများ ဖြစ်ပေါ်စေရေး ထိန်းကျောင်းဆောင်ရွက်လျက်ရှိပြီး စားအုန်းဆီ အဓိကထုတ်လုပ်တင်ပို့သည့် မလေးရှားနိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံတို့တွင် ဖြစ်ပေါ်နေသည့် FOB ဈေးနှုန်းများကို နေ့စဉ်စောင့်ကြည့်ကာ သယ်ယူ

စာမျက်နှာ ၃ ကော်လံ ၄ ❒


ယနေ့ ဖတ်စရာ

နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့နယ် မကျန်းကျေးရွာရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက် — ပြည်တွင်းသတင်း စာ ၅

ဥပဒေပြုရေးဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲများအပေါ် လေ့လာခြင်း (မလေးရှားနိုင်ငံ) — ဆောင်းပါး စာ ၁၀

လေးနိုင်ငံထိပ်သီးအစည်းအဝေး တက်ရောက်ရန် ဝန်ကြီးချုပ် ကီရှီဒါ ဩစတြေးလျသို့ သွားရောက်မည် — နိုင်ငံတကာသတင်း စာ ၁၂

# ကိုဗစ်-၁၉ မျိုးဗီဇအသစ် တစ်ကျော့ပြန်ကူးစက်မှုမဖြစ်စေလို

ကိုဗစ်-၁၉ ရောဂါသည် ကမ္ဘာပေါ်တွင် စတင်ကူးစက်ပြန့်ပွားမှုဖြစ်ပေါ်ခဲ့သည့် ၂၀၁၉ ခုနှစ် နှောင်းပိုင်းမှစကာ နိုင်ငံတကာတွင် ပျံ့နှံ့ခဲ့ပြီးသည့်နောက် မျိုးရိုးဗီဇပြောင်းလဲမှုများစွာ ဖြစ်ပေါ်ခဲ့ပြီး ဆက်လက်၍လည်း ပြောင်းလဲလျက်ရှိသည်။ မိမိတို့နိုင်ငံတွင် ယခု ဧပြီလအတွင်း ကိုဗစ် -၁၉ ရောဂါပြည်တွင်းကူးစက်မှု အနည်းငယ်မြင့်တက်ခဲ့ရာ ကိုဗစ်-၁၉ ရောဂါမျိုးရိုးဗီဇပြောင်းပိုး အိုမီခရွန်မျိုးကွဲ XBB.1.16 ကူးစက်ဖြစ်ပွားမှုကို ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်တင်ရန် ကျန်းမာရေးဝန်ကြီးဌာနက ဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံများဖြစ်သော ထိုင်း၊ အိန္ဒိယနှင့် ကမ္ဘာ့နိုင်ငံအချို့တွင် ကူးစက်ဖြစ်ပွားလျက်ရှိသည့် မျိုးရိုးဗီဇပြောင်းပိုး အိုမီခရွန်မျိုးကွဲ XBB.1.16 သည် ယခင်ကူးစက်ဖြစ်ပွားခဲ့သည့် XBB.1 နှင့် XBB.1.5 ကူးစက်မှုထက် ၁ ဒသမ ၂၇ ဆအထိ ပိုမိုမြန်ဆန်သော်လည်း ရောဂါလက္ခဏာများ ပိုမိုပြင်းထန်မှုမရှိကြောင်း၊ ဆေးရုံတက်ရောက် ကုသခံရမှုနှင့် သေဆုံးမှုလည်း ပိုမိုမြင့်မားခြင်းမရှိကြောင်း၊ အသက်အရွယ်ကြီးသူများနှင့် ရောဂါအခံရှိသူများတွင်မူ ကူးစက်မှုနှုန်း ပိုမိုမြင့်မားနိုင်ကြောင်း ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ပြောကြားထားသည်။ XBB.1.16 နှင့် စပ်လျဉ်းသည့် သတင်းအချက်အလက်များတွင် အိုမီခရွန်မျိုးကွဲ ၎င်းမျိုးဗီဇသစ်ကို Arcturus ဟူ၍ ဖော်ပြထားပြီး ကမ္ဘာ့ကျန်းမာရေးအဖွဲ့က စောင့်ကြည့်စာရင်း (Variant Under Monitoring: VUM)တွင် ထည့်ထားကြောင်း သိရသည်။

XBB.1.16 သည် ကူးစက်မှုတွင် ရှေ့က မျိုးဗီဇများထက် ပိုမိုမြန်ဆန်ပြီး ခုခံအားကိုကျော်နိုင်ကြောင်း တွေ့ရှိထားရသော်လည်း လက်ရှိကာကွယ်ဆေးများက ကာကွယ်ပေးနိုင်သည်ဟုဆိုသည်။ ထိုင်းနိုင်ငံမှ သတင်းတစ်ပုဒ်တွင် XBB.1.16 သည် လျင်မြန်စွာကူးစက်လျက်ရှိကြောင်းနှင့် အသက် သုံးဆယ်ကျော်အရွယ် မြန်မာရွှေ့ပြောင်းလုပ်သားတစ်ဦး ကိုဗစ်-၁၉ ရောဂါကူးစက်မှုကြောင့် နေအိမ်တွင် သေဆုံးလျက်ရှိသည်ကို တွေ့ရှိခဲ့ရကြောင်း ဖော်ပြထားသည်။ ကမ္ဘာ့နိုင်ငံအချို့နှင့် အိမ်နီးချင်းနိုင်ငံအချို့တို့တွင် ကိုဗစ် -၁၉ ရောဂါဖြစ်ပွားမှု ပြန်လည်မြင့်တက်လာခြင်းနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံတွင်လည်း ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားသူများကို စောစီးစွာသိရှိပြီး ကာကွယ်ထိန်းချုပ်မှုလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ကာကွယ်ဆေးထိုးနှံခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးထိုးနှံခြင်း၊ ဓာတ်ခွဲစစ်ဆေးခြင်း၊ ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်သွားရန် ကျန်းမာရေးဝန်ကြီးဌာနက ပြင်ဆင်စီမံလျက်ရှိပြီဖြစ်သည်။

ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှု တားဆီးကာကွယ်ထိန်းချုပ်နိုင်ရေးတွင် အရေးကြီးဆုံးမှာ ပြည်သူလူထုပင်ဖြစ်သည်။ ပြည်သူလူထု၏ ကျန်းမာရေးဆိုင်ရာ အသိသုတပြည့်စုံမှုနှင့် ရောဂါကာကွယ်ရေးနည်းလမ်းများကို ဂရုတစိုက်လိုက်နာကျင့်သုံးမှုက အဓိကအကျဆုံးပင်ဖြစ်သည်။ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထပ်ဆောင်းကာကွယ်ဆေးများထိုးနှံခြင်း၊ ရောဂါကာကွယ်ရေးဆိုင်ရာ နည်းလမ်းများနှင့်အညီနေထိုင်ခြင်း၊ ကိုဗစ်-၁၉ သံသယလက္ခဏာများ တွေ့ရှိပါက နီးစပ်ရာကျန်းမာရေးဌာနသို့ဆက်သွယ်၍ ကုသမှုခံယူခြင်း၊ ရောဂါကူးစက်ဖြစ်ပွားသူ၊ သံသယလက္ခဏာရှိသူများက အခြားသူများကို ထပ်ဆင့်မကူးစက်စေရန် ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသော စည်းမျဉ်းစည်းကမ်းများနှင့်အညီ မိမိနေအိမ်တွင် အသွားအလာ ကန့်သတ်နေထိုင်ကြရန် သက်ဆိုင်ရာက အသိပေးနှိုးဆော်ထားရာ မိမိနှင့်တကွ အများပြည်သူအကျိုးအတွက်ဖြစ်သည်နှင့်အညီ ဂရုတစိုက်လိုက်နာကျင့်သုံးကြရပါမည့်အကြောင်း။ ။

# ရွှေတိဂုံစေတီတော်မြတ်ကြီး၌ အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ အောင်ပွဲကျင်းပ

**နေပြည်တော် မေ ၂၃**



ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့က ကြီးမှူးကျင်းပသော အသံမစဲ မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲကို မေ ၁၈ ရက်မှ ၂၂ ရက်အထိ ရွတ်ဖတ်ပူဇော်ရာ အောင်ပွဲနှင့် ရေစက်ချ မင်္ဂလာအခမ်းအနားကို မေ ၂၂ ရက် ညနေပိုင်းတွင် လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်မြတ်ကြီး၏ ရာဟုထောင့် ချမ်းသာကြီး တန်ဆောင်း၌ ပြုလုပ်ရာ ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ ဩဝါဒါစရိယ၊ တိပိဋက ဩဝါဒါစရိယ၊ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်၊ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ၊ စေတိယင်္ဂဏပဝရသီရိ မဟာဓမ္မ ဂုရု၊ သ.စ.အ ဓမ္မာစရိယ (ဝဋ္ဋသကာ)၊ ပါဠိပါရဂူ လှရတနာ ဆရာတော် ဘဒ္ဒန္တနာရဒါဘိဝံသ အမှူးပြုသော သံဃာတော်များ ကြွရောက်တော်မူကြပြီး ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ဇော်ဟိန်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ ဩဝါဒါစရိယ၊ ရန်ကုန်တိုင်းဒေသကြီး သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဒွိပိဋကဓရ၊ ဘဒ္ဒန္တအဂ္ဂသာမိထံမှ ကိုးပါးသီလခံယူဆောက်တည်ကြပြီး သံဃာတော်များ ရွတ်ပွားချီးမြှင့်တော်မူသည့် ပရိတ်တရားတော်များကို နာယူကြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်း၍ လှရတနာ ဆရာတော်ထံမှ လှူဒါန်းမှုအစုစုတို့အတွက် အနုမောဒနာတရားနာယူကြပြီးရေစက်သွန်းချ အမျှပေးဝေကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်ရာတွင် အသုံးပြုနိုင်ရေးအတွက် အလှူငွေများ ပေးအပ်လှူဒါန်း

**နေပြည်တော် မေ ၂၃**



မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်ရာတွင် အသုံးပြုနိုင်ရေးအတွက် စေတနာရှင် အလှူရှင်များက အလှူငွေများ လာရောက်လှူဒါန်းခြင်းကို ယနေ့ နံနက်ပိုင်းတွင် ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့ရှိ ရွှေလီဧည့်ခန်းမဆောင်၌ပြုလုပ်ရာ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် နိုင်နိုင်ဦးနှင့် တာဝန်ရှိသူများ၊ စေတနာရှင် အလှူရှင်များ တက်ရောက်ကြသည်။

ဦးစွာတိုင်းမှူးက ကျေးဇူးတင်စကားပြောကြားသည်။ ထို့နောက် ကိုးကန့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ လောက်ကိုင်မြို့နေ ဦးအောင်ဝင်း(ခ) ဝေချင်းဟိုင် မိသားစု(Jingjiang Company ၊ Hanley Group)တို့က လှူဒါန်းသည့် အလှူငွေ ကျပ်သိန်း ၁၅၀၀ အား တိုင်းမှူးက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည် ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ပြလို့မြို့တွင်စတင်ဖွင့်လှစ်မည့် စက်မှုစိုက်ပျိုးမွေးမြူရေး အထက်တန်းကျောင်း၌ သင်ကြားပေးမည့် ဘာသာရပ်များ၊ ထောက်ပံ့ပေးမည့်အစီအစဉ်များနှင့်စပ်လျဉ်း၍ တွေ့ဆုံရှင်းလင်းဆွေးနွေး

**အောင်လံ မေ ၂၃**

မကွေးတိုင်းဒေသကြီး အောင်လံမြို့နယ် ပြလို့မြို့တွင် စတင်ဖွင့်လှစ်မည့် စက်မှုစိုက်ပျိုးမွေးမြူရေး အထက်တန်းကျောင်း၌ ဖွင့်လှစ်သင်ကြားပေးမည့် စက်မှုဘာသာရပ်များ၊ သင်ကြားမှုအစီအစဉ်များ၊ ထောက်ပံ့ပေးမည့် အစီအစဉ်များနှင့် GTHS အောင်မြင်သူများအတွက် ဆက်လက်တက်ရောက်နိုင်မည့် အခွင့်အလမ်းများနှင့် စပ်လျဉ်း၍ တွေ့ဆုံရှင်းလင်း ဆွေးနွေးပွဲကို ယမန်နေ့က ပြလို့မြို့ စက်မှုစိုက်ပျိုးမွေးမြူရေး အထက်တန်းကျောင်း၌ကျင်းပရာ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ လမ်းညွှန်ချက်အရ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန နည်းပညာ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဋ္ဌေးသွင်က ပါဝါပွိုင့်ဖြင့် ရှင်းလင်းပြောကြားခဲ့ပြီး တက်ရောက်လာသူများက သိလိုသည်များ၏ မေးမြန်းချက်များအပေါ် ညွှန်ကြားရေးမှူးချုပ်က ပြန်လည်ရှင်းလင်း ပြောကြားသည်။



အဆိုပါ တွေ့ဆုံရှင်းလင်း ဆွေးနွေးပွဲသို့ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ် ပညာရေးမှူးများ၊ မြို့နယ်စိုက်ပျိုးရေး ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ ကျောင်းအုပ်ဆရာ ဆရာမကြီးများ၊ ကျောင်းကော်မတီဝင်များနှင့်ကျောင်းသားကျောင်းသူများ တက်ရောက်ကြောင်း သိရသည်။

**ခရိုင်(ပြန်ဆက်)**

# အာရှယဉ်ကျေးမှုအမွေအနှစ်များ ကာကွယ်ရေးဆိုင်ရာ မဟာမိတ်အဖွဲ့ တည်ထောင်မည့် အစည်းအဝေးသို့ တက်ရောက်မည့် ပြည်ထောင်စုဝန်ကြီး ဦးကိုကို ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ထွက်ခွာ



ရန်ကုန် ဧပြီ ၂၄

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကို ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ စန်ရှီးပြည်နယ် ရှီအန်းမြို့၌ ဧပြီ ၂၅ ရက်မှ ၂၆ ရက်အထိ ကျင်းပမည့် အာရှယဉ်ကျေးမှုအမွေအနှစ်များ ကာကွယ်ရေးဆိုင်ရာ မဟာမိတ်အဖွဲ့ တည်ထောင်မည့် အစည်းအဝေးသို့ တက်ရောက်ရန် ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့မှ တရုတ်နိုင်ငံသို့ လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။

## ပို့ဆောင်

ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့ကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးမှ တာဝန်ရှိသူများ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်) ပါမောက္ခချုပ် ဒေါက်တာကေသီထွေး၊ ဒုတိယပါမောက္ခချုပ်များ၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်မှ ဒုတိယပါမောက္ခချုပ်နှင့် တာဝန်ရှိသူများ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်ခဲ့ကြောင်း သိရသည်။ (ဝဲပုံ)

သတင်းစဉ်

# The Elders အဖွဲ့၏ ဒုတိယဥက္ကဋ္ဌ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဟောင်း မစ္စတာ ဘန်ကီမွန်း ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ နေပြည်တော်သို့ ရောက်ရှိ



နေပြည်တော် ဧပြီ ၂၄

The Elders အဖွဲ့၏ ဒုတိယဥက္ကဋ္ဌ၊ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဟောင်း မစ္စတာ ဘန်ကီမွန်း ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ ညနေပိုင်းတွင် လေကြောင်းခရီးဖြင့် နေပြည်တော်သို့ ရောက်ရှိကြသည်။

## ကြိုဆိုနှုတ်ဆက်

အဆိုပါ The Elders အဖွဲ့၏ ဒုတိယဥက္ကဋ္ဌ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ် အောင်လင်းထွန်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးထွဋ်နှင့် တာဝန်ရှိသူများက နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။ (ယာပုံ)

သတင်းစဉ်

❍ *ရှေ့ဖုံးမှ*

လက်ရှိ အသုံးပြုလျက်ရှိသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများသည် ထိရောက်မှုရှိပြီး ထပ်ဆောင်း ကာကွယ်ဆေး ထိုးနှံခြင်းဖြင့် ရောဂါကူးစက်ဖြစ်ပွားမှု၊ ရောဂါပြင်းထန်မှု၊ ရောဂါကြောင့် သေဆုံးမှုကို လျှော့ချနိုင်ကြောင်း တွေ့ရှိရပါသည်။

၅။ သို့ဖြစ်ပါ၍ ပြည်သူလူထုအားလုံး (အထူးသဖြင့် အသက်အရွယ်ကြီးရင့်သူများနှင့် နာတာရှည်ရောဂါအခံရှိသူများ) အနေဖြင့် -

(က) ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးနှင့် ထပ်ဆောင်းကာကွယ်ဆေးထိုးနှံခြင်းကို အထူးဂရုပြုဆောင်ရွက်ကြပါရန်၊

(ခ) ရောဂါကူးစက်ဖြစ်ပွားမှု မရှိစေရေးအတွက် အဓိကကျသောရောဂါ ကာကွယ်ရေးနည်းလမ်းများဖြစ်ကြသည့် တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေထိုင်ရန်၊ လူထူထပ်သောနေရာများ၊ အလုံပိတ်နေရာများသို့ သွားရောက်ရာတွင် ပါးစပ်နှင့် နှာခေါင်းစည်းကို မဖြစ်မနေတပ်ဆင်အသုံးပြုခြင်းတို့ကို ဂရုပြုလိုက်နာဆောင်ရွက်ကြပါရန်၊

(ဂ) ကိုဗစ်-၁၉ ရောဂါ သံသယလက္ခဏာများတွေ့ရှိပါက နီးစပ်ရာကျန်းမာရေးဌာနသို့ အမြန်ဆုံး သွားရောက်ဆက်သွယ်၍ လိုအပ်သည့်စစ်ဆေးကုသမှုကို ခံယူကြရန်၊

(ဃ) ရောဂါကူးစက်ဖြစ်ပွားသူများနှင့် ရောဂါသံသယလက္ခဏာရှိသူများအနေဖြင့် အခြားသူများကို ထပ်ဆင့်ကူးစက်မှုမရှိစေရေးအတွက် ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော စည်းမျဉ်းစည်းကမ်းများနှင့်အညီ လိုက်နာ၍ မိမိနေအိမ်တွင် အသွားအလာကန့်သတ်၍ နေထိုင်ပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

(၂၄-၄-၂၀၂၂)

**အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

❖ *ရှေ့ဖုံးမှ*

သုံးပေနဲ့ သုံးပေခွဲတွေ အရောင်းအဝယ်ဖြစ်နေတယ်။ ဆိုင်တိုင်းနီးပါး အရောင်းအဝယ်တွေကောင်းနေပါတယ်။ ပုံတူရုပ်တုတွေကတော့ လူအရွယ်အစားပေါ် ကြည့်ပြီး ဈေးကတော့ယူတာပါ။ ကြေးဆင်းတုတွေဆိုရင်လည်းပဲ ယခုချိန်မှာ ကြေးဈေးနှုန်းတွေ တက်နေတာကြောင့် ခန့်မှန်းဈေးနှုန်းအနေနဲ့သာ ပြောတာပါ။ အမှန်တကယ် ဝယ်ယူသူတွေနဲ့ ငွေချေပြီဆိုတော့မှ ဈေးနှုန်းဘယ်လောက်ဆိုတာ အတိအကျသိရတာပါ။ မှာယူသူစိတ်ချမ်းသာအောင် လက်ရာအကောင်းဆုံး၊ ကြေးသားအကောင်းဆုံးနဲ့ ပြုလုပ်ပေးသွားမှာပါ။ လွန်ခဲ့တဲ့နှစ် ၅၀ ကနေစပြီးတော့ လက်ရာရော၊ အရည်အသွေးရော မကျအောင် ဆက်လက်ထိန်းသိမ်းဆောင်ရွက်လျက်ရှိပါတယ်” ဟု ၎င်းက ပြောသည်။

အဆိုပါ ကြေးသွန်းလုပ်ငန်းတွင် ကြေးဘုရားဆင်းတုတော်များဖြစ်သော မုဒြာအစုံ ကြေးဆင်းတုတော်များကို ပြုလုပ်ပေးခြင်းနှင့်အတူ ပုံတူရုပ်တုလုပ်ငန်းကိုအဓိကထားလုပ်ဆောင်ကြောင်း၊ အဆိုပါ ကြေးဘုရား ဆင်းတုတော်များနှင့် ပုံတူရုပ်တုများကို အထက်မြန်မာပြည်၊ အောက်မြန်မာပြည် အနှံ့အပြားတို့မှ အပ်နှံသူများနှင့် မှာယူသူများ ရှိနေ၍ ပို့ဆောင်ကာ ရောင်းချနေရကြောင်း၊ ကြေးသွန်းလုပ်ငန်းများအနေဖြင့် လက်ရှိအချိန်တွင် အရောင်းအဝယ်ကောင်းနေကြောင်း သိရသည်။

**မောင်အေးချမ်း**

❒ *ရှေ့ဖုံးမှ*

ပို့ဆောင်ခ ကုန်ကျစရိတ်များ၊ ဘဏ်စရိတ်များ၊ အခွန်အခများ ထည့်သွင်းတွက်ချက်၍ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန်ပေးလျက်ရှိသည်။

ယခုအပတ်အတွင်း ကမ္ဘာ့စားအုန်းဆီ ထုတ်လုပ်တင်ပို့သည့် နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ ဧပြီ ၂၅ ရက်မှ မေ ၁ ရက်အထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီ တစ်ပိဿာလျှင် ငွေကျပ် ၄၆၈၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားသည်။

ထို့အပြင် ပြည်တွင်းဈေးကွက်အတွင်း ဈေးနှုန်းမြင့်တင်ရောင်းချခြင်း၊ ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းနှင့် မသမာသည့် လုပ်ဆောင်မှုများ ပြုလုပ်ပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်ထားသည်။

အဆိုပါ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းများကို စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm ၊ Facebook Page နှင့် မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

သတင်းစဉ်

# မြန်မာ-တရုတ် နှစ်နိုင်ငံအကြား လယ်ယာကဏ္ဍပူးပေါင်းဆောင်ရွက်မှု ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများဆွေးနွေး

**နေပြည်တော် ဧပြီ ၂၄**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်သည် ယနေ့ မွန်းလွဲပိုင်းတွင် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး Mr. Chen Hai အား ရန်ကုန်မြို့ နတ်မောက်လမ်းရှိ ယုဇနဧည့်ရိပ်သာ၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

တွေ့ဆုံစဉ်နှစ်နိုင်ငံပြည်သူများအတွက် ပိုမိုအကျိုးရှိသောလက်တွေ့ကျသည့် လယ်ယာကဏ္ဍဖွံ့ဖြိုးရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်ရေး၊ လယ်ယာကဏ္ဍ သတင်းအချက်များနှင့် နည်းပညာဖလှယ်ခြင်း၊ စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များ အဆင့်မြှင့်တင်ခြင်းနှင့် မြန်မာနိုင်ငံတွင် ပိုးမွှားကင်းစင်သန့်ရှင်းရေးဆိုင်ရာ အရည်အသွေး ထိန်းချုပ်မှုမြှင့်တင်ရေး ပူးပေါင်းဆောင်ရွက်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ် တည်ဆောက်ခြင်းလုပ်ငန်းဆိုင်ရာများ၊ ပုပ်သိုးလွယ်သည့် ကုန်စိမ်းပစ္စည်းများ အလျင်အမြန် တင်သွင်းတင်ပို့နိုင်ရေးနှင့် မြန်မာနိုင်ငံမှ ရေထွက်ပစ္စည်းများ တရုတ်နိုင်ငံသို့ တိုက်ရိုက်တင်ပို့နိုင်ရေးတို့ကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



# နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင် ဗုဒ္ဓဘာသာအခြေခံယဉ်ကျေးလိမ္မာသင်တန်းများ ဖွင့်လှစ်သင်ကြားနေမှုကြည့်ရှု၊ လေဘေးသင့်ပြည်သူများကို အားပေးစကားပြောကြား

**နေပြည်တော် ဧပြီ ၂၄**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇေယျာသီရိခရိုင် ပုဗ္ဗသီရိမြို့နယ်အတွင်းရှိ နေရာ ခြောက်နေရာတို့တွင် ကျောင်းသား ကျောင်းသူ လူငယ် ၃၈၀ တို့ကို ဧပြီ ၂၀ ရက်မှစတင်၍ ဗုဒ္ဓဘာသာအခြေခံယဉ်ကျေးလိမ္မာသင်တန်းများ တစ်ပြိုင်တည်း ဖွင့်လှစ်သင်ကြားလျက်ရှိရာ ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌ မြို့တော်ဝန် ဦးတင်ဦးလွင်၊ နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးဇေယျာလင်းနှင့် ဦးမြင့်စိုး၊ ခရိုင်/မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ပုဗ္ဗသီရိမြို့နယ် အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း၌ ဗုဒ္ဓဘာသာ အခြေခံယဉ်ကျေးလိမ္မာသင်တန်းများ ဖွင့်လှစ်သင်ကြားနေမှုကို ကြည့်ရှုအားပေးသည်။ **(ယာပုံ)**

ထို့နောက် နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ မြို့တော်ဝန် ဦးတင်ဦးလွင်က ပုဗ္ဗသီရိမြို့နယ်အတွင်းရှိ ကျောင်းအုပ်ဆရာကြီး၊ ဆရာမကြီးများ၊ ဆရာ ဆရာမများနှင့်တွေ့ဆုံပြီး မျိုးဆက်သစ်လူငယ်များကို ယဉ်ကျေးလိမ္မာစေရန်၊ နိုင်ငံတော်အတွက် တန်ဖိုးမဖြတ်နိုင်သည့် ဗုဒ္ဓဘာသာ မြန်မာ့ယဉ်ကျေးမှုအစဉ်အလာများကို ထိန်းသိမ်းစောင့်ရှောက်နိုင်မည့် လူငယ်များ ဖြစ်လာစေရန်အတွက် စနစ်တကျ သင်ကြားပေးကြစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌ မြို့တော်ဝန် ဦးတင်ဦးလွင်သည် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်သက်ခိုင်နှင့်အတူ နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးဇေယျာလင်းနှင့် ဦးမြင့်စိုး၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန် ဦးမောင်မောင်၊ အမြဲတမ်း အတွင်းဝန်၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ခရိုင်/မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် လယ်ဝေးမြို့နယ်အတွင်း လေဘေးသင့်ခဲ့သည့် တံတားဦးကျေးရွာသို့ သွားရောက်၍ လေဘေးသင့် ပြည်သူများကို အားပေးစကား ပြောကြားကြသည်။





ထို့နောက် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ထောက်ပံ့ငွေကျပ် သိန်း ၁၀၀၊ ကျန်းမာရေးဝန်ကြီးဌာနမှ ကျန်းမာရေးသုံးပစ္စည်းများကို တာဝန်ရှိသူများက နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ မြို့တော်ဝန်ထံ ပေးအပ်လှူဒါန်းကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ မြို့တော်ဝန်နှင့် တာဝန်ရှိသူများက လေဘေးသင့်ပြည်သူများကို ထောက်ပံ့ပစ္စည်းများပေးအပ်ကြပြီး အဆိုပါကျေးရွာရှိ ဆရာတော် သံဃာတော်များအား ဖူးမြော်ကြည်ညိုကာ လှူဖွယ်ဝတ္ထုငွေများလှူဒါန်းကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ မြို့တော်ဝန်နှင့် အဖွဲ့သည် လေဘေးသင့်ခဲ့သည့် အောင်မြင်ကုန်းကျေးရွာသို့ သွားရောက်၍ လေဘေးသင့်ပြည်သူများကို အားပေးစကားပြောကြားကြ၍ ထောက်ပံ့ပစ္စည်းများ ပေးအပ်ကြသည်။ **(ဝဲပုံ)**

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ မြို့တော်ဝန်နှင့်အဖွဲ့သည် လယ်ဝေးမြို့နယ် စမ်းကလေးသုသာန် လေပြင်းတိုက်ခတ်ခံခဲ့ရသဖြင့် အဆောက်အဦများ၊ ဝန်ထမ်းအိမ်ရာများနှင့် နိဗ္ဗာန်ယာဉ်များ ပျက်စီးသွားမှုကို သွားရောက်ကြည့်ရှုပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ မြို့တော်ဝန်က တာဝန်ရှိသူများကို လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ပေါင်းတည်မြို့နယ်၌ အငြိမ်းစားဝန်ထမ်းများအား အခမဲ့ကျန်းမာရေးစောင့်ရှောက်

**ပေါင်းတည် ဧပြီ ၂၄**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် ပေါင်းတည်မြို့နယ် ပြည်သူ့ဆေးရုံ၌ ၂၀၂၂ ခုနှစ် ဒီဇင်ဘာလ ၂၂ ရက်မှ စတင်၍ အငြိမ်းစားဝန်ထမ်းဟောင်းများအတွက် အခမဲ့ ဆေးခန်း ဖွင့်လှစ်ကုသစစ်ဆေးပေးလျက်ရှိရာ ယမန်နေ့ နံနက်ပိုင်းက ပဉ္စမအကြိမ်မြောက် အငြိမ်းစားဝန်ထမ်းများအား အခမဲ့ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းကို ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်ခဲ့သည်။

အဆိုပါ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းကို ပဲခူးတိုင်းဒေသကြီးအစိုးရမှ ဦးဆောင်၍ ဆောင်ရွက်ခြင်းဖြစ်ပြီး မြို့နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှ ကျန်းမာရေးဝန်ထမ်းများ၊ လူမှုအဖွဲ့အစည်းများနှင့် စေတနာရှင်ပြည်သူများစုပေါင်း၍ ကရုဏာစေတနာ ထက်သန်စွာဖြင့် အခမဲ့ ကျန်းမာရေးစောင့်ရှောက်ပေးခဲ့ကြသည်။ **(ယာပုံ)**



အဆိုပါ ကျန်းမာရေးစောင့်ရှောက် ဆောင်ရွက်ရာတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေး ဦးစီးမှူး ဒေါက်တာ သန်းသန်းချစ် က အငြိမ်းစားဝန်ထမ်းဟောင်းများအား စမ်းသပ် စစ်ဆေးပေးကာ ကျန်းမာရေးဝန်ထမ်းများက လိုအပ်သည်များကို ဆောင်ရွက်ပေးခဲ့ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် ကျန်းမာရေးစစ်ဆေးမှုခံယူလိုသူ အငြိမ်းစားဝန်ထမ်းများအား ပင်စင်ထုတ်သည့် မြို့နယ်မြန်မာ့စီးပွားရေးဘဏ်မှ ပြည်သူ့ဆေးရုံသို့ မော်တော်ယာဉ်ဖြင့် အခမဲ့ သယ်ယူပို့ဆောင်ပေးခဲ့ပြီး ယင်းနေ့တွင် အငြိမ်းစား ၇၉ ဦးအား ကျန်းမာရေးစောင့်ရှောက်ပေးခဲ့ကြောင်း သိရသည်။ **သူရကြီး (ပြန်/ဆက်)**

## လေဘေးသင့်၍ ဆေးရုံတက်ကုသမှုခံယူသူများအနက် ထိခိုက်လွယ်အုပ်စုဝင်များကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင် ထောက်ပံ့

**နေပြည်တော် မေ ၂၃**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်၊ ဒုတိယဝန်ကြီး ဦးစိုးကြည်၊ အမြဲတမ်းအတွင်းဝန် ဒေါက်တာကိုကိုနိုင်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ခုတင် (၁၀၀၀) ဆံ့ ပြည်သူ့ဆေးရုံကြီးတွင် လယ်ဝေးမြို့နယ် တံတားဦးကျေးရွာနှင့် အောင်မြင်ကုန်းကျေးရွာများမှ လေဘေးသင့်ပြည်သူများအား သွားရောက်တွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံစဉ် ထိခိုက်ဒဏ်ရာရရှိပြီး ဆေးရုံတက်ရောက် ကုသမှုခံယူနေသူများအနက် ထိခိုက်လွယ်အုပ်စုဝင်များဖြစ်သည့် ကိုယ်ဝန်ဆောင်များ၊ အသက် ၇၀ နှစ်နှင့်အထက် ဘိုးဘွားများနှင့် အသက် ငါးနှစ်နှင့်အောက် ကလေးသူငယ်များအတွက် လူမှုဝန်ထမ်းဦးစီးဌာနမှ အလှူငွေများ ထောက်ပံ့ပေးအပ်ရာ တစ်ဦးလျှင်ငွေကျပ် ၃၀၀၀၀ နှုန်းဖြင့် စုစုပေါင်း ၁၄ ဦးအတွက် ထောက်ပံ့ကြေးငွေများကို ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ထောက်ပံ့ပေးအပ်ပြီး ကျန်းမာရေးဝန်ကြီးဌာနနှင့် နေပြည်တော် ခုတင် (၁၀၀၀) ဆံ့ ပြည်သူ့ဆေးရုံကြီးမှ တာဝန်ရှိသူများက လက်ခံကြသည်။ **(ယာပုံ)**

အဆိုပါ လေဘေးသင့်ခဲ့ရသည့် တံတားဦးကျေးရွာနှင့် အောင်မြင်ကုန်းကျေးရွာများမှ ထိခိုက်လွယ်အုပ်စုဝင်များဖြစ်သည့် ကိုယ်ဝန်ဆောင်များ၊ အသက် ၇၀ နှင့်အထက် ဘိုးဘွားများ၊ အသက် ငါးနှစ်နှင့်အောက် ကလေးသူငယ်များနှင့် မသန်စွမ်းသူများကို စာရင်းကောက်ယူ၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနမှ တစ်ဦးလျှင် ငွေကျပ် ၃၀၀၀၀ နှုန်းဖြင့် ထပ်မံထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**




## နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့နယ် မကျန်းကျေးရွာရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် မေ ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့နယ် မကျန်းကျေးရွာရှိ ဒေသခံပြည်သူများအား ယနေ့တွင် အနောက်မြောက်တိုင်းစစ်ဌာနချုပ်၊ နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါကျေးရွာရှိ အခြေခံပညာမူလတန်းလွန်ကျောင်း၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။ **(အောက်ပုံ)**

တိုင်းစစ်ဌာနချုပ်၊ နယ်မြေခံဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူ ၁၁၅ ဦးကို သွေးတိုးရောဂါ၊ သွားနှင့် ခံတွင်းရောဂါ၊ နှလုံးရောဂါ၊ မျက်စိရောဂါ၊ အရိုးရောဂါ၊ အစာအိမ်နှင့် အူလမ်းကြောင်းဆိုင်ရာရောဂါ၊ အသည်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



## ရှမ်းပြည်နယ်(အရှေ့ပိုင်း) မှ နေပြည်တော် လူရည်ချွန်စုရပ်စခန်းသို့ သွားရောက်မည့် လူရည်ချွန်မောင်မယ်များအား ဂုဏ်ပြု

**နေပြည်တော် မေ ၂၃**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မှ နေပြည်တော် လူရည်ချွန်စုရပ်စခန်းသို့သွားရောက်မည့် လူရည်ချွန် မောင်မယ်များအတွက် ဂုဏ်ပြုပွဲကို ကျိုင်းတုံမြို့ အမှတ် (၂) အခြေခံပညာ အထက်တန်းကျောင်း၌ ယနေ့နံနက်ပိုင်းတွင် ပြုလုပ်ရာ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်နီလင်းအောင်နှင့် အဖွဲ့ဝင်များ ပြည်နယ်၊ ခရိုင်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူရည်ချွန် မောင်မယ်များနှင့် ဆရာ ဆရာမများ တက်ရောက်ကြသည်။ **(အပေါ်ပုံ)**

ဦးစွာ တိုင်းမှူးနှင့် တာဝန်ရှိသူများက အမှာစကား အသီးသီး ပြောကြားကြသည်။ ထို့နောက် တိုင်းမှူးနှင့် ခရိုင်အထွေထွေအုပ်ချုပ်ရေးအဖွဲ့တို့မှ တာဝန်ရှိသူများက နေပြည်တော် လူရည်ချွန်စုရပ်စခန်းသို့ သွားရောက်ကြမည့် လူရည်ချွန်မောင်မယ် ကျောင်းသား ကျောင်းသူ ၁၇ ဦးတို့အတွက် ဂုဏ်ပြုဆုငွေများ ပေးအပ်ရာ လူရည်ချွန်မောင်မယ်များကိုယ်စား ပြည်နယ်ပညာရေးမှူးနှင့် တာဝန်ရှိသူများက လက်ခံရယူကြသည်။

ထို့နောက် တိုင်းမှူးက တက်ရောက်လာကြသူများ၊ လူရည်ချွန်မောင်မယ်များနှင့်အတူ စုပေါင်းဓာတ်ပုံ ရိုက်ကူးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



## သီးနှံစိုက်ခင်းများ၏ ရေလိုအပ်ချက်နှင့် ရေပေးဝေမှုဟန်ချက်ညီစေရေး၊ ရေလေလွင့်ဆုံးရှုံးမှုမရှိစေရေးအတွက် ဌာနနှင့် တောင်သူများ ပူးပေါင်းဆောင်ရွက်

**နေပြည်တော် မေ ၂၃**

ရေသောက်စနစ်အတွင်း စိုက်ပျိုးရေ အညီအမျှ ရရှိသုံးစွဲနိုင်ရေး၊ သီးနှံစိုက်ခင်းများ၏ ရေလိုအပ်ချက်နှင့် ရေပေးဝေမှု ဟန်ချက်ညီစေရေး၊ ရေလေလွင့်ဆုံးရှုံးမှုမရှိစေရေးအတွက် ဌာနနှင့် တောင်သူများ ပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်း မေ ၂၁ က မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ် လယ်ကိုင်းကျေးရွာ ထရုံလက်တံမြောင်းဖျား ဧရိယာတွင် ဆိုလာစနစ် စက်ရေတွင်း ၂၀ တူးဖော်ခြင်း လုပ်ငန်းခွင်၌ ဌာနဆိုင်ရာများ ဒေသခံတောင်သူများနှင့်တွေ့ဆုံစဉ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ အောင်ကြီး က မှာကြားသည်။



လယ်ကိုင်းကျေးရွာ၊ ထရုံလက်တံမြောင်းဖျားရှိ စိုက်ပျိုးမြေဧရိယာ ဧက ၃၆၀ ခန့်ကို ရာသီမရွေး စိုက်ပျိုးရေသုံးစွဲနိုင်ရေးအတွက် မြေအောက်ရေတွင်း ၂၀ တူးဖော်ဆောင်ရွက်ခြင်းဖြစ်ပြီး အဆိုပါစက်ရေတွင်းများကို နေရောင်ခြည်စွမ်းအင်သုံး ဆိုလာစနစ်တပ်ဆင် အသုံးပြုသွားမည်ဖြစ်၍ ဒေသ၏ စိုက်ပျိုးထုတ်လုပ်မှုနှင့် တောင်သူများ၏ ဝင်ငွေ တိုးတက်လာစေမည်ဖြစ်ကြောင်း သိရသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် မင်းဘူးမြို့နယ် (စကု) အခြေခံပညာ အထက်တန်းကျောင်းတွင် စိုက်ပျိုးရေး၊ မွေးမြူရေး ဘာသာရပ်များ တွဲဖက်သင်ကြားနိုင်ရေးအတွက် ကျောင်းဆောင်သစ် တည်ဆောက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး ကျောင်းအုပ်ဆရာကြီးနှင့် တာဝန်ရှိသူများကိုတွေ့ဆုံ၍ လုပ်ငန်းဆိုင်ရာလိုအပ်ချက်များ ဆွေးနွေးမှာကြားသည်။

အလားတူ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေး ဦးစီးဌာန ရေနံချောင်းမြို့နယ် စံပြတမာစိုက်ခင်း ဧက ၁၀၀ တည်ထောင်ခြင်း စီမံကိန်းလုပ်ငန်းများကို ကြည့်ရှုအားပေးပြီး စီမံကိန်းဧရိယာအတွင်း စိုက်ပျိုးရေရရှိရေး ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးသည်။

ညနေပိုင်းတွင် ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီး သည် မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ကျောက်ပန်းတောင်းမြို့နယ်ရှိ ကြက်မောက်တောင်ရေလှောင်တမံ ရေဝင်ရောက်မှုနှင့် စိုက်ပျိုးရေပေးဝေနေမှုကို ကြည့်ရှုစစ်ဆေးပြီး ရေချိုသယံဇာတများ အလေအလွင့်မရှိ အသုံးပြုနိုင်ရန်နှင့် ပြောင်းလဲသက်ရောက်လျက်ရှိသော ရာသီဥတု အခြေအနေကြောင့် သိုလှောင်ရေများ ဆုံးရှုံးမှုမရှိ သုံးစွဲနိုင်ရန်အတွက် တောင်သူများကိုယ်တိုင် ပူးပေါင်းဆောင်ရွက်ရေး၊ ရေအသုံးချသူများအဖွဲ့ (WUG) များ တိုးချဲ့ဖွဲ့စည်းဆောင်ရွက်ရေး လိုအပ်ချက်များကို တာဝန်ရှိသူများအား ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။ **(ဝဲပုံ)** **သတင်းစဉ်**



## ကချင်ပြည်နယ် ဝန်ကြီးချုပ် ၂၀၂၂-၂၀၂၃ ပညာသင်နှစ် လူရည်ချွန်လေ့လာရေး စခန်းများသို့ သွားရောက်ကြမည့် လူရည်ချွန်များအား တွေ့ဆုံအားပေးထောက်ပံ့

**မြစ်ကြီးနား မေ ၂၈**

ကချင်ပြည်နယ်မှ ပုဂံ၊ တောင်ကြီး၊ ငွေဆောင် လူရည်ချွန်စခန်းများသို့ လေ့လာရေးခရီး သွားရောက်စခန်းသွင်း လေ့ကျင့်ကြမည့် ပြည်နယ်ကိုယ်စားပြု လူရည်ချွန်များအား ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်က မေ ၂၈ ရက် နံနက် ၉ နာရီက ပြည်နယ်အစိုးရအဖွဲ့ရုံး ဆမားဒူဝါဆင်ဝါးနော်ခန်းမ၌ တွေ့ဆုံ နှုတ်ဆက်အားပေးခဲ့သည်။ **(အပေါ်ပုံ)**

ထို့သို့ တွေ့ဆုံရာတွင် ပြည်နယ်ဝန်ကြီးချုပ်က ယနေ့ ပြည်နယ် ကိုယ်စားပြုလူရည်ချွန်မောင်မယ်များအနေဖြင့် မိမိတို့ သွားရောက်ကြရမည့် လူရည်ချွန်စခန်းများတွင် စည်းကမ်းလိုက်နာပြီး ဘက်စုံတော်သော ကျောင်းသား ကျောင်းသူများ ဖြစ်လာအောင် ကြိုးစားကြစေလိုကြောင်း၊ ထို့အပြင် မိမိတို့ရောက်ရှိသည့် လူရည်ချွန်စခန်းများတွင် မိမိတို့ကဲ့သို့ ဘက်စုံတော်သော မြန်မာပြည်အနှံ့အပြားမှ သူငယ်ချင်းမိတ်ဆွေများ၏ ဓလေ့ရိုးရာ၊ ဒေသအကြောင်းများနှင့် အသိပညာ၊ ဗဟုသုတများကို ဖလှယ်ပြီး အချင်းချင်း ချစ်ကြည်စည်းလုံးစွာ နေထိုင်ကြရန် လိုအပ်ကြောင်း၊ ထို့အပြင် လူရည်ချွန်မောင်မယ်များအနေဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်တည်ဆောက်ရာတွင် ထူးချွန်ထက်မြက်သော လူ့စွမ်းအားအရင်းအမြစ်များဖြစ်သည့် အသိပညာရှင်၊ အတတ်ပညာရှင်များ ဖြစ်လာအောင် ကြိုးပမ်း ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ကချင်ပြည်နယ်ကိုယ်စားပြု လူရည်ချွန်စခန်းများသို့ သွားရောက်ကြမည့် မြစ်ကြီးနားခရိုင်နှင့် မိုးညှင်းခရိုင်တို့မှ လူရည်ချွန်မောင်မယ် ၁၂ ဦးနှင့် ကြီးကြပ်ဆရာ ဆရာမများက တစ်ဦးချင်း မိတ်ဆက်ခဲ့ကြရာ ပြည်နယ်ဝန်ကြီးချုပ်က လူရည်ချွန်မောင်မယ်များအတွက် ထောက်ပံ့ငွေကျပ် ၂၇ သိန်းကို ထောက်ပံ့ပေးအပ်ခဲ့ပြီး နံနက်စာကို အတူတကွ သုံးဆောင်ခဲ့သည်။

အဆိုပါ မြန်မာနိုင်ငံအတွင်းရှိ လူရည်ချွန်စခန်းများသို့ လေ့လာရေးခရီးစဉ် သွားရောက်ကြမည့် ပြည်နယ်ကိုယ်စားပြု လူရည်ချွန်မောင်မယ်များကို မြစ်ကြီးနား၊ မိုးညှင်း၊ ဗန်းမော်၊ ပူတာအိုခရိုင်စသည့် ခရိုင်လေးခုမှ တစ်ခရိုင်လျှင် ခြောက်ဦးဖြင့် စုစုပေါင်း ၂၉ ဦး ရွေးချယ်စေလွှတ်သွားခြင်းဖြစ်ကြောင်းနှင့် ဗန်းမော်ခရိုင်နှင့် ပူတာအိုခရိုင်တို့မှ လူရည်ချွန်များနှင့် ကြီးကြပ်ဆရာ ဆရာမများသည် သက်ဆိုင်ရာ ခရိုင်များမှ တစ်ဆင့် လေကြောင်းခရီးစဉ်ဖြင့် သွားရောက်စေလျက်ရှိပြီး နေပြည်တော် စုရပ်တွင်စုဝေး၍ ကြီးကြပ် ဆရာဆရာမများနှင့်အတူ သက်ဆိုင်ရာလူရည်ချွန်စခန်းများသို့ ဆက်လက်ထွက်ခွာမည်ဖြစ်ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

## ပဲခူးတိုင်း(အနောက်ခြမ်း) စိုက်ပျိုးရေးကဏ္ဍနှင့် မွေးမြူရေးကဏ္ဍ ဘက်စုံအဆင့်မြှင့်တင်ပေးနိုင်ရေး တိုင်းဒေသကြီး ဝန်ကြီးချုပ် ကွင်းဆင်းကြည့်ရှု

**သာယာဝတီ မေ ၂၈**

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့် အဖွဲ့ဝင်များသည် မေ ၂၂ ရက် နံနက်ပိုင်းက ပဲခူးတိုင်း (အနောက်ခြမ်း) စိုက်ပျိုးရေးကဏ္ဍနှင့် မွေးမြူရေးကဏ္ဍ ဘက်စုံ အဆင့်မြှင့်တင်ပေးနိုင်ရေး ကွင်းဆင်း ကြည့်ရှုစစ်ဆေးခဲ့သည်။

ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့်အဖွဲ့သည် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် တစ်နှစ်သုံးသီး စိုက်ပျိုးနေသည့် သာယာဝတီ မြို့နယ် သင်တောရိုးကျေးရွာအုပ်စုရှိ တောင်သူဦးကျော်စိုး၏ တစ်ဧကစပါး ၁၁၂ တင်းထွက်ရှိသည့် ရက် ၉၀ မျိုး နွေစပါးရိတ်သိမ်းနေမှုနှင့် မင်းလှမြို့နယ်၊ ညောင်နီကုန်းကျေးရွာအုပ်စုရှိ တောင်သူ ဦးထွန်းဇော်မင်း ရက် ၉၀ နွေစပါး Drum Seeder ဖြင့် စိုက်ပျိုးအောင်မြင် ဖြစ်ထွန်းနေမှုတို့အား ကြည့်ရှုအားပေးခဲ့ပြီး စိုက်ပျိုးရေမျာ လေလွင့်မှုမရှိစေရေး စနစ်တကျသုံးစွဲရန်၊ စိုက်ပျိုးသီးနှံအလိုက် ပန်းတိုင်အထွက်နှုန်းရရှိရေး ဆောင်ရွက်ရန် တာဝန်ရှိသူများကို မှာကြားခဲ့သည်။ **(အောက်ပုံ)**

ထို့နောက် မင်းလှမြို့နယ် သရောဂျီကျေးရွာရှိ ဦးအောင်စိုး၏ အသားတိုး ဝက်မွေးမြူရေးခြံ ခြံလှောင်စနစ်ဖြင့် စနစ်တကျ မွေးမြူ ထားရှိမှုအား ကြည့်ရှုအားပေးခဲ့ပြီး တိရစ္ဆာန်ရောဂါ ကူးစက်မှုမရှိစေရေး၊ အစားထိုးဖြည့်စွက်စာ ထုတ်လုပ်နိုင်ရေးနှင့် နေဗီယာမြက် စိုက်ပျိုးနိုင်ရေး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။ ယင်းနောက် ကြို့ပင်ကောက်မြို့ ပန်းတင် (၂) ရပ်ကွက်ရှိ ဒေါ်မြလေးပဲလှော်ဖိုသို့ သွားရောက်ကြည့်ရှုခဲ့ပြီး ထုပ်ပိုးမှုစနစ် အဆင့်မြှင့်တင်နိုင်ရေး၊ FDA ထောက်ခံချက်ရရှိရေး၊ ပြည်ပဈေးကွက်သို့ တင်ပို့နိုင်ရေး တာဝန်ရှိသူများနှင့် ပေါင်းစပ်ဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် နတ်တလင်းမြို့နယ် ကြခတ်ဝါးရုံကျေးရွာ၌ တိုင်းဒေသကြီးအစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေဖြင့် တောင်ညိုဆည်ရေသောက် BDY-3 သဲနုန်းဆယ်ခြင်းနှင့် ရေလှောင်ထိန်းတာပေါင်ပြုလုပ်၍ တစ်နှစ် သုံးသီး စိုက်ပျိုးထားရှိမှုအား ကြည့်ရှုစစ်ဆေးခဲ့သည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပန်းတောင်းမြို့နယ် ငါးမျက်နှာ (ရွာလေး) ကျေးရွာ၌ တိုင်းဒေသကြီးအစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေဖြင့် ရှေးဟောင်းသောက်သုံးရေကန် ပြန်လည်တူးဖော်အဆင့်မြှင့်တင်နေမှုအား ကြည့်ရှုစစ်ဆေးသည်။ ယင်းနောက် ပန်းတောင်းမြို့နယ် ပြည်-တောင်ကုတ်လမ်းပေါ်ရှိ ကြို့ကုန်းကွန်ကရစ်တံတားတည်ဆောက်ပြီးစီးမှုအား ကြည့်ရှုစစ်ဆေးခဲ့ပြီး တံတားချဉ်းကပ်လမ်းကို စနစ်တကျဆောင်ရွက်ရန်၊ တံတားအောက်ခြေ ရေတိုက်စားမှုမရှိစေရေးနှင့် ရေထွက်လမ်း ကောင်းမွန်မှုရှိစေရေးဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**



## သင်္ကြန်ကာလတွင် ဝယ်လိုအားနှင့် ထုတ်လုပ်မှုမမျှသည်အထိ ဝါးနှင့်ကြိမ်ပစ္စည်း အရောင်းအဝယ်ကောင်းခဲ့

**ရန်ကုန် မေ ၂၈**

မြန်မာ့နှစ်ကူး သင်္ကြန်ကာလတွင် ပြည်တွင်းလက်မှုပစ္စည်းဖြစ်သော ဝါးနှင့် ကြိမ် ကုန်ချောပစ္စည်းများ ဖြစ်သည့် ဧရာဝတီတိုင်းဒေသကြီးမှ နီးဦးထုပ်၊ နီးခမောက်၊ ဝါးပစ္စည်းနှင့် ကြိမ်ကုန်ချောပစ္စည်း မှာယူရာတွင် ဝယ်လိုအားနှင့် ထုတ်လုပ်မှု မမျှသည်အထိ အရောင်းအဝယ်ကောင်းခဲ့ရာ ဧပြီလကုန်ပိုင်းအထိ လက်ကားဒိုင်များက မှာယူမှု များလျက်ရှိကြောင်း ဧရာဝတီတိုင်းဒေသကြီး ငါးသိုင်းချောင်းမြို့ လက်မှုပစ္စည်း ထုတ်လုပ်သည့် လုပ်ငန်းရှင်များထံမှ သိရသည်။



ဧရာဝတီ တိုင်းဒေသကြီးမှ ထွက်ရှိသော ဝါးပစ္စည်း၊ ကြိမ်ပစ္စည်းနှင့် ဖေဒါတို့မှ ထုတ်လုပ်သည့် လက်မှုပစ္စည်းများကို မြန်မာပြည်တစ်ဝန်းမှ မှာယူရာတွင် ကုန်ကြမ်းပစ္စည်း ဈေးနှုန်းမြင့်တက်ခြင်း၊ လုပ်သားရှားပါးခြင်းနှင့် လုပ်အားခမြင့်တက်လာခြင်းတို့ ကြုံတွေ့ရသော်လည်း ခရီးသွား ရာသီတစ်လျှောက်နှင့် သင်္ကြန်ကာလအတွင်း ခရီးသွားများခဲ့၍ ဝယ်လိုအား မြင့်တက်ခဲ့ပြီး အရောင်းအဝယ်ကောင်းခဲ့ကာ ပုဂံ၊ အင်းလေးနှင့် သံတွဲတို့သို့ အများဆုံး တင်ပို့ခဲ့ရကြောင်း သိရသည်။

အထူးသဖြင့် ဧပြီလတွင် အပူရှိန်တိုးလာမှုကြောင့် အပူဒဏ်ကာကွယ်သည့်အနေဖြင့် အမျိုးသားဆောင်း၊ အမျိုးသမီးဆောင်း နီးဦးထုပ်မျိုးစုံ အဝယ်လိုက်ခဲ့ပြီး ဧပြီလ သင်္ကြန်ကာလပြီးဆုံးသည့်တိုင် မြန်မာပြည် ခရီးသွားဒေသတို့မှ ယနေ့အချိန်အထိ မူရင်းလက်ကားဒိုင်သို့ အပြိုင်အဆိုင်မှာယူကြဆဲဖြစ်ရာ ယမန်နှစ်ကထက် ဧရာဝတီတိုင်းဒေသကြီးရှိ လက်မှုပစ္စည်း ထုတ်လုပ်သည့် လုပ်ငန်းများနှင့် ခရီးသွားဒေသတို့မှ အရောင်းဆိုင်များ စီးပွားရေးအခွင့်အလမ်းများစွာ ပွင့်လန်းခဲ့သည်။

"ဒီနှစ်မှာ နီးနဲ့ဝါး ပစ္စည်းမှာယူမှုများခဲ့တယ်။ ဒီနေ့အထိလည်း မှာနေဆဲပဲ။ သူတို့မှာသလောက် မထုတ်နိုင်ဘူး ဖြစ်နေတယ်။ ဒီပညာကိုတတ်ကျွမ်းတဲ့ လုပ်သားရှားပါးလာတာကြောင့်ပါ။ အရင်က နေ့စားလုပ်အားခ တစ်ရက်ကျပ် ၄၀၀၀ ပေးရရင် အခု ကျပ် ၇၀၀၀ ပေးရတယ်။ အမှာစာများတဲ့အတွက်လည်း ပေးနိုင်ပါတယ်။ အဓိက လုပ်သားရှားလာတာကြောင့် မှာသလောက်ကုန်ချောပစ္စည်းမထုတ်ပေးနိုင်ဘူး ဖြစ်နေတာပါ။"

"ကုန်ကြမ်းပစ္စည်းက မရှားဘူး၊ ဝယ်လိုအားနဲ့ ထုတ်လုပ်မှု မမျှတာပါ။ သင်္ကြန်ကာလမတိုင်မီ၊ သင်္ကြန်ကာလနဲ့ သင်္ကြန်ပြီးသွားပေမယ့် နီးဦးထုပ်၊ ဝါးနဲ့ ပတ်သက်တဲ့ပစ္စည်းက အဝယ်လိုက်နေဆဲပါပဲ။ အရောင်းအဝယ်ကောင်းတဲ့နှစ်လို့ ပြောရမှာပါ။ အပူဒဏ် ကာကွယ်တဲ့အနေနဲ့ နီးဦးထုပ်အသုံးပြုမှု များလာတာလည်းပါပါတယ်။"

"ဧရာဝတီတိုင်းမှာ ဝါးပစ္စည်းထုတ်လုပ်တဲ့ လုပ်ငန်းရှင်နည်းတယ်။ တစ်နိုင်ငံလုံးကို ဒီတိုင်းတစ်ခုတည်းက တင်ပို့နေတာပါ။ သင်္ကြန်ကာလမှာ ငပလီ၊ သံတွဲ၊ အင်းလေး၊ပြင်ဦးလွင်၊ တောင်ကြီး၊ ပင်းတယ၊ မော်လမြိုင်က မှာယူမှု များတယ်။ ကျန်တဲ့ဒေသတွေလည်း မှာကြပါတယ်။"

"မြန်မာ လက်မှုပစ္စည်း အရည်အသွေးဟာ အိမ်နီးချင်းနိုင်ငံတွေနဲ့ ရင်ပေါင်တန်းနိုင်တာကြောင့် အာဆီယံနိုင်ငံတွေကို အရည်အသွေး ကောင်းပြီး သင့်တင့်တဲ့ ဈေးနှုန်းနဲ့တင်ပို့နိုင်တဲ့ ဈေးကွက်တစ်ခု ရှိမယ်ဆိုရင် မြန်မာ့ရိုးရာ လက်မှုပညာ ပိုတိုးတက်ပြီး ဈေးကွက်ခိုင်မာမှုရှိမယ်ဆိုရင် အလုပ်အကိုင် အခွင့်အလမ်းတွေလည်း ပိုရလာမှာပါ" ဟု ငါးသိုင်းချောင်းမြို့မှ ဝါး/ကြိမ် လက်မှုပစ္စည်း လုပ်ငန်းရှင် ဦးအောင်လွင်က ပြောသည်။

ဧရာဝတီ တိုင်းဒေသကြီး ငါးသိုင်းချောင်း နီးဦးထုပ်နှင့် ခေတ်ပေါ်ဝါးပစ္စည်းသည် နာမည်ကြီးပြီး တစ်နှစ်လျှင် ငါးသိုင်းချောင်း နီးဦးထုပ် သိန်းချီ၍ ထုတ်လုပ်လျက်ရှိသည်။ ဝါးနှင့်ပတ်သက်သော ပစ္စည်းအမယ် ၂၀ ကျော်၊ ကြိမ်ပစ္စည်းအမယ် ၃၀ ခန့်နှင့် ဖေဒါပင်မှ လူသုံးကုန် လက်မှုပစ္စည်းများကို ထုတ်လုပ်လျက်ရှိရာ နိုင်ငံခြားသားများ အထူးနှစ်ခြိုက်လျက်ရှိသည်။

ပြည်တွင်း ဈေးကွက်တွင် ဝါးမှထုတ်လုပ်သော ဝါးဦးထုပ် အမျိုးမျိုး၊ ဝါးဆွဲခြင်း၊ ဝါးတစ်ရှူးဘောက်၊ ဝါးဘောပင်အိမ်၊ ဝါးပန်းဆိုင်၊ ဝါးခွက်၊ ဝါးဇွန်း၊ ဝါးဆေးတံ အပါအဝင် လူသုံးကုန်ပစ္စည်းများနှင့် ကြိမ်ပစ္စည်းဖြစ်သော ကြိမ်ပန်း၊ တစ်ရှူးဘောက်၊ ကြိမ်ဆွဲခြင်း၊ ကြိမ်ထိုင်ခုံနှင့်လူသုံးကုန်ပစ္စည်းများကို ထုတ်လုပ်လျက်ရှိပြီး ဝါးပစ္စည်း ထုတ်လုပ်ရန် တင်းဝါးကို အသုံးပြု၍ ကြိမ်ပစ္စည်းထုတ်လုပ်ရန် ရခိုင်ဒေသများမှ ကြိမ်ကို အသင့်ရရှိလျက်ရှိသည်။ ဝါးနှင့် ကြိမ် ကုန်ချောပစ္စည်းများကို ရန်ကုန်၊ မန္တလေး၊ ပုဂံ၊ အင်းလေး၊ ပင်းတယ၊ မော်လမြိုင်၊ ရခိုင်ဒေသနှင့် ကျန်သော ခရီးသွားဒေသများသို့ တင်ပို့လျက်ရှိကြောင်း သိရသည်။

**ညိမ်းသူ (သတင်းစဉ်)**

**ဓာတ်ပုံ-ကနူး**

# သဲဖြူနှင့် မဟာမြိုင်တောရ ဆရာတော်ကြီး မြတ်မော်တင်စေတီတော်မြတ်ကြီးသို့ ကြွရောက်၍ တရားတော်ချီးမြှင့်

**ပုသိမ် မေ ၂၃**

ပုသိမ်မြို့ သာသနဗိမာန်တော်ကြီး၌ ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် သဲဖြူနှင့် မဟာမြိုင်တောရ ဓမ္မရိပ်သာတို့၏ ပဓာနနာယကဆရာတော်ကြီး သာသနဓဇဓမ္မာစရိယ၊ ကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တပညာဇောတ မဟာထေရ်မြတ်ထံမှ ပရိတ်တရားတော်နာယူပွဲကို မေ ၂၂ ရက် နံနက်ပိုင်းက ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့်ဇနီးနှင့် တာဝန်ရှိသူများ တက်ရောက်နာယူကြည်ညိုခဲ့ကြသည်။

ဆက်လက်၍ မဟာမကုဋ္ဌရံသီ ဆံတော်ရှင်မြတ်မော်တင်စေတီတော်မြတ်ကြီး ရင်ပြင်တော်၌ တရားပွဲအား ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဧည့်ပရိသတ်များက သဲဖြူနှင့် မဟာမြိုင်တောရဓမ္မရိပ်သာတို့၏ ဦးစီးပဓာနနာယက၊ သာသနဓဇဓမ္မာစရိယ၊ ကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တပညာဇောတ မဟာထေရ်မြတ်ထံမှ ရှစ်ပါးသီလခံယူဆောက်တည်၍ တရားဒေသနာတော်များ နာယူကြည်ညိုကြသည်။ ထို့နောက် သံဃာတော်အရှင်သူမြတ်တို့အား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။**(အပေါ်ယာပုံ)**



ထို့နောက် မြတ်မော်တင် စေတီတော်မြတ်ကြီး ရင်ပြင်တော် တိုးချဲ့ခြင်းလုပ်ငန်းအတွက် သတ္တမအကြိမ်အလှူတော်ငွေ ပေးအပ်လှူဒါန်းပွဲကျင်းပရာ သဲဖြူနှင့် မဟာမြိုင်တောရ ဆရာတော်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်ဇနီး အမှူးပြုသော စေတနာရှင် အလှူရှင်များ၊ ဌာနဆိုင်ရာများက အလှူငွေများအား ပေးအပ်လှူဒါန်းရာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီး ဝန်ကြီးများက လက်ခံခဲ့ပြီး အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ထို့နောက် သဲဖြူ နှင့် မဟာမြိုင်တောရဓမ္မရိပ်သာတို့၏ ဦးစီးပဓာနနာယက၊ သာသနဓဇဓမ္မာစရိယ၊ ကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တပညာဇောတ မဟာထေရ်မြတ်ထံမှ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေခဲ့ပြီး အခမ်းအနားအား "ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု" (၃)ကြိမ်ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းခဲ့ကြောင်း သိရသည်။ မြတ်မော်တင်စေတီတော်မြတ်ကြီး ရင်ပြင်တော် တိုးချဲ့ခြင်းလုပ်ငန်းအတွက် သတ္တမအကြိမ် အလှူတော်ငွေ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားတွင် သဲဖြူနှင့်မဟာမြိုင်တောရဆရာတော်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်ဇနီး အမှူးပြုသော စေတနာရှင်၊ အလှူရှင်များ၊ ဌာနဆိုင်ရာများမှ အလှူတော်ငွေ စုစုပေါင်း ငွေကျပ် ၃၀၅၇၁၁၄၀၀ အား လှူဒါန်းပူဇော်ခဲ့ကြကြောင်း သိရသည်။

ဆရာတော် သံဃာတော် အရှင်သူမြတ်များအား လှူဖွယ်ပစ္စည်းများ လောင်းလှူပူဇော်ပွဲကို တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်ဇနီး၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ တာဝန်ရှိသူများနှင့် ဘုရားဖူးပြည်သူများက သံဃာ ၁၃၇ ပါး၊ သာမဏေ ၁၄ ပါး၊ သီလရှင် ၁၅ ပါး စုစုပေါင်း ၁၆၆ပါးအား ဆွမ်း၊ လှူဖွယ်ပစ္စည်းများနှင့် ဝတ္ထုငွေများ လောင်းလှူပူဇော်ခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် လေဘေးသင့်ပြည်သူများအား ထောက်ပံ့ငွေများပေးအပ်

**မကွေး မေ ၂၃**

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ်အတွင်း မေ ၂၁ ရက် ညနေပိုင်းက လေပြင်းတိုက်ခတ်မိုးရွာသွန်းမှုကြောင့် ရပ်ကွက် ၁၀ ရပ်ကွက် ကျေးရွာအုပ်စု ၄၆အုပ်စု၊ ကျေးရွာ ၁၀၃ ရွာရှိ ပြိုကျလူနေအိမ် ၅၅လုံး၊ အမိုးလန်လူနေအိမ် ၆၄၄ လုံး၊ စာသင်ကျောင်းဆောင်ပြိုကျ နှစ်ဆောင်၊ စာသင်ကျောင်းဆောင် အမိုးလန် ခုနစ်ဆောင်၊ ဘုန်းကြီးကျောင်း အမိုးလန် ကိုးကျောင်း၊ လျှပ်စစ်မီးတိုင် ကျိုးကျ ကိုးတိုင်၊ ထီးတော်မြေခစေတီ တစ်ဆူနှင့် ဌာနဆိုင်ရာ သုံးဌာနတို့ ပျက်စီးဆုံးရှုံးခဲ့ပြီး လူနှင့်တိရစ္ဆာန်များ သေဆုံး/ထိခိုက်ဒဏ်ရာရရှိမှု မရှိကြောင်းနှင့် အဆိုပါ ဖြစ်စဉ်ဖြစ်ပွားခဲ့သည့် ကျေးရွာများသို့ နယ်မြေခံ တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများက အရေးပေါ်ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ထိုသို့ဖြစ်ပွားရာ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်သည် တိုင်းဒေသကြီး ဝန်ကြီးများနှင့်အတူ မေ ၂၃ ရက်နံနက်ပိုင်းက စလင်းမြို့နယ်အတွင်း ပြိုကျပျက်စီးခဲ့သည့် ဌာနဆိုင်ရာများရှိ အဆောက်အအုံ အချို့နှင့် ရပ်ကွက် ကျေးရွာများရှိ အဆောက်အအုံများ ဆုံးရှုံးပျက်စီးခဲ့မှုများကို ကွင်းဆင်းကြည့်ရှု၍ လေဘေးသင့်ပြည်သူများအား တွေ့ဆုံအားပေးကာ ထောက်ပံ့ငွေနှင့်ထောက်ပံ့ပစ္စည်းများ ပေးအပ်သည်။**(ယာပုံ)**



ဆက်လက်ပြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဆင်ဖြူကျွန်းမြို့ ဆုံကုန်းကျေးရွာအုပ်စု ဆုံကုန်းကျေးရွာနေ လေဘေးဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သည့် ဦးမျိုးတင့်နေအိမ်နှင့် အမိုးလန် ပျက်စီးခဲ့သည့် ဦးရဲရွှေ နေအိမ်၊ ဆုံကုန်းကျေးရွာအုပ်စု ရေနံစုကျေးရွာနေ အမိုးလန်ပျက်စီးခဲ့သည့် ဦးအောင်ထွန်း နေအိမ်နှင့် ဒေါ်သန်းနုဝါတို့၏ နေအိမ်များသို့ သွားရောက်၍ အားပေးစကားများ ပြောကြားကာ ထောက်ပံ့ငွေနှင့် ကယ်ဆယ်ရေးပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။**မောင်ညီညာ**

# ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ၂၀၂၂-၂၀၂၃ ပညာသင်နှစ် ရခိုင်ပြည်နယ် လူရည်ချွန်မောင်မယ်များကို တွေ့ဆုံ

**စစ်တွေ မေ ၂၃**

၂၀၂၂-၂၀၂၃ ပညာသင်နှစ် လူရည်ချွန်စခန်းအသီးသီးသို့ သွားရောက်မည့် ရခိုင်ပြည်နယ် လူရည်ချွန်မောင်မယ်များအား ရခိုင်ပြည်နယ်ဝန်ကြီးချုပ်က တွေ့ဆုံအမှာစကားပြောကြားခြင်း၊ ကြီးကြပ်ဆရာ ဆရာမများနှင့် လူရည်ချွန်မောင်မယ်များအား ဂုဏ်ပြုချီးမြှင့်ငွေ ပေးအပ်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီက ရခိုင်ပြည်နယ် အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းက ရခိုင်ပြည်နယ်၏ ဂုဏ်ဆောင်အနာဂတ်ကိုပိုင်စိုးမည့် နိုင်ငံ့ရတနာလူရည်ချွန်မောင်မယ်များနှင့် ကြီးကြပ်ဆရာ ဆရာမများအနေဖြင့် အပန်းဖြေခရီးစဉ်တစ်လျှောက် ကျန်းမာပျော်ရွှင်စွာ ဗဟုသုတရှာမှီးနိုင်ကြပြီး နိုင်ငံတစ်ဝန်းလုံးမှ လူရည်ချွန်မောင်မယ်များနှင့် ချစ်ခင်ရင်းနှီးကျွမ်းဝင်လျက် အသိပညာဗဟုသုတ ရိုးရာဓလေ့ ထုံးတမ်းများ နီးနှောဖလှယ်ဆွေးနွေးနိုင်ကြမည်ဖြစ်ကြောင်း ပြောကြားသည်။**(အောက်ဝဲပုံ)** ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ဆရာ ဆရာမများနှင့် လူရည်ချွန်မောင်မယ်များအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။




ဆက်လက်ပြီး လူရည်ချွန်မောင်မယ်များကိုယ်စား ကျောင်းသူတစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားပြီး ရခိုင်ပြည်နယ် (၁၉၆၄-၁၉၈၈) လူရည်ချွန်အဖွဲ့ခွဲမှ ၂၀၂၂-၂၀၂၃ ခုနှစ် လူရည်ချွန် မောင်မယ်များအား ဂုဏ်ပြုလက်ဆောင်များ ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

**ဝင်းမင်းစိုး(ပြန်/ဆက်)**

# လက်ပံပျားနှင့် စကုမြို့တို့၌ စက်မှုစိုက်ပျိုးမွေးမြူရေး အထက်တန်းကျောင်းများ ဖွင့်လှစ်မည်

**မကွေး မေ ၂၃**

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ လမ်းညွှန်ချက်အရ နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဌေးသွင်သည် ယမန်နေ့က စက်မှုစိုက်ပျိုးမွေးမြူရေး အထက်တန်းကျောင်း ဖွင့်လှစ်မည့် အခြေခံပညာအထက်တန်းကျောင်း(လက်ပံပျား)နှင့် အခြေခံပညာအထက်တန်းကျောင်း (စကုမြို့)ရှိ တာဝန်ရှိသူများနှင့် တွေ့ဆုံသည်။

ရှေးဦးစွာ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဌေးသွင်သည် စက်မှုစိုက်ပျိုးမွေးမြူရေး အထက်တန်းကျောင်း ဖွင့်လှစ်မည့် ကျောက်ပန်းတောင်းမြို့နယ် လက်ပံပျားကျေးရွာ အခြေခံပညာအထက်တန်းကျောင်းနှင့် မင်းဘူး(စကု)မြို့နယ် အခြေခံပညာအထက်တန်းကျောင်းများသို့ ရောက်ရှိပြီး တာဝန်ရှိသူများအား တွေ့ဆုံ၍ စက်မှုစိုက်ပျိုးမွေးမြူရေး အထက်တန်းကျောင်းသစ်များ ဖွင့်လှစ်မှုတွင် မိမိတို့ဌာနစက်မှုပိုင်းဆိုင်ရာ သင်ကြားပေးသွားမည့် စက်မှုနည်းပညာဘာသာရပ်နှင့် သင်ကြားမည့်အစီအစဉ်များ၊ တက်ရောက်မည့် ကျောင်းသားကျောင်းသူများကို ထောက်ပံ့ပေးမည့် အစီအစဉ်များ၊ G.T.H.S အောင်မြင်သူများအတွက် ပညာသင်ယူမှု အခွင့်အလမ်းများကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။ **ကိုစည်သူ(မကွေး)**

# ၂၀၂၃ -၂၀၂၄ ဘဏ္ဍာရေးနှစ် ဒေသန္တရ စီမံကိန်း တာဝန်ပေးအပ်ပွဲ ကျင်းပ

**ဘားအံ မေ ၂၃**

ကရင်ပြည်နယ် ဘားအံမြို့နယ်၏ ၂၀၂၃ - ၂၀၂၄ ဘဏ္ဍာရေးနှစ် ဒေသန္တရစီမံကိန်း တာဝန်ပေးအပ်ပွဲ အခမ်းအနားကို မေ ၂၁ ရက် မွန်းလွဲ ၃ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်စိုးထင်နှင့် မြို့နယ်စီမံကိန်းဦးစီးမှူး ဒေါ်ခင်သီတာတို့က အမှာစကားပြောကြားပြီး မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး များအား ကဏ္ဍအလိုက် စီမံကိန်းများနှင့် ဒေသအလိုက် ဖွံ့ဖြိုးရေး စီမံကိန်းများကို လွှဲပြောင်းပေးအပ်သည်။ အဆိုပါ အခမ်းအနားသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ရပ်/ကျေးအုပ်ချုပ်ရေးမှူးများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရအရေးယူခံရနိုင်သည်

အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်လိုစိတ်တိုးပွားလာစေရန် စသည့် ရည်ရွယ်ချက်များဖြင့် NUG,CRPH လက်အောက်ခံအကြမ်းဖက်အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီးအသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

## အမုန်းစကားကို ဆန့်ကျင်ကြ၊ တားဆီးကြရမည်

လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ကျား/မ(သို့မဟုတ်) မည်သူမည်ဝါဖြစ်သည် ဆိုသည့် အကြောင်းအရာတို့အပေါ် အခြေပြု၍ လူပုဂ္ဂိုလ်တစ်ဦး(သို့မဟုတ်) လူအုပ်စုတစ်စုကို မျှတမှုမရှိစွာ ဝေဖန်သည့် (သို့မဟုတ်) မလိုမုန်းထားမှုကို ဖော်ပြသည့်ဆက်ဆံမှုတစ်မျိုးမျိုးကို ရည်ညွှန်းပြီး အကြမ်းဖက်ရန် လှုံ့ဆော်ခြင်းသည် အမုန်းစကားပင်ဖြစ်သည်။

အမုန်းစကားပြန့်ပွားခြင်းသည် လူ့အဖွဲ့အစည်းအတွင်း ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုကို ဖြစ်ပေါ်စေပြီး ဂုဏ်သိက္ခာရှိစွာနေထိုင်ရန်နှင့် ငြိမ်းချမ်းပြီး ညီညွတ်သည့် လူ့အဖွဲ့အစည်းတည်ဆောက်ရန် မျှော်မှန်းချက်တို့ကို ထိခိုက်စေသည့်အပြင် အကျင့်စာရိတ္တကိုလည်း ထိပါးစေသည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် အမုန်းစကားများကို ရှုတ်ချရန်နှင့်တားဆီးရန် စီမံဆောင်ရွက်ရမည်။ အမုန်းစကားဆန့်ကျင်သည့် လှုပ်ရှားမှုများတွင် အားလုံးပါဝင်ရန်နှင့် ပံ့ပိုးအားပေးရမည်။

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

*❍ကျောဖုံးမှ*

ခြေစစ်ပွဲကို အုပ်စု ရှစ်ခုခွဲ၍ ကျင်းပမည်ဖြစ်ပြီး အုပ်စု (F) တွင် မြန်မာ၊ အိန္ဒိယနှင့် ကာဂျစ္စတန်အသင်းတို့ ပါဝင်နေသည်။ ယင်းအုပ်စုကို ကာဂျစ္စတန်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဖြစ်ပြီး မေ ၂၄၊ ၂၆၊ ၂၈ ရက်တို့တွင် အုပ်စုပွဲများ ကျင်းပမည်ဖြစ်သည်။ ခြေစစ်ပွဲကျင်းပသည့် ပုံစံအရ အုပ်စုတစ်ခုစီမှ ထိပ်ဆုံးတစ်သင်းစီသာ ဒုတိယအဆင့်ခြေစစ်ပွဲ တက်ရောက်ခွင့်ရမည်ဖြစ်သည်။ အုပ်စုထိပ်ဆုံး တစ်သင်းစီသာ နောက်တစ်ဆင့်တက်ရောက်မည်ဖြစ်သောကြောင့် မြန်မာအသင်းအနေဖြင့် နှစ်ပွဲစလုံး အမှားမခံဘဲ ရလဒ်ကောင်းရယူနိုင်ရန် ကြိုးပမ်းရမည်ဖြစ်သည်။ မြန်မာ ယူ-၁၇ အမျိုးသမီးအသင်းသည် ယခုနှစ်တွင် နည်းပြအပြောင်းအလဲပြုလုပ်ထားပြီး နည်းပြသစ် ဦးသန်းဝေအတွက် ပထမဆုံးနိုင်ငံတကာပြိုင်ပွဲလည်း ဖြစ်သည်။

မြန်မာ-ကာဂျစ္စတန်ပွဲအတွက် ပွဲကြိုသတင်းစာရှင်းလင်းပွဲကို မေ ၂၃ ရက်က ကာဂျစ္စတန်နိုင်ငံ၌ ကျင်းပခဲ့သည်။ မြန်မာ ယူ-၁၇ လူငယ်အမျိုးသမီးအသင်း နည်းပြချုပ် ဦးသန်းဝေက “၂၀၂၄ အာရှအမျိုးသမီး ယူ-၁၇ ပြိုင်ပွဲ၊ ပထမအဆင့် ခြေစစ်ပွဲစဉ်အတွက် ပြင်ဆင်ချိန် နှစ်လလောက်သာရပေမယ့် အကောင်းဆုံး ကစားနိုင်မယ်လို့ မျှော်လင့်ထားပါတယ်။ ဒီပြိုင်ပွဲမတိုင်မီ အသင်းက ကစားသမားအများစုကလည်း ဂျပန်နိုင်ငံကို သွားရောက်ပြီး ခြေစမ်းကစားထားတဲ့ အတွေ့အကြုံရှိထားပါတယ်။ ကျွန်တော်တို့နဲ့တွေ့ရမယ့် နှစ်သင်းစလုံးဟာအသင်းကောင်းတွေ ဖြစ်ကြပါတယ်။ ကာဂျစ္စတန်ဟာ အိမ်ရှင်ဖြစ်တာကြောင့် အထူးပြင်ဆင်ထားမှာဖြစ်သလို အိန္ဒိယကလည်း တိုးတက်လာတဲ့အသင်းဖြစ်ပါတယ်။ ခြေစစ်ပွဲအောင်ဖို့ တစ်ပွဲချင်း အာရုံစိုက်ပြင်ဆင်သွားမှာ ဖြစ်ပါတယ်။ အကောင်းဆုံးရလဒ်ယူနိုင်ဖို့ ကြိုးစားသွားမှာပါ” ဟု ပြောကြားခဲ့သည်။

**ရဲရင့်လွင်၊ ဓာတ်ပုံ-MFF**

## သဃ်န်းကျွန်းမြို့နယ်၌ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဒုတိယညွှန်ကြားရေးမှူးချုပ် တစ်ဦး PDF အမည်ခံအကြမ်းဖက်သမားများက လုပ်ကြံပစ်ခတ်သတ်ဖြတ်

**နေပြည်တော် မေ ၂၃**

အကြမ်းဖက်အဖွဲ့များဖြစ်သည့် NUG၊ CRPH တို့၏လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သမားများအနေဖြင့် နိုင်ငံတော်အစိုးရ၏ အုပ်ချုပ်ရေးယန္တရားပျက်ပြားစေရန်နှင့် ပြည်သူလူထုအတွင်း အကြောက်တရားလွှမ်းမိုးစေရန်ရည်ရွယ်ချက်ဖြင့် ရဟန်း သံဃာများ၊ အပြစ်မဲ့ပြည်သူများနှင့် နိုင်ငံ့ဝန်ထမ်းများကို လုပ်ကြံသတ်ဖြတ်ခြင်း၊ ခြိမ်းခြောက်အကျပ်ကိုင်ခြင်း၊ ဖမ်းဆီးနှိပ်စက်ခြင်း စသည့်အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်လျက်ရှိသည်။

ထိုသို့လုပ်ဆောင်လျက်ရှိရာ မေ ၂၂ ရက် မွန်းလွဲ ၂ နာရီခွဲခန့်တွင် ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ် အမှတ်(၁၁/ ဘီ)ပထမထပ် ဝေဇယန္တာလမ်းနေသူ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစိုင်းကျော်သူသည် ၎င်းပိုင်ဆိုင်သည့် Honda Odyssey မော်တော်ယာဉ်ဖြင့် ဇနီးဖြစ်သူကို ဆေးရုံသို့ လိုက်လံပို့ဆောင်ပြီး ဝေဇယန္တာလမ်းအတိုင်း နေအိမ်သို့ပြန်လာစဉ် အမှတ်(၁၆/၂) ရပ်ကွက် ဝေဇယန္တာလမ်းနှင့် ရတနာလမ်းထောင့်သို့ အရောက်၌ PDF အမည်ခံ အကြမ်းဖက်သမား နှစ်ဦးက ၎င်း၏ မော်တော်ယာဉ်ရှေ့သို့ ဘက်ထရီစက်ဘီး တစ်စီးဖြင့် ရောက်ရှိလာကာ ပစ္စတိုသေနတ်များဖြင့် ၁၂ ချက်ခန့် ပစ်ခတ်သတ်ဖြတ်ပြီး ဝေဇယန္တာလမ်းအတိုင်း မြောက်ဘက်သို့ ထွက်ပြေးသွားခဲ့ကြောင်း သိရှိရသည်။



PDF အမည်ခံအကြမ်းဖက်သမားများ လုပ်ကြံပစ်ခတ်သတ်ဖြတ်မှုတွင် အသုံးပြုသည့် ကျည်ခွံများပုံ။

အဆိုပါပစ်ခတ်မှုကြောင့် ဦးစိုင်းကျော်သူတွင် ယာနားထင်၊ ဝဲလည်ပင်း၊ ယာလက်ဖျံနှင့် ဝဲနံစောင်းတို့တွင် ကျည်ထိမှန်ဒဏ်ရာများ ရရှိကာ ဖြစ်စဉ်နေရာ၌ပင် သေဆုံးသွားခဲ့ကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဦးစိုင်းကျော်သူ၏ ရုပ်အလောင်းအား သဃ်န်းကျွန်းမြို့နယ် စံပြဆေးရုံသို့ ပို့ဆောင်ပေးခဲ့ကြောင်း သိရှိရသည်။

ယခုကဲ့သို့ ပြည်သူ့ဝန်ထမ်းကောင်းတစ်ဦး မမျှော်လင့်ဘဲ အကြမ်းဖက်သမားများ၏ ရက်စက်ယုတ်မာမှုကြောင့် သေဆုံးခဲ့ရမှုအတွက် နိုင်ငံတော်နှင့် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အတွက် များစွာ ထိခိုက်နစ်နာဆုံးရှုံးခဲ့ရကြောင်းနှင့် အောက်တန်းကျသည့်လုပ်ရပ်ကို



PDF အမည်ခံအကြမ်းဖက်သမားများ၏ လုပ်ကြံပစ်ခတ်သတ်ဖြတ်ခဲ့သည့် ဦးစိုင်းကျော်သူ၏ မော်တော်ယာဉ်ပုံ။

လုပ်ဆောင်ခဲ့သည့် အကြမ်းဖက်သမားများအား လုံခြုံရေးတပ်ဖွဲ့ဝင်များက မြေပြင်၌ စစ်ဆေးဖော်ထုတ်လျက်ရှိရာ ဒေသခံပြည်သူများကလည်း ရရှိသည့်သတင်းကွင်းဆက်များအား လုံခြုံရေးတပ်ဖွဲ့ဝင်များထံသို့ လျှို့ဝှက်သတင်းပို့ပေးကြပါရန် သက်ဆိုင်ရာမှ မေတ္တာရပ်ခံထားကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

*❖ကျောဖုံးမှ*

လိုက်ပါလာသည့် NISSAN CABSTAR မော်တော်ယာဉ်ကိုရှာဖွေရာ ယာဉ်ပေါ်တွင် ပုလင်းခွံအိတ်များဖြင့် ဖုံးအုပ်သယ်ဆောင်လာသည့် ဒေသကာလတန်ဖိုးငွေကျပ် ၁၀ ဘီလီယံကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၆ ဒသမ ၁၈ သန်း၊ ကက်တမင်း ၁၀ ကီလိုနှင့် စိတ်ပြောင်းဆေးဝါး (Happy water) ၄ ဒသမ ၁၂ ကီလိုတို့ကို သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ သိမ်းဆည်းရမိ မူးယစ်ဆေးဝါးများအား ရှမ်းပြည်နယ်(တောင်ပိုင်း)မှ မန္တလေးတိုင်းဒေသကြီးသို့ သယ်ဆောင်ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့အား ဥပဒေအရအရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်းနှင့် ယခုကဲ့သို့ ဖမ်းဆီးရမိခဲ့ခြင်းမှာ မူးယစ်ဆေးဝါးတားဆီး နှိမ်နင်းရေးရဲတပ်ဖွဲ့နှင့် တာဝန်သိပြည်သူများ ပူးပေါင်းဆောင်ရွက်မှုကြောင့်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ မြို့နယ်အချို့၌ လေပြင်းတိုက်၍ နေအိမ်များပျက်စီး

## ဥတ္တရသီရိ

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥတ္တရသီရိမြို့နယ်အတွင်းရှိ ကျေးရွာများတွင် ဧပြီ ၂၂ ရက် ညနေပိုင်းက မိုးသည်းထန်စွာရွာသွန်း၍ လေပြင်းတိုက်ခတ်ခဲ့မှုကြောင့် နေအိမ်များ အမိုးလန်ခြင်း၊ ပြိုလဲခြင်း၊ သစ်ပင်များ ကျိုးပဲ့ပျက်စီးခြင်းများ ဖြစ်ပေါ်ခဲ့သည်။**(အောက်ပုံ)**

အဆိုပါ ဖြစ်စဉ်တွင် မင်းကုန်းကျေးရွာအတွင်းရှိ နေအိမ် ရှစ်လုံး၊ တောင်ညိုကျေးရွာအတွင်းရှိ နေအိမ် ခုနစ်လုံး၊ တောင်ညိုကျေးရွာအုပ်စု မရမ်းခုံကျေးရွာအတွင်းရှိ နေအိမ် နှစ်လုံး၊ တောင်ညိုကျေးရွာအုပ်စု အောင်ချမ်းသိမ်းကျေးရွာအတွင်းရှိ နေအိမ် တစ်လုံးနှင့် ဘုရားတောင်ကျေးရွာအတွင်းရှိ ပညာရေးဝန်ထမ်းအိမ်ရာ ပေ ၁၂၀ အဆောင်တစ်လုံး အမိုးလန်ပျက်စီးခြင်းများ ဖြစ်ပွားခဲ့ကြောင်း သိရသည်။

**အောင်မျိုးဝင်း(ပြန်/ဆက်)**



## ပုဗ္ဗသီရိ

ပုဗ္ဗသီရိမြို့နယ် ဘဲကုန်းကျေးရွာအုပ်စု၌ ဧပြီ ၂၃ ရက် ညနေပိုင်းက မိုးရွာသွန်းပြီး နေရောင်ပြအင်းဘုရားအနီးရှိ ကြက်မွေးမြူရေးခြံကို မိုးကြိုးထိမှန်သဖြင့် မီးလောင်မှုဖြစ်ပွားခဲ့သည်။



မိုးရွာသွန်းပြီး မိုးကြိုးပစ်ခံရသဖြင့် အလျား ပေ ၁၂၀၊ အနံ ပေ ၃၀ ရှိ သွပ်မိုး၊ သံဇကာကာ၊ ဝါးကြမ်းခင်းကြက်ခြံ တစ်လုံးနှင့် ကြက်ကောင်ရေ ၃၅၀၀ ခန့် မီးလောင်ဆုံးရှုံးခဲ့သည်။

အဆိုပါမီးလောင်မှုဖြစ်ပွားရာနေရာသို့ ပုဗ္ဗသီရိမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးစိန်ကြည်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးအောင်ဇေယျာလင်း၊ ပတ္တာနယ်မြေရဲစခန်းမှူး ရဲအုပ်နေမျိုးလင်း၊ ရွာကောက်မီးသတ်စခန်းမှ လက်ထောက်ဦးစီးမှူး ဦးသန်းထိုက်၊ ပုဗ္ဗသီရိမြို့နယ် မီးသတ်ဦးစီးဌာနမှ လက်ထောက်ဦးစီးမှူး ဦးဝေယံမင်းနှင့် မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်ယာဉ်သုံးစီးဖြင့် ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ ညနေ ၄ နာရီ ၄၅ မိနစ်တွင် မီးငြိမ်းနိုင်ခဲ့ကြောင်း သိရသည်။

**သန္တာလင်း(ပုဗ္ဗသီရိ)**

## ပျဉ်းမနား

ပြည်ထောင်စုနယ်မြေ နေပြည်တော် ပျဉ်းမနားမြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာများတွင် ဧပြီ ၂၂ ရက် ညနေပိုင်းက လေပြင်းတိုက်ခတ်မှုကြောင့် စာသင်ကျောင်းနှင့်နေအိမ်များ အမိုးလန်ခြင်းနှင့် သစ်ပင်လဲကျခြင်းများ ဖြစ်ပွားခဲ့ရာ အဆိုပါ ပျက်စီးမှုများ ဖြစ်ပွားခဲ့သည့် အခြေအနေကို ပျဉ်းမနားခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ကိုဦးနှင့် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်များ၊ ခေတ္တာမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်မှူး ဝေဖြိုးနိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက ယနေ့နံနက်ပိုင်းတွင် လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ရှေးဦးစွာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ကင်ပွန်းတန်းကျေးရွာအုပ်စု အောင်ချမ်းသာကျေးရွာ ဘုန်းတော်ကြီးကျောင်းအတွင်းရှိ သက်တမ်းရင့်ညောင်ပင်ကြီးလဲကျ၍ လမ်းမပေါ်ပိတ်ဆို့နေမှုအား မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးမှ ဝန်ထမ်းများနှင့် မီးသတ်တပ်ဖွဲ့ဝင်များက ရှင်းလင်းဆောင်ရွက်နေမှု အခြေအနေကို ကြည့်ရှုကြသည်။

ဆက်လက်၍ သကြားစက်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း၊ ဈေးကုန်းကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)၊ ဆင်သေကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)များ အမိုးလန်ခြင်းနှင့် မျက်နှာကြက်များ ပျက်စီးမှုအခြေအနေများနှင့် သနပ်ပင်ဆိပ်ကျေးရွာရှိနေအိမ်များ အမိုးလန်ပျက်စီးမှုများကို ကြည့်ရှုစစ်ဆေးပြီး ပျဉ်းမနားမြို့ ရွာကောက်ရပ်ကွက်ရှိ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းဆောင်ပေါ် သစ်ပင်လဲကျနေမှုကို ကြည့်ရှုပြီး ရှင်းလင်းခြင်းလုပ်ငန်းများ အမြန်ဆုံးဆောင်ရွက်နိုင်ရေး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။**(အောက်ပုံ)**

**မျိုးသီဟ(ပြန်/ဆက်)**



## ရွှေတောင်

ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့နယ်၌ ဧပြီ ၂၂ ရက် ညနေ ၆ နာရီ ၁၅ မိနစ်ခန့်က ရုတ်တရက် လေပြင်းတိုက်ခတ်ပြီး မိုးရွာသွန်းမှုကြောင့် ရွှေတောင်မြို့နယ်အတွင်း သရက်တောရပ်ကွက် ကျီးသဲကျေးရွာအုပ်စု၊ သာစီကုန်းကျေးရွာအုပ်စု၊ ဆည်ကြီးကုန်းကျေးရွာအုပ်စု၊ မြို့မကျေးရွာအုပ်စု၊ ဒုရင်ဒုဘိုကျေးရွာအုပ်စု၊ နွားခြံကုန်းကျေးရွာအုပ်စု၊ သရက်သုံးပင်ကျေးရွာအုပ်စုတို့တွင် လူနေအိမ် ခြောက်လုံးပြိုကျခဲ့ပြီး လူနေအိမ် ၄၈ အိမ်၊ ကြာနီကန်ရပ်ကွက်၊ ရန်ကုန်-ပြည်ကားလမ်းရှိ အမှတ် ( ၁) အထည်စက်ရုံပိုင်ဂိုဒေါင် တစ်လုံး အမိုးလန်ပျက်စီးခဲ့သည်။**(အောက်ပုံ)**



အဆိုပါ မိုးသည်းထန်စွာရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုကြောင့် လူနေအိမ် ခြောက်လုံးပြိုကျခဲ့ပြီး လူနေအိမ် ၄၈ အိမ်၊ အမှတ် (၁) အထည်စက်ရုံ ပိုင်ဂိုဒေါင် တစ်လုံး ပျက်စီးခဲ့ရာ စုစုပေါင်း ခန့်မှန်းတန်ဖိုးမှာ ငွေကျပ် ၅၀၁၄၇၀၀ ရှိပြီး လေဘေးသင့်၍ နေအိမ်ပြိုကျ၊ အမိုးလန်ခဲ့သည့် လူနေအိမ်များရှိ မိသားစုများအား ယာယီနေထိုင်နိုင်ရေး၊ အမြန်ဆုံးပြုပြင်နိုင်ရေးအတွက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဟံဝင်းအောင်၏ ကြီးကြပ်မှုဖြင့် သက်ဆိုင်ရာကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးက လိုအပ်သည်များ ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် လူနှင့် တိရစ္ဆာန်များ တစ်စုံတစ်ရာ ထိခိုက်ဒဏ်ရာများ မရှိကြောင်း သိရသည်။

**ကိုကိုမင်း(ပြန်/ဆက်)**

## ဟိုပုံး

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်၌ ဧပြီ ၂၂ ရက် ညနေ ၆ နာရီခန့်က မိုးရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုကြောင့် လူနေအိမ်များ အမိုးလန်ပျက်စီးခဲ့သည်။**(ယာပုံ)**



လေပြင်းတိုက်ခတ်မှုကြောင့် ဟိုပုံးမြို့နယ် ပေါင်လင်းကျေးရွာအုပ်စု ကုန်းသာကျေးရွာ လူနေအိမ် သွပ်မိုး၊ ထရံကာ၊ ပျဉ်ထောင်အိမ်၌ သွပ် ၂၅ ချပ် အမိုးလန်ပျက်စီးခဲ့ကာ ပျက်စီးမှုတန်ဖိုး ငွေကျပ် ၂၅၀၀၀၀ ခန့် ပျက်စီးခဲ့ကြောင်း၊ ပေါင်လင်းကျေးရွာအုပ်စု ကုန်းသာကျေးရွာ လူနေအိမ် သွပ်မိုး၊ ထရံကာ၊ ပျဉ်ထောင်အိမ်၌ သွပ် ၁၅ ချပ် အမိုးလန်ပျက်စီးပြီး အမိုးလန်သည့် သွပ်များကြောင့် ၎င်းတို့နေအိမ်အနီးရှိ ဓာတ်မီးတိုင်အလယ်မှ ထက်ပိုင်းကျိုး ပျက်စီးခဲ့ကာ ပျက်စီးတန်ဖိုး ငွေကျပ် ၅၅၀၀၀၀ ခန့် ပျက်စီးခဲ့ကြောင်း၊ ပေါင်လင်းကျေးရွာအုပ်စု ကုန်းသာကျေးရွာ လူနေအိမ် သွပ်မိုး၊ ထရံကာ၊ ပျဉ်ထောင်အိမ်၌ အိမ်တောင်ဘက်တွင် ကာရံထားသည့် ဝါးထရံများ လွင့်စင်ပျက်စီးခဲ့ကာ ပျက်စီးတန်ဖိုး ငွေကျပ် ၅၀၀၀၀ ခန့် ပျက်စီးခဲ့ကြောင်း သိရသည်။

အဆိုပါ လေပြင်းတိုက်ခတ်မှုကြောင့် လူနှင့်တိရစ္ဆာန် ထိခိုက်မှု မရှိကြောင်းနှင့် ပျက်စီးနေအိမ်များအား ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် ရွာသူရွာသားများက ဝိုင်းဝန်းပြင်ဆင်ပေးလျက်ရှိကြောင်း သိရသည်။

**ပအိုဝ်းဒေသ(ပြန်/ဆက်)**

# ဥပဒေပြုရေးဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲများအပေါ် လေ့လာခြင်း (မလေးရှားနိုင်ငံ)

ရှင်ကုကူး

## နိဒါန်း

မလေးရှားနိုင်ငံသည် အရှေ့တောင်အာရှတွင် တည်ရှိသော ဖက်ဒရယ်နိုင်ငံတစ်ခု ဖြစ်သည်။ တောင်တရုတ်ပင်လယ်သည် မလေးရှားနိုင်ငံ၏ အဓိကနယ်မြေနှစ်ခုဖြစ်သော ကျွန်းဆွယ် မလေးရှားဒေသနှင့် အရှေ့မလေးရှားဒေသတို့ကို အညီအမျှ ပိုင်းခြားထားသည်။ ကျွန်းဆွယ်မလေးရှားသည် ထိုင်းနိုင်ငံနှင့် ကုန်းမြေနယ်နိမိတ်၊ ပင်လယ်ပြင်နယ်နိမိတ် ထိစပ်လျက်ရှိကာ စင်ကာပူနိုင်ငံ၊ ဗီယက်နမ်နိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံတို့နှင့်လည်း ပင်လယ်ပြင်နယ်နိမိတ်ချင်း ထိစပ်လျက်ရှိသည်။ အရှေ့မလေးရှားမှာမူ ဘရူနိုင်းနိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံတို့နှင့် ပင်လယ်ပြင်နယ်နိမိတ်၊ ကုန်းမြေနယ်နိမိတ်ချင်း ထိစပ်လျက်ရှိကာ ဖိလစ်ပိုင်နိုင်ငံ၊ ဗီယက်နမ်နိုင်ငံတို့နှင့် ပင်လယ်ပြင်နယ်နိမိတ်ချင်း ထိစပ်လျက်ရှိသည်။ မလေးရှားသည် အီကွေတာမျဉ်း၊ လတ္တီတွဒ် ၁ ဒီဂရီနှင့် ၇ ဒီဂရီ မြောက်ဘက်နှင့် လောင်ဂျီတွဒ် ၁၀၀ ဒီဂရီနှင့် ၁၁၉ ဒီဂရီ အရှေ့မလေးရှားတွင် ဧရိယာ ၃၂၉၉၆၀ ဒသမ ၂၂ စတုရန်းကီလိုမီတာ ကျယ်ဝန်း၍ ၂၀၂၀ ပြည့်နှစ် သန်းခေါင်စာရင်းအရ လူဦးရေ ၃၂၄၄၇၃၅၈ သန်းခန့်ရှိသည်။

## အစိုးရဖွဲ့စည်းမှု

နိုင်ငံတော်အကြီးအကဲမှာ ဘုရင်မင်းမြတ်ဖြစ်၍ အစိုးရအကြီးအကဲမှာ ဝန်ကြီးချုပ်ဖြစ်သည်။ အောက်လွှတ်တော် (Dewan Rakyat) နှင့် အထက်လွှတ်တော် (Dewan Negara)၊ ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝန်ကြီးများ ဦးဆောင်သော အမှုဆောင်အဖွဲ့၊ တရားစီရင်ရေးမဏ္ဍိုင် စသည်ဖြင့် ခွဲခြားသတ်မှတ်ထားသည်။ အစိုးရအမျိုးအစားမှာ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် စည်းမျဉ်းခံဘုရင် စနစ်ဖြစ်သည်။


## အာဏာခွဲဝေကျင့်သုံးမှု

မလေးရှားနိုင်ငံသည် စည်းမျဉ်းခံရွေးကောက်ခံဘုရင်စနစ်ရှိသော ဖက်ဒရယ်နိုင်ငံတစ်ခုဖြစ်ပြီး အရှေ့တောင်အာရှတွင် တစ်ခုတည်းသော ဖက်ဒရယ်နိုင်ငံလည်းဖြစ်သည်။ မလေးရှားနိုင်ငံ အာဏာသုံးရပ်ကို အောက်ပါဇယားအတိုင်း ခွဲဝေကျင့်သုံးပါသည် –

| အာဏာများ | အဓိကတာဝန်နှင့်လုပ်ပိုင်ခွင့်များ | ရွေးကောက်ပွဲ လုပ်ငန်းစဉ် | သက်တမ်း |
|---|---|---|---|
| အုပ်ချုပ်ရေးအာဏာ | ဘုရင်သည် နိုင်ငံတော် အခမ်းအနားများ တက်ရောက်ရန်နှင့် နိုင်ငံ့အကြီးအကဲတစ်ဦး ဖြစ်သည်။ ဝန်ကြီးချုပ်သည် အစိုးရ၏ အကြီးအကဲဖြစ်ပြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများကို ဦးဆောင်သည်။ | ဘုရင်စနစ်တွင် မျိုးရိုးအလိုက် ထီးနန်းကို လွှဲပြောင်းအပ်နှင်းသည်။ ဝန်ကြီးချုပ်ကို လွှတ်တော်က ခန့်အပ်သည်။ | အနည်းဆုံး ၅ နှစ် |
| တရားစီရင်ရေးအာဏာ | မလေးရှားတွင် အမြင့်ဆုံး တရားရုံးနှင့် နောက်ဆုံး အယူခံတရားရုံးက တရားစီရင်ခွင့်အာဏာကို ရရှိပါသည်။ | တရားသူကြီးများကို ဝန်ကြီးချုပ်၏ အကြံဉာဏ်ဖြင့် ဘုရင်က ခန့်အပ်သည်။ | မဖြစ်မနေ အငြိမ်းစားယူရမည့် အသက် ၆၅ နှစ် |
| ဥပဒေပြုရေး အာဏာ | အထက်လွှတ်တော်သည် အောက်လွှတ်တော်မှ အတည်ပြုပြီးသော ဥပဒေများကို ပြန်လည် သုံးသပ်သည်။ အထက်လွှတ်တော်က ဥပဒေကြမ်းကို ပယ်ချပါက ဘုရင့်ထံမပေးပို့မီ တစ်နှစ်ဆိုင်းငံ့ခွင့်ရှိသည်။ ဥပဒေကြမ်းအားလုံးကို လွှတ်တော် နှစ်ရပ်စလုံး၏ အတည်ပြုချက်ရမှသာ ဘုရင်မင်းမြတ်ထံသို့ တင်ပြရမည်။ | အထက်လွှတ်တော်တွင် ဘုရင်က ခန့်အပ်ထားသော ကိုယ်စားလှယ် ၄၄ ဦးရှိပြီး ကိုယ်စားလှယ် ၂၆ ဦးကို ပြည်နယ်လွှတ်တော်များမှ ရွေးချယ် တင်မြှောက်ထားသည်။ အောက်လွှတ်တော် အဖွဲ့ဝင်များကို မဲဆန္ဒနယ်များအလိုက် မဲများသူ အနိုင်ရသည့်စနစ်ဖြင့် ရွေးကောက် တင်မြှောက်ထားသည်။ | အထက် လွှတ်တော်– ၃ နှစ်<br>အောက် လွှတ်တော်– ၅ နှစ် |

## လွှတ်တော်ဖွဲ့စည်းမှုနှင့် လွှတ်တော်သက်တမ်း

မလေးရှားနိုင်ငံသည် ၁၉၄၈ ခုနှစ် ဗြိတိသျှလက်အောက်သို့ ကျရောက်နေစဉ်ကတည်းကပင် ဥပဒေပြုကောင်စီဖက်ဒရယ်စနစ်ကို အသုံးပြုခဲ့ကြသည်။ မလေးရှားဥပဒေပြုလွှတ်တော်သည် Westminster စနစ်အပေါ်တွင် အခြေခံ၍ဆောင်ရွက်သည်။ မလေးရှားနိုင်ငံတွင် Dewan Rakyat (အောက်လွှတ်တော် သို့မဟုတ် မလေးဘာသာဖြင့် People's Hall) နှင့် Dewan Negara (အထက်လွှတ်တော် သို့မဟုတ် မလေးဘာသာဖြင့် Nation's Hall) ဟူ၍ လွှတ်တော်နှစ်ရပ်ရှိသည်။ Dewan Rakyat (အောက်လွှတ်တော်) ကိုယ်စားလှယ်များကို ပါလီမန်အမတ်များအဖြစ် လူသိများကြပြီး Dewan Negara (အထက်လွှတ်တော်) အဖွဲ့ဝင်များကို အထက်လွှတ်တော်အမတ်များဟု ခေါ်ဝေါ် သုံးစွဲကြသည်။ **(အပေါ်ပုံ)**




## အထက်လွှတ်တော်

အထက်လွှတ်တော်တွင် ကိုယ်စားလှယ်စုစုပေါင်း ၇၀ ရှိသည်။ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ (အောက်လွှတ်တော်) က ရွေးချယ်တင်မြှောက်ထားသူ ၂၆ ဦးနှင့် နိုင်ငံတော်အကြီးအကဲမှ ခန့်အပ်သူ ၄၄ ဦးတို့ဖြင့် ဖွဲ့စည်းထားရှိသည်။ လွှတ်တော်သက်တမ်းမှာ သုံးနှစ်ဖြစ်သည်။

## အောက်လွှတ်တော်

အောက်လွှတ်တော်တွင် ကိုယ်စားလှယ်စုစုပေါင်း ၂၂၃ ဦးရှိသည်။ ရွေးကောက်ပွဲကျင်းပ၍ ပြည်သူများက တိုက်ရိုက်ရွေးကောက်တင်မြှောက်သည်။ တစ်ဦးကို သီးခြားခန့်အပ်သည်။ လွှတ်တော်သက်တမ်းမှာ ငါးနှစ်ဖြစ်သည်။

## ရွေးကောက်ပွဲသမိုင်း ကျင်းပသည့် ရွေးကောက်ပွဲများ

အောက်လွှတ်တော်ကိုယ်စားလှယ်များအတွက် အထွေထွေရွေးကောက်ပွဲများကိုလည်းကောင်း၊ လစ်လပ်ကိုယ်စားလှယ်နေရာများ ပေါ်ပေါက်လာပါက ကြားဖြတ်ရွေးကောက်ပွဲများကိုလည်းကောင်း အသီးသီး ကျင်းပပေးသည်။

## ရွေးကောက်ပွဲစနစ်

မလေးရှားနိုင်ငံတွင် မဲများသူအနိုင်ရသည့်စနစ်ဖြစ်သည့် First Past The Post စနစ်ကို ကျင့်သုံး၍ အောက်လွှတ်တော် ကိုယ်စားလှယ် များကို ပြည်သူများက တိုက်ရိုက်ရွေးကောက် တင်မြှောက်သည်။

## ရွေးကောက်ပွဲများတွင် ဖြစ်ပွားခဲ့သည့်ထူးခြားဖြစ်စဉ်များ

၂၀၁၈ ခုနှစ် ရွေးကောက်ပွဲသည် မလေးရှားနိုင်ငံ၏ နိုင်ငံရေးအသိုက်အဝန်း၌ အကြီးမားဆုံးသော ပြောင်းလဲမှုတစ်ခုဟု ဆိုနိုင်သည်။ အဘယ်ကြောင့်ဆိုသော် ပြိုင်ဘက်အတိုက်အခံတစ်ခုဖြစ်သည့် Pakatan Harapan (PH) ညွန့်ပေါင်းအဖွဲ့သည် Sabah Heritage Party (WARISAN) နှင့်အတူ အောက်လွှတ်တော်တွင် ပါတီနှစ်ခုပေါင်း ၁၂၁ နေရာကို အနိုင်ရရှိခဲ့သည်။ ထိုသို့ ကိုယ်စားလှယ်နေရာ အများအပြားရရှိမှုသည် မလေးရှားနိုင်ငံသမိုင်းတွင် ပထမဆုံးအကြိမ်ဖြစ်ပြီး အာဏာရပါတီကို ရွေးကောက်ပွဲအပြီးမှာ ဖြုတ်ချနိုင်ခဲ့ခြင်းလည်းဖြစ်သည်။ Barisan Nasional (BN) ညွန့်ပေါင်းအဖွဲ့သည် မလေးရှားနိုင်ငံ လွတ်လပ်ရေးရပြီး ၁၉၅၇ ခုနှစ်ကတည်းက နိုင်ငံအပေါ် အစဉ်တစိုက် အုပ်ချုပ်လာခဲ့ရာမှ ယခုရွေးကောက်ပွဲအပြီး၌ အဆုံးသတ်သွားခဲ့ခြင်းဖြစ်သည်။ PH ၏ ခေါင်းဆောင်ဖြစ်သူ Mahathir Mohamad သည် ယခင်က မလေးရှားနိုင်ငံ၏ ဝန်ကြီးချုပ်အဖြစ် ၁၉၈၁ ခုနှစ်မှ ၂၀၀၃ ခုနှစ်အထိ တာဝန်ထမ်းဆောင်ခဲ့ပြီး ရွေးကောက်ပွဲအပြီး တစ်ရက်အကြာ မေ ၁၀ ရက်တွင် ဒုတိယအကြိမ်အဖြစ် ပြန်လည်ကျမ်းသစ္စာကျိန်ဆိုနိုင်ခဲ့ခြင်းဖြစ်သည်။ အသက် ၉၃ နှစ်ရှိပြီဖြစ်သော မဟာသီယာသည် ကမ္ဘာ့အသက်အကြီးဆုံး ရွေးကောက်ခံအစိုးရအကြီးအကဲလည်းဖြစ်လာခဲ့သည်။ Najib ဦးဆောင်သော Barisan Nasional (BN) သည် ကိုယ်စားလှယ်နေရာ ၇၉ နေရာကို ရယူထားပြီး ကိုယ်စားလှယ်နေရာ ၁၈ နေရာ အနိုင်ရထားသော Gagasan Sejahtera (GS) နှင့်အတူ ဖက်ဒရယ် အတိုက်အခံသစ် ဖြစ်လာခဲ့သည်။ United Sabah Alliance (USA) က အမတ်နေရာ သုံးနေရာရရှိခဲ့ပြီး တစ်သီးပုဂ္ဂလနိုင်ငံရေးသမားများက သုံးနေရာ အနိုင်ရခဲ့သည်။ ၂၀၁၈ ခုနှစ် ရွေးကောက်ပွဲသည် ၂၀၁၈ ခုနှစ်အတွင်း ကမ္ဘာတစ်ဝန်းလုံး၌ အဆိုးရွားဆုံး နိုင်ငံရေးအရှုပ်အထွေးများထဲမှတစ်ခုအဖြစ် ကျယ်ကျယ်ပြန့်ပြန့် သတ်မှတ်ခံခဲ့ရသည်။

## ရွေးကောက်ပွဲကော်မရှင် ဖွဲ့စည်းမှု၊ ဗဟိုနှင့် အဖွဲ့ခွဲများဖွဲ့စည်းပုံ

မလေးရှားနိုင်ငံ ရွေးကောက်ပွဲကော်မရှင်ကို ဖက်ဒရယ်ဖွဲ့စည်းပုံ အခြေခံဥပဒေ ပုဒ်မ ၁၁၄ အရ ၁၉၅၇ ခုနှစ် စက်တင်ဘာ ၄ ရက်တွင် ဖွဲ့စည်းခဲ့သည်။ စတင်ဖွဲ့စည်းစဉ်အတွင်း ရွေးကောက်ပွဲကော်မရှင်တွင် ဥက္ကဋ္ဌတစ်ဦးနှင့် အဖွဲ့ဝင်နှစ်ဦးသာ ပါဝင်ခဲ့သည်။ ၁၉၆၃ ခုနှစ်တွင် ကော်မရှင်အဖွဲ့ဝင်ဦးရေ သုံးဦးအထိ တိုးမြှင့်ခဲ့သည်။ နောက်ထပ်

> **"၂၀၁၈ ခုနှစ် ရွေးကောက်ပွဲသည် မလေးရှားနိုင်ငံ၏ နိုင်ငံရေးအသိုက်အဝန်း၌ အကြီးမားဆုံးသော ပြောင်းလဲမှု တစ်ခုဟု ဆိုနိုင်သည်။ အဘယ်ကြောင့်ဆိုသော် ပြိုင်ဘက် အတိုက်အခံတစ်ခုဖြစ်သည့်** Pakatan Harapan (PH) **ညွန့်ပေါင်းအဖွဲ့သည်** Sabah Heritage Party (WARISAN) **နှင့်အတူ အောက်လွှတ်တော်တွင် ပါတီနှစ်ခုပေါင်း ၁၂၁ နေရာကို အနိုင်ရရှိခဲ့သည်။ ထိုသို့ ကိုယ်စားလှယ်နေရာ အများအပြားရရှိမှုသည် မလေးရှားနိုင်ငံ သမိုင်းတွင် ပထမဆုံးအကြိမ်ဖြစ်ပြီး အာဏာရပါတီကို ရွေးကောက်ပွဲအပြီးမှာ ဖြုတ်ချနိုင်ခဲ့ခြင်းလည်းဖြစ်သည်"**

အဖွဲ့ဝင်သည် Sabah သို့မဟုတ် Sarawak ပြည်နယ်မှဖြစ်ပြီး အလှည့်ကျဖြင့် ခန့်အပ်ခြင်းခံရသည်။ ၁၉၈၁ ခုနှစ်တွင် ဖက်ဒရယ်ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ ၁၁၄ အရ ဒုတိယဥက္ကဋ္ဌကို ခန့်အပ်တာဝန်ပေးခဲ့သည်။ ၂၀၀၂ ခုနှစ်တွင် ဖက်ဒရယ်ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ရန် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်အဖြစ် လူခုနစ်ဦးအထိ တိုးမြှင့်အတည်ပြုခဲ့သည်။ ဥက္ကဋ္ဌ တစ်ဦး၊ ဒုတိယဥက္ကဋ္ဌ တစ်ဦးနှင့် Sabah နှင့် Sarawak တို့မှ အဖွဲ့ဝင် တစ်ဦးစီအပါအဝင် အဖွဲ့ဝင်ငါးဦးစီ ပါဝင်သည်။ ၎င်းတို့၏လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရန်အတွက် ရွေးကောက်ပွဲကော်မရှင်က အတွင်းရေးမှူးတစ်ဦး ဦးဆောင်သော အတွင်းရေးမှူးအဖွဲ့ကိုလည်း ဖွဲ့စည်းခဲ့သည်။ အတွင်းရေးမှူးသည် အတွင်းဝန်ရုံးတွင် စီမံခန့်ခွဲရေးမှူးအဖြစ် ဆောင်ရွက်သည်။

## ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေ ပြဋ္ဌာန်းမှုနှင့် ပြင်ဆင်မှုများ

ရွေးကောက်ပွဲဆိုင်ရာ ဥပဒေများနှင့်စနစ်များကို ပြန်လည်သုံးသပ်ရန် ရွေးကောက်ပွဲဆိုင်ရာ ပြုပြင်ပြောင်းလဲရေးကော်မတီ (ERC) ကို အစိုးရက ဖွဲ့စည်းခဲ့သည်။

*စာမျက်နှာ ၁၁ သို့*

*စာမျက်နှာ ၁၀ မှ*

ERC သည် အားလုံးအတွက် “လွတ်လပ်၊ တရားမျှတပြီး သန့်ရှင်းသော” ရွေးကောက်ပွဲများကို အခြေခံ၍ ဒီမိုကရေစီစနစ် အားကောင်းခိုင်မာလာစေရန် အခြားဒီမိုကရေစီနိုင်ငံများတွင် ကျင့်သုံးသည့် ရွေးကောက်ပွဲစနစ်များကို လေ့လာမည်ဖြစ်သည်။ ERC ၏ ရည်ညွှန်းစည်းကမ်းချက်များတွင် ရွေးကောက်ပွဲဆိုင်ရာဥပဒေများနှင့် ရွေးကောက်ပွဲဆိုင်ရာကိစ္စရပ်များတွင်ပါဝင်သည့် အခြားဥပဒေ များကို ပြန်လည်သုံးသပ်ခြင်း၊ လူမှုရေးစနစ်နှင့် လျော်ညီသော ရွေးကောက်ပွဲစနစ်တစ်ခုဖန်တီးရန် လိုအပ်ကြောင်း ပြန်လည်သုံးသပ်ခြင်းအပြင် ရွေးကောက်ပွဲဥပဒေတစ်ရပ် ဖန်တီးရာတွင် နိုင်ငံတကာရွေးကောက်ပွဲ စီမံခန့်ခွဲမှု စံနှုန်းဆိုင်ရာ အကြံပြုချက်များလည်း ပါဝင်သည်။

နိုင်ငံရေးပါတီများ မှတ်ပုံတင်ရန်နှင့် ထိန်းညှိရန်အတွက် ရွေးကောက်ပွဲဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ကို အာဏာပေးအပ်ရန်၊ ဥပဒေတစ်ရပ်ထူထောင်ရန် လိုအပ်ကြောင်း အထူးကော်မတီက ပြန်လည်သုံးသပ်ရန် ဆောင်ရွက်လျက်ရှိသည်။

### လက်ရှိကျင့်သုံးလျက်ရှိသော ရွေးကောက်ပွဲဆိုင်ရာ ဥပဒေမူဘောင်များ

မလေးရှားနိုင်ငံတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ရွေးကောက်ပွဲဥပဒေ (၁၉၅၈ ခုနှစ်)၊ ရွေးကောက်ပွဲကျူးလွန်မှုများအက်ဥပဒေ (၁၉၅၄ ခုနှစ်)၊ ရွေးကောက်ပွဲကျင့်ဝတ် (၁၉၈၁ ခုနှစ်)၊ မဲဆန္ဒရှင်များ မှတ်ပုံတင်ခြင်းနည်းဥပဒေ (၂၀၀၂ ခုနှစ်) နှင့် စာတိုက်မှတစ်ဆင့် မဲပေးခြင်းဆိုင်ရာ စည်းမျဉ်းများ (၂၀၀၃ ခုနှစ်) တို့ကို အခြေခံ၍ ရွေးကောက်ပွဲများကို ကျင်းပလျက်ရှိသည်။

### လွှတ်တော်ကိုယ်စားလှယ်လောင်းများဆိုင်ရာ

ကိုယ်စားလှယ်လောင်းများ အမည်စာရင်းတင်သွင်းသည့်နေ့တွင် နံနက် ၉ နာရီမှ ၁၀ နာရီကြားတွင် ကိုယ်စားလှယ်လောင်းများ၊ အဆိုပြုသူများ သို့မဟုတ် ထောက်ခံသူများ သို့မဟုတ် သုံးဦးစလုံးထံမှ အဆိုတင်သွင်းလွှာများကို စီမံခန့်ခွဲရေးအရာရှိက တစ်ကြိမ်တည်း လက်ခံရမည်ဖြစ်သည်။ အမည်စာရင်းတင်သွင်းခြင်းပုံစံ မိတ္တူသုံးစောင်အပြင် ကိုယ်စားလှယ်လောင်းများ၊ အဆိုပြုသူများ သို့မဟုတ် ထောက်ခံသူများအနေဖြင့် အောက်လွှတ်တော်ကိုယ်စားလှယ်များအတွက် ကိုယ်စားလှယ်လောင်းများအတွက် ပုံစံ-(၅) ဖြစ်သည့် ရွေးကောက်ပွဲအာမခံငွေနှင့် Statutory Account Form တို့ကိုလည်း ထည့်သွင်းရမည်ဖြစ်သည်။ ဤပုံစံများကို တံဆိပ်ခေါင်းခွန်ရုံးတွင် တံဆိပ်တုံးထုထားရန် လိုအပ်သည်။ စီမံခန့်ခွဲရေးအရာရှိသည် ပါဝင်ယှဉ်ပြိုင်ရန် အရည်အချင်းပြည့်မီသူများကို ကြေညာပေးမည်။ လျှောက်ထားသူတစ်ဦးတည်းသာ အရည်အချင်းပြည့်မီပါက ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်နေစရာမလိုဘဲ စီမံခန့်ခွဲရေးအရာရှိက အနိုင်ရရှိသူအား ကြေညာမည်ဖြစ်သည်။

### ရွေးကောက်ပွဲ မဲဆွယ်စည်းရုံးရေး

ကိုယ်စားလှယ်လောင်းများ သို့မဟုတ် ၎င်းတို့၏ ကိုယ်စားလှယ်များသည် ပိုစတာတပ်ဆင်ခြင်း၊ မိန့်ခွန်းများ၊ လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းနှင့် တစ်အိမ်တက်ဆင်း မဲဆွယ်စည်းရုံးခြင်း များပါဝင်သည့် မဲဆွယ်စည်းရုံးမှုများ စတင်နိုင်သည်။ ဤမဲဆွယ်စည်းရုံးရေးလှုပ်ရှားမှုကို မဲပေးသည့်နေ့မတိုင်မီ သန်းခေါင် ၁၂ နာရီအချိန်တွင် ရပ်တန့်ရပါမည်။ မဲဆွယ်စည်းရုံးရေး ရည်ရွယ်ချက်အတွက် ကိုယ်စားလှယ်လောင်းများသည် လွှတ်တော်ရွေးကောက်ပွဲအတွက် မဲဆွယ်စည်းရုံးရေးပစ္စည်းစပေါ် ငွေ RM 5,000 နှင့် လွှတ်တော်ရွေးကောက်ပွဲများအတွက် RM 3,000 ပေးဆောင်ရမည်ဖြစ်သည်။ ပိုစတာများတပ်ဆင်ရာတွင်လည်း ဒေသဆိုင်ရာအာဏာပိုင်များထံ ငွေအမြောက်အမြား ပေးဆောင်ရမည်ဖြစ်သည်။ ကိုယ်စားလှယ်လောင်းများကို လေးပွင့်ဆိုင်ဆွေးနွေးပွဲများ လုပ်ခွင့်ရရန် ရဲတပ်ဖွဲ့၏ ခွင့်ပြုချက်ရယူရန် လိုအပ်သည်။

### ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ

ဖက်ဒရယ်ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၁၉ ကို အခြေခံ၍ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများမှာ -

(က) မလေးရှားနိုင်ငံသားများ၊

( ခ ) အသက် ၂၁ နှစ်ပြည့်ပြီးသူ၊

( ဂ ) နိုင်ငံအတွင်း အခြေချနေထိုင်သူ (အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနတွင် မှတ်ပုံတင်ထားသည့် လူနေအိမ်လိပ်စာရှိခြင်း) တို့ဖြစ်သည်။

မဲဆန္ဒရှင်အမျိုးအစားကို သာမန်မဲဆန္ဒရှင်များနှင့် ကြိုတင်ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများဟူ၍ နှစ်ပိုင်းခွဲထားသည်။ ကြိုတင်ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများမှာ တပ်မတော်သားများ၊ တပ်မတော်သားများ၏ မိသားစုဝင်များ၊ Reserve Volunteer Police Force အဖွဲ့ဝင်များမှလွဲ၍ အခြားရဲများ၊ စစ်ဆင်ရေး တပ်ဖွဲ့ရဲ၏ မိသားစုဝင်များ၊ နိုင်ငံရပ်ခြားတွင် တာဝန်ထမ်းဆောင်နေသော နိုင်ငံ့ဝန်ထမ်းများ၊ နိုင်ငံရပ်ခြားတွင် တာဝန်ထမ်းဆောင်နေသော နိုင်ငံ့ဝန်ထမ်းများ၏ မိသားစုဝင်များ၊

**❖ ဆန္ဒမဲပေးရာတွင် သတ်မှတ်ထားသောမဲပေးသည့်နေ့၌ မဲဆန္ဒရှင်စာရင်းတွင်ပါရှိသည့် မဲဆန္ဒရှင်များသည် သတ်မှတ်ထားသောမဲရုံများတွင် မဲပေးကြရမည်။ ယေဘုယျအားဖြင့် ရွေးကောက်ပွဲကော်မရှင်မှ သတ်မှတ်ထားသောမဲပေးချိန်သည် မလေးရှားကျွန်းဆွယ်တစ်လျှောက် နံနက် ၈ နာရီမှ ညနေ ၆ နာရီကြားနှင့် Sabah နှင့် Sarawak တို့တွင် နံနက် ၇:၃၀ နာရီမှ ညနေ ၅:၃၀ နာရီအထိဖြစ်သည်။ သို့သော်လည်း လုံခြုံရေးအကြောင်းပြချက်များနှင့် လမ်းပန်းဆက်သွယ်ရေး အခက်အခဲများကြောင့် မဲပေးချိန်တိုတောင်းသည့်နေရာများ အထူးသဖြင့် Sabah နှင့် Sarawak တို့တွင်လည်း အများအားဖြင့် မဲရုံတစ်ခုထက်မက ရှိတတ်သည်။ မဲရုံမှူးကဦးဆောင်ပြီး မဲရုံအဖွဲ့ဝင် နှစ်ဦးမှ လေးဦးအထိ ကူညီဆောင်ရွက်ပေးသည်။ တပ်မတော်သားများနှင့် အိမ်ထောင်ဖက်များ၊ ရဲဝန်ထမ်းများနှင့် မိသားစုဝင်များဖြစ်သည့် ကြိုတင်ဆန္ဒမဲပေးမည့်သူများအတွက် ကြိုတင်ဆန္ဒမဲပေးရန် သတ်မှတ်ထားသည့်နေ့တွင် မဲပေးကြရမည်ဖြစ်သည်**

နိုင်ငံခြားတွင် အချိန်ပြည့် ပညာသင်ကြားနေသော ကျောင်းသားများနှင့် ၎င်းတို့၏ အိမ်ထောင်ဖက်များဖြစ်ကြသည်။

၂၀၂၁ ခုနှစ် ဒီဇင်ဘာ ၁၅ ရက်မှစတင်၍ မဲဆန္ဒရှင်စာရင်းအသစ်ပြုစုခြင်းလုပ်ငန်းကို စတင်ဆောင်ရွက်ခဲ့သည်။ မလေးရှားရွေးကောက်ပွဲကော်မရှင်သည် နိုင်ငံသားဖြစ်ခွင့် စိစစ်ရေးနှင့် လူနေအိမ်လိပ်စာ အချက်အလက်အပါအဝင် အမျိုးသားမှတ်ပုံတင်ရေးဌာနမှ ရရှိထားသော ကိုယ်ရေးကိုယ်တာ အချက်အလက်များအပေါ် အခြေခံ၍ ဆန္ဒမဲပေးပိုင်ခွင့်ရှိသည့် အရည်အချင်းနှင့် ကိုက်ညီသောသူ အသက် ၁၈ နှစ်နှင့်အထက် နိုင်ငံသားများအား မဲစာရင်းထဲ၌ ထည့်သွင်းပြုစုသည်။ မဲဆန္ဒရှင်တစ်ဦး၏ မဲဆန္ဒနယ်သတ်မှတ်ချက်သည် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန၏ နောက်ဆုံးနေထိုင်သည့် လိပ်စာကို အခြေခံထားသည်။ မဲဆန္ဒရှင်အသစ်များအဖြစ် မှတ်ပုံတင်ထားသည့် နိုင်ငံသားများသည် အထွေထွေ သို့မဟုတ် ကြားဖြတ်ရွေးကောက်ပွဲတွင် မဲပေးခွင့်မရသေးမီ လစဉ်ဖြည့်စွက် မဲဆန္ဒရှင်စာရင်းတွင် အလိုအလျောက် ထည့်သွင်းထားရသည်။ မဲဆန္ဒရှင်များသည် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနတွင် ၎င်းတို့၏ နေရပ်လိပ်စာကို ဦးစွာလက်ရှိနေရပ်အတိုင်း ကိုက်ညီအောင် ဆောင်ရွက်ရမည်ဖြစ်သည်။

အထက်ဖော်ပြပါ အမျိုးအစား ရှစ်မျိုးမှ မည်သူမဆို သို့မဟုတ် မလေးရှားနိုင်ငံသို့ ပြန်လည်ရောက်ရှိလာသူ မည်သူမဆို ပုံမှန် မဲဆန္ဒရှင် အမျိုးအစားအောက်တွင် မှတ်ပုံတင်ရန် မဲဆန္ဒရှင်အဆင့်/ အမျိုးအစား ပြောင်းလဲမှုအတွက် ပြန်လည်လျှောက်ထားရမည်ဖြစ်သည်။

မဲဆန္ဒရှင်ဆိုင်ရာအချက်အလက်များကို ပြောင်းလဲရန်နှင့် မဲဆန္ဒရှင်အမျိုးအစားလျှောက်လွှာများကို အောက်ပါလမ်းကြောင်းများမှ တင်သွင်းနိုင်သည် -

၁။ အွန်လိုင်းလင့်ခ် https://myspr.spr.gov.my ;

၂။ SPR ဌာနချုပ်၊

၃။ နိုင်ငံတစ်ဝန်းရှိ ပြည်နယ်ရွေးကောက်ပွဲရုံးများ၊

၄။ နိုင်ငံတစ်ဝန်းရှိ စာတိုက်များနှင့်

၅။ အစီအစဉ် Outreach SPR

အထွေထွေ သို့မဟုတ် ကြားဖြတ်ရွေးကောက်ပွဲတွင် မဲဆန္ဒရှင်သည် ရွေးကောက်ပွဲတွင် ဆန္ဒမဲပေးရန် အရည်အချင်းပြည့်မီကြောင်း ထောက်ခံချက်မရရှိမီ ပုံစံ A မှတစ်ဆင့် လက်ခံရရှိသည့် ရွေးကောက်ပွဲဆိုင်ရာ ပြောင်းလဲမှုလျှောက်လွှာအားလုံးကိုစိစစ်ပြီး ပြန်လည်သုံးသပ်မည်ဖြစ်သည်။

### ဆန္ဒမဲပေးခြင်း

ဆန္ဒမဲပေးရာတွင် သတ်မှတ်ထားသောမဲပေးသည့်နေ့၌ မဲဆန္ဒရှင်စာရင်းတွင်ပါရှိသည့် မဲဆန္ဒရှင်များသည် သတ်မှတ်ထားသောမဲရုံများတွင် မဲပေးကြရမည်။ ယေဘုယျအားဖြင့် ရွေးကောက်ပွဲကော်မရှင်မှ သတ်မှတ်ထားသောမဲပေးချိန်သည် မလေးရှားကျွန်းဆွယ်တစ်လျှောက် နံနက် ၈ နာရီမှ ညနေ ၆ နာရီကြားနှင့် Sabah နှင့် Sarawak တို့တွင် နံနက် ၇:၃၀ နာရီမှ ညနေ ၅:၃၀ နာရီအထိဖြစ်သည်။ သို့သော်လည်း လုံခြုံရေးအကြောင်းပြချက်များနှင့် လမ်းပန်းဆက်သွယ်ရေး အခက်အခဲများကြောင့် မဲပေးချိန်တိုတောင်းသည့်နေရာများ အထူးသဖြင့် Sabah နှင့် Sarawak တို့တွင်လည်း အများအားဖြင့် မဲရုံတစ်ခုထက်မက ရှိတတ်သည်။ မဲရုံမှူးကဦးဆောင်ပြီး မဲရုံအဖွဲ့ဝင် နှစ်ဦးမှ လေးဦးအထိ ကူညီဆောင်ရွက်ပေးသည်။

တပ်မတော်သားများနှင့် အိမ်ထောင်ဖက်များ၊ ရဲဝန်ထမ်းများနှင့် မိသားစုဝင်များဖြစ်သည့် ကြိုတင်ဆန္ဒမဲပေးမည့်သူများအတွက် ကြိုတင်ဆန္ဒမဲပေးရန် သတ်မှတ်ထားသည့်နေ့တွင် မဲပေးကြရမည်ဖြစ်သည်။ စာတိုက်မှ ဆန္ဒမဲပေးရန် အရည်အချင်းပြည့်မီသော မဲဆန္ဒရှင်များအတွက် စာတိုက်မှတစ်ဆင့် မဲလက်မှတ်များကို ပေးပို့သွားမည်ဖြစ်သည်။ သို့သော်လည်း အမှတ်အသားပြုထားသည့် စာတိုက်မှ မဲလက်မှတ်များအားလုံးကို မဲဆန္ဒပေးသည့်နေ့ ညနေ ၅ နာရီထက် နောက်မကျစေဘဲ စီမံခန့်ခွဲရေးအရာရှိက ပေးပို့ရမည်ဖြစ်သည်။

### ရွေးကောက်ပွဲရလဒ်များရေတွက်ခြင်းနှင့် ကြေညာခြင်း

### တရားဝင် မဲရေတွက်ခြင်း

မဲပေးခြင်းလုပ်ငန်းစဉ်ပြီးဆုံးသည်နှင့်တစ်ပြိုင်နက် မဲရုံအကြီးအကဲသည် မဲလက်မှတ်များကို ရေတွက်မည်ဖြစ်သည်။ ဤမဲရေတွက်မှုရလဒ်များကို ပုံစံ ၁၄ တွင် ထည့်သွင်းပေးမည်ဖြစ်သည်။ ပုံစံ ၁၄ အားလုံးကို တရားဝင်မဲစုစုပေါင်းပြုလုပ်ရန် စီမံခန့်ခွဲရေးအရာရှိထံ ပေးပို့မည်ဖြစ်သည်။ ဤပုံစံ ၁၄ ကို စစ်ဆေးပြီးနောက် အုပ်ချုပ်မှုအရာရှိသည် မှန်ကန်ကြောင်းတွေ့ရှိပါက အများသူငါ တစ်ဦးချင်းထံသို့ အသိပေးကြေညာမည်ဖြစ်ပြီး သံသယရှိပါက ပုံစံ ၁၃ ဖြင့် ထပ်မံစစ်ဆေးရမည်ဖြစ်သည်။

### ရွေးကောက်ပွဲရလဒ်ကြေညာခြင်း

ပုံစံ ၁၄ နှင့် ၁၅ တို့ကို ဖြည့်စွက်ပြီးသည့်နောက် သီးခြားမဲအများစုရရှိသည့် ကိုယ်စားလှယ်လောင်းအား ရွေးကောက်ပွဲဆိုင်ရာအုပ်ချုပ်မှုအရာရှိကကြေညာပြီး သက်ဆိုင်ရာမဲဆန္ဒနယ်၏ ရွေးကောက်ခံကိုယ်စားလှယ်အဖြစ် အတည်ပြုမည်ဖြစ်သည်။ ဆုံးဖြတ်ချက်သည် အပြီးအပြတ်အတည်ဖြစ်သည်။ ရွေးကောက်ပွဲရလဒ်ကို မကျေနပ်သော မည်သည့်ပါတီမဆို ရွေးကောက်ပွဲတရားရုံးတွင် ရွေးကောက်ပွဲ အသနားခံစာ တင်သွင်းနိုင်သည်။

### ကျင်းပပြီးစီးခဲ့သည့် ရွေးကောက်ပွဲများ

မလေးရှားနိုင်ငံ၏ အထွေထွေရွေးကောက်ပွဲများကို ၁၉၅၅ ခုနှစ်မှစ၍ ကျင်းပခဲ့ပြီး ၁၉၅၉ ခုနှစ်၊ ၁၉၆၄ ခုနှစ်၊ ၁၉၆၉ ခုနှစ်၊ ၁၉၇၄ ခုနှစ်၊ ၁၉၇၈ ခုနှစ်၊ ၁၉၈၂ ခုနှစ်၊ ၁၉၈၆ ခုနှစ်၊ ၁၉၉၀ ပြည့်နှစ်၊ ၁၉၉၅ ခုနှစ်၊ ၁၉၉၉ ခုနှစ်၊ ၂၀၀၄ ခုနှစ်၊ ၂၀၀၈ ခုနှစ်၊ ၂၀၁၃ ခုနှစ်၊ ၂၀၁၈ ခုနှစ်နှင့် ၂၀၂၂ ခုနှစ်တို့တွင် အသီးသီးကျင်းပခဲ့သည်။

### နောက်ဆုံးကျင်းပခဲ့သည့် ရွေးကောက်ပွဲ

(၁၅) ကြိမ်မြောက် မလေးရှားနိုင်ငံ အထွေထွေရွေးကောက်ပွဲကို ၂၀၂၂ ခုနှစ် နိုဝင်ဘာ ၁၉ ရက်တွင် ကျင်းပခဲ့သည်။ မလေးရှားနိုင်ငံ၏ (၁၅) ကြိမ်မြောက် ကျင်းပမည့်လွှတ်တော်အတွက် ကိုယ်စားလှယ်နေရာ ၂၂၂ နေရာအတွက် ရွေးကောက်ပွဲကို ကျင်းပပေးခဲ့ခြင်းဖြစ်သည်။ အဆိုပါ ရွေးကောက်ပွဲတွင် Pakatan Harapan (PH) ပါတီက ကိုယ်စားလှယ်နေရာ ၈၀ ကျော်ကိုလည်းကောင်း၊ Perikatna Nasional (PN) ပါတီက ကိုယ်စားလှယ်နေရာ ၇၀ ကျော်ကိုလည်းကောင်း၊ Barisan Nasional (BN) ပါတီက ကိုယ်စားလှယ်နေရာ ၃၀ ကိုလည်းကောင်း၊ Gabungan Parti Sarawak (GPS) ပါတီက ကိုယ်စားလှယ်နေရာ ၂၀ ကိုလည်းကောင်း၊ အခြားပါတီများက ကိုယ်စားလှယ်နေရာ ၁၀ ကျော်ကိုလည်းကောင်း အသီးသီးအနိုင်ရရှိခဲ့ကြောင်း တွေ့ရှိရသည်။

### နိဂုံး

မလေးရှားနိုင်ငံသည် ဒီမိုကရေစီလမ်းကြောင်းပေါ် လျှောက်လှမ်းရာ၌ ရွေးကောက်ပွဲဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများနှင့် မဲဆန္ဒရှင်ပြည်သူတို့၏ ရပိုင်ခွင့်များကို အလေးထားဆောင်ရွက်ခြင်းဖြင့် ဒီမိုကရေစီနည်းလမ်းကျသော ရွေးကောက်ပွဲများကျင်းပကာ ဒီမိုကရေစီလမ်းစဉ်ရှင်သန်အားကောင်းလာစေရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်ကို တွေ့ရှိရကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

# လေးနိုင်ငံထိပ်သီးအစည်းအဝေး တက်ရောက်ရန် ဝန်ကြီးချုပ် ကီရှီဒါ ဩစတြေးလျသို့ သွားရောက်မည်

**တိုကျို ဧပြီ ၂၃**

ဂျပန်ဝန်ကြီးချုပ် ဖူမီယိုကီရှီဒါသည် အမေရိကန်၊ ဩစတြေးလျနှင့် အိန္ဒိယ ခေါင်းဆောင်များနှင့် ဆွေးနွေးရန် မေလနှောင်းပိုင်းတွင် ဩစတြေးလျနိုင်ငံသို့ သွားရောက်ရန် စီစဉ်နေကြောင်း ဂျပန်အစိုးရ သတင်းအရင်းအမြစ်များက ပြောသည်။

ဟီရိုရှီးမား၌ ဂျီ-၇ ထိပ်သီးအစည်းအဝေးကို ဂျပန်နိုင်ငံက အိမ်ရှင်အဖြစ် ကျင်းပပြီးနောက် မကြာမီ လေးနိုင်ငံထိပ်သီးအစည်းအဝေးကို ကျင်းပခြင်းဖြစ်သည်။ ခေါင်းဆောင်များက စီးပွားရေး၊ လုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုနှင့် ရာသီဥတု ပြောင်းလဲမှုဆိုင်ရာများကို ဆွေးနွေးသွားဖွယ်ရှိသည်။

**အင်န်အိတ်ချ်ကေ**



ဂျပန်ဝန်ကြီးချုပ် ဖူမီယိုကီရှီဒါ။

# ရွှေ့ပြောင်းနေထိုင်သူ ၄၀ သေဆုံးမှုနှင့်ပတ်သက်၍ မက္ကဆီကို လူဝင်မှုကြီးကြပ်ရေး အရာရှိတစ်ဦး တရားစွဲဆိုခံရ

**မက္ကဆီကိုစီးတီး ဧပြီ ၂၃**

**ပြီးခဲ့သည့်လအတွင်းက ထိန်းသိမ်းရေးစခန်းတစ်ခု၌ မီးလောင်မှုအတွင်း ရွှေ့ပြောင်းနေထိုင်သူ ၄၀ သေဆုံးမှုနှင့်ပတ်သက်၍ မက္ကဆီကို လူဝင်မှုကြီးကြပ်ရေး ထိပ်တန်းအရာရှိတစ်ဦးကို ဧပြီ ၂၂ ရက်က တရားစွဲဆိုခဲ့သည်။**

ချီဟွာဟွာပြည်နယ် မြောက်ပိုင်းရှိ အမျိုးသားလူဝင်မှုကြီးကြပ်ရေး အင်စတီကျု၏ အကြီးအကဲဖြစ်သူ ဆယ်လ်ဗာဒါ ဂွန်ဇာလက်ဂေါ်ရီရိုအား လူသတ်မှု၊ ထိခိုက်ဒဏ်ရာရမှုနှင့် ပြည်သူ့ဝန်ဆောင်မှုကို ဥပဒေမဲ့လုပ်ဆောင်မှုတို့ဖြင့် တရားစွဲဆိုခံခဲ့ရကြောင်း ပြည်ထောင်စု တရားစီရင်ရေးကောင်စီမှ သိရသည်။

**မွေ့ရာမီးရှို့ရာ မီးလောင်**

အမေရိကန်နိုင်ငံ အယ်လ်ပါဆိုမြို့နှင့် ထိစပ်နေသည့် စီယူဒက်ဝါရက် နယ်စပ်ဒေသတွင် အခြားသော ရွှေ့ပြောင်းနေထိုင်သူ ၆၇ ဦးနှင့်အတူ ထိန်းသိမ်းခံထားရသူများအနက်တစ်ဦးက ၎င်း၏ အချုပ်ခန်းအတွင်းရှိ မွေ့ရာကို မီးရှို့ရာမှတစ်ဆင့် စတင်မီးလောင်ခဲ့ခြင်းဖြစ်ကြောင်း မက္ကဆီကို အာဏာပိုင်များက ဆိုသည်။

**ကယ်ထုတ်ခြင်းမရှိ**

လုံခြုံရေးကင်မရာ မှတ်တမ်းများအရ မီးလောင်မှု ဖြစ်ပွားစဉ် လူဝင်မှုကြီးကြပ်ရေးနှင့် လုံခြုံရေးဝန်ထမ်းများက ရွှေ့ပြောင်းနေထိုင်သူများကို ဘေးလွတ်ရာသို့ ကယ်ထုတ်ရန် လုပ်ဆောင်ခဲ့ခြင်း မရှိသည့်အတွက် ဂွါတီမာလာနိုင်ငံသား ၁၉ ဦး၊ အယ်လ်ဆာဗေးဒိုမှ ခုနစ်ဦး၊ ဗင်နီဇွဲလားနိုင်ငံသား ခုနစ်ဦး၊ ဟွန်ဒူးရပ်စ် နိုင်ငံသား ခြောက်ဦးနှင့် ကိုလံဘီယာ နိုင်ငံသားတစ်ဦးတို့ သေဆုံးခဲ့သည်။

ယင်းဖြစ်စဉ်နှင့် ပတ်သက်၍ အခြား လူဝင်မှုကြီးကြပ်ရေး အရာရှိ လေးဦးအပြင် လုံခြုံရေးအစောင့်တစ်ဦးနှင့် မီးရှို့မှုအတွက် စွပ်စွဲခံထားရသည့် အမျိုးသားတစ်ဦးတို့ကို ဖမ်းဆီးထားသည်။

**အေအက်ဖ်ပီ**




# ဂျပန်နိုင်ငံရှိ ဟိုတယ်ခန်းဈေးနှုန်း ၂၀၁၉ ကိုဗစ်-၁၉ ကာလမတိုင်မီ အချိန်နှင့်နှိုင်းယှဉ်လျှင် ၁၅ ရာခိုင်နှုန်းတိုးလာ

**တိုကျို ဧပြီ ၂၃**

ဂျပန်နိုင်ငံရှိ ဟိုတယ်ဈေးနှုန်းမှာ ၂၀၁၉ ခုနှစ် ကိုဗစ် -၁၉ ကပ်ရောဂါ ကာလမတိုင်မီ အချိန်များနှင့် နှိုင်းယှဉ်လျှင် ၁၅ ရာခိုင်နှုန်း တိုးလာသည်ဟု လေ့လာမှုတစ်ခုအရ သိရသည်။

အက်စ်တီအာဟု ခေါ်သည့် အမေရိကန်ကုမ္ပဏီမှ တစ်ကမ္ဘာလုံးအနှံ့ ဟိုတယ်လုပ်ငန်းအတွက် ဈေးကွက် အချက်အလက်များကို ထောက်ပံ့ပေးနေသည့် ကုမ္ပဏီဖြစ်ပြီး အဆိုပါကုမ္ပဏီက လေ့လာမှု ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ ဂျပန်နိုင်ငံတွင် ဇန်နဝါရီလမှ မတ်လအတွင်း ပျမ်းမျှ ဟိုတယ်အခန်းဈေးနှုန်းမှာ ဒေါ်လာ ၁၂၀ ရှိသည်ဟု ဖော်ပြထားသည်။ အဆိုပါ ပမာဏမှာ ၂၀၁၉ခုနှစ်က ပမာဏနှင့် နှိုင်းယှဉ်လျှင် ၁၅ ဒသမ ၇ ရာခိုင်နှုန်း တိုးလာသည်ဟု သိရသည်။

တိုကျို၌ ဟိုတယ်အခန်းခဈေးနှုန်းမှာ ဈေးအကြီးဆုံးဖြစ်ပြီး ဒေါ်လာ ၁၆၀ နီးပါးရှိသည်ဟု လေ့လာမှုအရ သိရသည်။ အဆိုပါဈေးနှုန်းမှာလည်း ၂၀၁၉ ခုနှစ်ကနှင့်နှိုင်းယှဉ်လျှင် ၁၇ ရာခိုင်နှုန်း တိုးလာသည်ဟု သိရသည်။ ပြည်တွင်းခရီးသွားများ တိုးမြှင့်ရန်အတွက် အစိုးရက အကူအညီများပေးမှု၊ ဆိပ်ကမ်းများတွင် ကိုဗစ်-၁၉ အတွက် တင်းကျပ်ထားသည့် စည်းကမ်းများ လျှော့ချပေးမှုတို့ကြောင့် ယခုလို ခရီးသွားလာမှု တိုးလာခြင်းဖြစ်ကြောင်း အက်စ်တီအာ၏ ဖော်ပြချက်အရ သိရသည်။

သယ်ယူပို့ဆောင်မှု လုပ်ငန်းများ ပြန်လည်စတင်ရာတွင် လျင်မြန်ခြင်းနှင့် မြို့တော်သို့ လေကြောင်းပြေးဆွဲမှုများ မြန်ဆန်ခြင်းတို့ကြောင့် တိုကျိုသို့ လာရောက် လည်ပတ်သည့် ခရီးသွားဧည့်သည်များ တိုးလျက်ရှိသည်။ **အင်န်အိတ်ချ်ကေ**



# ဧဝရက်တောင်ထိပ်သို့ တက်ရောက်ခွင့်ရသည့် တောင်တက်သမားအရေအတွက် စံချိန်တင်

**ခတ္တမန္ဒူ ဧပြီ ၂၃**

နွေဦးရာသီတွင် နီပေါနိုင်ငံဘက်ခြမ်းမှ ကမ္ဘာ့အမြင့်ဆုံး ဧဝရက်တောင်ထိပ်သို့ တက်ရောက်ခွင့်ရရှိသည့် တောင်တက်သမားအရေအတွက် စံချိန်တင်များပြားကြောင်း တာဝန်ရှိသူတစ်ဦးက ဧပြီ ၂၃ ရက်တွင် ပြောကြားသည်။

နီပေါနိုင်ငံ၏ ခရီးသွားလာရေးဌာနက ဧပြီ ၂၀ ရက်အထိ နိုင်ငံပေါင်း ၆၁ နိုင်ငံမှ တောင်တက်သမား ၄၅၄ ဦးကို ၈၈၄၈ ဒသမ ၈၆ မီတာ အမြင့်ရှိ တောင်ထွတ်သို့ တက်ရောက်ရန် ခွင့်ပြုမိန့်ထုတ်ပေးခဲ့ကာ တောင်တက်သမားများ၏ သုံးပုံနှစ်ပုံကျော်မှာ အမျိုးသမီးများဖြစ်သည်။

ယခုတက်ရောက်ခွင့်ပြုထားသည့် တောင်တက်သမားအရေအတွက်မှာ ဧဝရက်တောင် တက်ရောက်မှုသမိုင်းတွင် စံချိန်တင်အများဆုံးဖြစ်ကြောင်း နီပေါခရီးသွားလာရေးဌာနမှ အရာရှိ ဘီဂရန်ခိုရီယာလာ က ပြောကြားသည်။

တောင်ထိပ်သို့ တက်ရောက်ခွင့်ပြုမိန့်ရရှိထားသည့် တောင်တက်သမားများအနက် ၉၆ ဦးသည် တရုတ်နိုင်ငံမှဖြစ်ပြီး ၈၇ ဦးမှာ အမေရိကန်နှင့် အိန္ဒိယမှ တောင်တက်သမား ၄၀ တို့ဖြစ်သည်။ ဧဝရက်တောင်တက် ရာသီသည် လာမည့်မေလဒုတိယပတ်တွင် စတင်တော့မည်ဖြစ်ပြီး တောင်ထိပ်သို့ တက်ရောက်ခွင့်ရရှိရန် တောင်တက်သမားတစ်ဦးလျှင် အမေရိကန်ဒေါ်လာ ၁၁၀၀၀ ပေးဆောင်ရမည်ဖြစ်သည်။ **ဆင်ဟွာ**

# မာလီတွင် ဗုံးခွဲတိုက်ခိုက်မှုကြောင့် အရပ်သားကိုးဦး သေဆုံး

**ဘာမာကို ဧပြီ ၂၃**

မာလီနိုင်ငံအလယ်ပိုင်း လေဆိပ်ရေီယာတွင် ဧပြီ ၂၂ ရက်က လက်နက်ကိုင် အကြမ်းဖက်အုပ်စု၏ ကားဗုံးခွဲတိုက်ခိုက်မှုကြောင့် အရပ်သားကိုးဦးထက်မနည်း သေဆုံးခဲ့ပြီး ၆၁ ဦး ဒဏ်ရာရရှိခဲ့သည်ဟု သိရသည်။

မော့ဘ်တီဒေသ ဆီဗာရာလေဆိပ်ရှိ လေတပ်အခြေစိုက်စခန်း ၁၀၂ ကို ဦးတည်ကာ ဗုံးခွဲတိုက်ခိုက်မှုပြုလုပ်ခဲ့ခြင်းဖြစ်ပြီး ပျက်စီးဆုံးရှုံးမှု များပြားကြောင်း မော့ဘ်တီဒေသ ဆက်သွယ်ရေးယူနစ်မှ ပြောသည်။ ပေါက်ကွဲစေသည့်ပစ္စည်း အပြည့်တင်ထားသော မော်တော်ကားသုံးစီးကို ဒရုန်းအသုံးပြု၍ ဖောက်ခွဲမှုပြုလုပ်ခဲ့ခြင်းဖြစ်သည်ဟု သိရသည်။

၂၀၁၂ ခုနှစ်မှ စတင်ကာ မာလီနိုင်ငံ၌ စီးပွားရေးနှင့် လုံခြုံရေးဆိုင်ရာ ပဋိပက္ခများနှင့် ရင်ဆိုင်ကြုံတွေ့ခဲ့ရသည်။ ပဋိပက္ခများကြောင့် ထောင်နှင့်ချီသည့်လူများမှာ နေရပ်စွန့်ခွာ ရွှေ့ပြောင်းမှုများ ပြုလုပ်ခဲ့ရသည်။ **ဆင်ဟွာ**

# တိုကျိုမြို့၌ ကိုဗစ်-၁၉ ထပ်မံကူးစက်ခံရသူ ၁၁၃၈ ဦးတွေ့ရှိ

**တိုကျို ဧပြီ ၂၃**

တိုကျိုမြို့၌ ဧပြီ ၂၃ ရက်တွင် ကိုဗစ်-၁၉ ထပ်မံကူးစက်ခံရသူ ၁၁၃၈ဦး တွေ့ရှိကြောင်း ဂျပန်ကျန်းမာရေးဝန်ကြီးဌာနက အတည်ပြုထားသည်။

တိုကျိုမြို့၌ နေ့စဉ်ကိုဗစ်-၁၉ ကူးစက်မှုမှာ လွန်ခဲ့သော တစ်ပတ်ကထက် ၂၄၆ ဦးတိုးလာပြီး တစ်ပတ်ထက် တစ်ပတ်ကူးစက်မှု တိုးလာသည်မှာ ခုနစ်ရက်ဆက်တိုက်ရှိပြီဖြစ်ကြောင်း သိရသည်။ မြို့တော်တိုကျိုတွင် ကိုဗစ်-၁၉ နှင့်ဆက်စပ်ပြီး သေဆုံးသူ သုံးဦးရှိကြောင်း ဝန်ကြီးဌာနက အတည်ပြုထားသည်။ နိုင်ငံတစ်ဝန်း ဧပြီ ၂၃ ရက်တွင် ကိုဗစ်-၁၉ ကူးစက်ခံရသူသစ် ၈၆၉၄ ဦးရှိပြီး အဆိုပါရောဂါကြောင့် ထပ်မံသေဆုံးသူ ၂၀ ရှိကြောင်း သိရသည်။ **အင်န်အိတ်ချ်ကေ**

# ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရန် တရုတ်နှင့် ဖိလစ်ပိုင်နိုင်ငံတို့ သဘောတူ

**မနီလာ ဧပြီ ၂၃**

တရုတ်နှင့် ဖိလစ်ပိုင်နိုင်ငံတို့သည် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရန် ဧပြီ ၂၂ ရက်က သဘောတူခဲ့ကြကြောင်း သိရသည်။

ဖိလစ်ပိုင်သို့ အလည်အပတ်ရောက်ရှိနေသော တရုတ်နိုင်ငံတော်ကောင်စီဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး ချင်ဂန်းနှင့် တွေ့ဆုံစဉ် ဖိလစ်ပိုင်သမ္မတ ဖာဒီနန်ရိုမြူလ်ဒက်ဇ်မားကို့စ်က ဖိလစ်ပိုင်နှင့် တရုတ်နိုင်ငံတို့သည် နီးကပ်သောဖလှယ်မှုများကို ထိန်းသိမ်းထားပြီး ပူးပေါင်းဆောင်ရွက်မှု၏ အကျိုးရလဒ်များ ဖြစ်ထွန်းလျက်ရှိကြောင်း ပြောသည်။

ဒေသတွင်း ငြိမ်းချမ်းရေးနှင့် သာယာဝပြောရေးကို ကာကွယ်စောင့်ရှောက်ရန်အလို့ငှာ ဆက်သွယ်ရေး အားကောင်းခိုင်မာစေရန်၊ ရေကြောင်းဆိုင်ရာ ကိစ္စရပ်များကို နည်းလမ်းမှန်မှန် ကိုင်တွယ်ဖြေရှင်းရန်နှင့် နှစ်နိုင်ငံအကြား အလုံးစုံသောဆက်ဆံရေးကို နှောင့်ယှက်ခြင်းမှ ကာကွယ်တားဆီးရန် ဖိလစ်ပိုင်နိုင်ငံအနေဖြင့် ဆန္ဒရှိကြောင်း ပြောသည်။

ချင်ဂန်းက အပြန်အလှန်လေးစားမှု၊ ချစ်ကြည်ရင်းနှီးမှု၊ ကတိတည်မှု၊ ယုံကြည်စိတ်ချရမှုနှင့် နှစ်နိုင်ငံအကြား အပြန်အလှန် အကျိုးတူပူးပေါင်းဆောင်ရွက်မှုက နှစ်ဖက်စလုံး၏ အခြေခံကျသော အကျိုးစီးပွားများဖြစ်ကြောင်း ပြောသည်။ **ဆင်ဟွာ**



ဖိလစ်ပိုင်သမ္မတနှင့် တရုတ်နိုင်ငံတော်ကောင်စီဝင်နှင့် နိုင်ငံခြားရေးဝန်ကြီးတို့ မနီလာ၌ ဧပြီ ၂၂ ရက်က တွေ့ဆုံစဉ်။



# ဆူဒန်ရှိ အမေရိကန် သံရုံးဝန်ထမ်းများကို ရဟတ်ယာဉ်ဖြင့် ကယ်ထုတ်

**ခါတွန် ဧပြီ ၂၃**

ဆူဒန်နိုင်ငံရှိ အမေရိကန် သံရုံး အမှုထမ်းများနှင့် ၎င်းတို့၏ မိသားစုဝင်များကို ဆူဒန်နိုင်ငံ မြို့တော်ခါတွန်မှ ဧပြီ ၂၃ ရက်တွင် ဘေးလွတ်ရာသို့ ပြောင်းရွှေ့ပေးခဲ့သည်ဟု သိရသည်။

သယ်ယူပို့ဆောင်ရေး ရဟတ်ယာဉ်သုံးစင်းဖြင့် ခါတွန်မှ ဂျီဘူတီ၊ ထိုမှတစ်ဆင့် အီသီယိုးပီးယားသို့ ပို့ဆောင်ပေးခဲ့သည်ဟု ပင်တဂွန် စစ်ဌာနချုပ်နှင့် အမေရိကန် နိုင်ငံခြားရေးဝန်ကြီးဌာနမှ အရာရှိများက ပြောသည်။

အခြားနိုင်ငံမှ လူအနည်းငယ်အပါအဝင် လူပေါင်း ၁၀၀ ထက်မနည်းကို ဘေးလွတ်ရာသို့ ပြောင်းရွှေ့ပေးခဲ့သည်ဟု သိရသည်။ ဂျီဘူတီ၊ အီသီယိုးပီးယားနှင့် ဆော်ဒီအာရေဗျတို့ကို ကယ်တင်ရေး လုပ်ငန်းစဉ်တွင် ကူညီပေးခဲ့သည့်အတွက် ကျေးဇူးတင်ကြောင်း ကြေညာချက် ထုတ်ပြန်ခဲ့သည်။ ကယ်ဆယ်ရေး လုပ်ငန်း လုပ်ဆောင်ရာတွင် အမေရိကန် တပ်ဖွဲ့ဝင်များနှင့်အတူ ဆူဒန်နိုင်ငံမှ လက်နက်ကိုင်အဖွဲ့အစည်းဖြစ်သည့် Rapid Support forces ကလည်း ကူညီပေးခဲ့ကြောင်း အဆိုပါအဖွဲ့မှ ပြောသည်။

သို့သော်လည်း အမေရိကန် နိုင်ငံခြားရေးဝန်ကြီးဌာန အဆင့်မြင့်အရာရှိတစ်ဦးက အဆိုပါအဖွဲ့၏ ပြောကြားချက်ကို ပယ်ချခဲ့သည်။ ခါတွန်မြို့ရှိ အမေရိကန် သံရုံးလုပ်ဆောင်မှုများကို ယာယီဆိုင်းငံ့ထားမည် ဖြစ်သည်ဟု အမေရိကန် နိုင်ငံခြားရေးဝန်ကြီးဌာနက ပြောသည်။

ဆူဒန် တပ်ဖွဲ့နှင့် Rapid Support forces တို့အကြား ပဋိပက္ခများကြောင့် လုံခြုံရေး စိုးရိမ်ရသည့် အခြေအနေများ ဖြစ်ပေါ်လာသည့်အတွက် ယခုလို ဆောင်ရွက်ရခြင်း ဖြစ်ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနမှ ပြောသည်။ **အင်န်အိတ်ချ်ကေ**

# အီရန်နိုင်ငံမှ တစ်ရက် ဒီဇယ်လီတာ ၁၀ သန်းနီးပါးခန့် မှောင်ခိုထုတ်နေဟုဆို

**တီဟီရန် ဧပြီ ၂၃**

တစ်ရက်လျှင် ပျမ်းမျှဒီဇယ်လီတာ ၁၀ သန်းနီးပါးခန့် အီရန်နိုင်ငံမှ မှောင်ခိုထုတ်မှုဖြစ်ပွားနေကြောင်း အီရန်ရေနံ ဒုတိယဝန်ကြီး ဂျေလ်အီးလ်ဆာလာရီက ပြောသည်။

အမျိုးသား ရေနံသန့်စင်ရေးနှင့် ဖြန့်ဖြူးရေးကုမ္ပဏီ(အင်န်အိုင်အိုအာရ်ဒီစီ)၏ဦးဆောင်ညွှန်ကြားရေးမှူးလည်းဖြစ်သူ ဆာလာရီက ဧပြီ ၂၂ ရက်တွင် ဖော်ပြခဲ့သော အီရန်သတင်းအေဂျင်စီ အိုင်အာရ်အင်န်အေနှင့် အင်တာဗျူးတစ်ခုတွင် ထိုကဲ့သို့ ပြောကြားလိုက်ခြင်း ဖြစ်သည်။

အီရန်နိုင်ငံ၌ ဒီဇယ်တစ်လီတာ ဈေးနှုန်းမှာ အမေရိကန်ဒေါ်လာ ၀ ဒသမ ၈ ဒေါ်လာ ဝန်းကျင်သာရှိကြောင်း၊ အဆိုပါပမာဏမှာ အိမ်နီးချင်းနိုင်ငံများထက် လျော့နည်းကြောင်း ၎င်းက ပြောသည်။ ထို့အပြင် အီရန်နှင့် အိမ်နီးချင်းနိုင်ငံများအကြား ဒီဇယ်ဈေးနှုန်းကွာခြားမှုများက မှောင်ခိုလုပ်ငန်းကိုဆွဲဆောင်မှုဖြစ်စေသည်ဟု ၎င်းက ဖြည့်စွက်ပြောသည်။

လက်ရှိ အီရန်နိုင်ငံ သယ်ယူပို့ဆောင်ရေးကဏ္ဍ၏နေ့စဉ်ဒီဇယ်သုံးစွဲမှုပမာဏသည် လီတာ ၈၄ သန်းရှိကြောင်းနှင့် တစ်ရက်လျှင် လီတာ ၇၅ သန်းထက် မကျော်လွန်သင့်ကြောင်း ၎င်းက ပြောသည်။ ဒီဇယ်မှောင်ခိုရောင်းဝယ်မှုကို တားဆီးနိုင်ရန်အတွက် အီရန်သည် ငွေကြေးစီးဆင်းမှုကို ပိုမိုထိန်းချုပ်ရန်နှင့် သံသယဖြစ်ဖွယ် အရောင်းအဝယ်များကို ဖော်ထုတ်နိုင်ရန် စက်သုံးဆီကတ်များ အသုံးပြုမှုနှင့် စမတ်စနစ်များကို အဆင့်မြှင့်တင်ထားကြောင်း ဆာလာရီက ပြောသည်။

လွန်ခဲ့သည့် လများအတွင်း အီရန်ရေတပ်သည် စက်သုံးဆီ တရားမဝင်သယ်ဆောင်လာသော သင်္ဘောအများအပြား ဖမ်းဆီးထိန်းသိမ်းနိုင်ခဲ့ကြောင်း သိရသည်။ **ဆင်ဟွာ**

# ဂျပန်ရှိ နိုင်ငံခြားသားကလေးငယ် ၈၀၀၀ မှာ မသင်မနေရပညာရေး မရရှိကြဟုဆို

**တိုကျို ဧပြီ ၂၃**

ဂျပန်နိုင်ငံတွင် နေထိုင်လျက်ရှိသော နိုင်ငံခြားသား ကလေးငယ် ၈၀၀၀ ကျော်မှာ မသင်မနေရ ပညာရေးကို မရရှိကြောင်း အစိုးရစစ်တမ်းတစ်ခု၌ တွေ့ရှိသည်ဟု ဆိုသည်။

ဂျပန်ပညာရေး ဝန်ကြီးဌာနအနေဖြင့် ပြီးခဲ့သည့် လေးနှစ်တာကာလအတွင်း ကျောင်းနေအရွယ် နိုင်ငံခြားသား ကလေးငယ်များနှင့် ပတ်သက်ပြီး ပညာရေးဘုတ်အဖွဲ့များကို နှစ်စဉ်စစ်တမ်းကောက်ယူလျက်ရှိကြောင်း သိရသည်။ ပြီးခဲ့သည့်နှစ် မေလအထိ ကောက်ယူရရှိသော နောက်ဆုံးစစ်တမ်းတွင် မူလတန်း သို့မဟုတ် အလယ်တန်းမှ နိုင်ငံခြားသား ကလေးငယ် ၁၃၆၂၃ ဦးမှာ နေထိုင်သူများအဖြစ် စာရင်းသွင်းခဲ့ကြကြောင်း ဖော်ပြထားသည်။

အဆိုပါ ကလေးငယ်များထဲမှ ၈၁၈၃ ဦးမှာ ကျောင်းတက်ရောက်ခြင်း သို့မဟုတ် ၎င်းတို့၏ ပညာရေးအဆင့်အတန်းကို အတည်ပြုထားနိုင်ခြင်း မရှိကြောင်းနှင့် အဆိုပါ အရေအတွက်သည် ယခင်စစ်တမ်းကောက်ယူမှုထက် ၁၈၀၀ ခန့် ကျဆင်းလာကြောင်း သိရသည်။

ဂျပန်နိုင်ငံတွင် နေထိုင်သော အချို့နိုင်ငံခြားသားများသည် ကလေးငယ်များ အခမဲ့စာသင်ကြားနိုင်သည်ကို မသိရှိကြကြောင်း ဝန်ကြီးဌာနက ပြောသည်။ ဂျပန်လူမျိုးမဟုတ်သော နေထိုင်သူများထံသို့ သတင်းအချက်အလက်ပေးရန် ဒေသဆိုင်ရာ တာဝန်ရှိသူများကို အဆိုပါ ဝန်ကြီးဌာနက တိုက်တွန်းထားသည်။ **အင်န်အိတ်ချ်ကေ**



နိုင်ငံခြားသား ကလေးငယ်များအား ဂျပန်ဘာသာစကားအတန်းတစ်ခု၌ သင်ကြားပေးစဉ်။

# တရုတ်နိုင်ငံ၌ တစ်ပတ်ရစ်ကားရောင်းချမှု မတ်လတွင် ဆက်တိုက်တိုးလာ

**ပေကျင်း ဧပြီ ၂၃**

တရုတ်နိုင်ငံ၌ တစ်ပတ်ရစ်ကားရောင်းချမှုမှာ မတ်လတွင် ဆက်တိုက်တိုးတက်လာသည်ဟု တရုတ်နိုင်ငံ ကားရောင်းဝယ်ရေးအသင်းကြီးက ဖော်ပြသည့် အချက်အလက်များအရသိရသည်။

ပြီးခဲ့သည့်လအတွင်း တစ်ပတ်ရစ်ကား ၁ ဒသမ ၅၇ သန်းရောင်းချရပြီး ပြီးခဲ့သည့်နှစ်နှင့် နှိုင်းယှဉ်လျှင် ၁၈ ဒသမ ၉ ရာခိုင်နှုန်း တိုးလာခြင်းဖြစ်ပြီး ဖေဖော်ဝါရီလနှင့် နှိုင်းယှဉ်လျှင် ၇ ဒသမ ၄ ရာခိုင်နှုန်းတိုးလာခြင်းဖြစ်သည်ဟု အဆိုပါအသင်းကြီး၏ ပြောကြားချက်အရသိရသည်။ ယခုနှစ်ပထမလေးလတာအတွင်း တစ်ပတ်ရစ်ကား ၄ ဒသမ ၂၇ သန်းကို နိုင်ငံအတွင်း ရောင်းချနိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

တရုတ်နိုင်ငံ ကားရောင်းဝယ်ရေးအသင်းကြီးက ကားဟောင်းဈေးကွက်အတွက် အပြုသဘောဆောင်သည့် ခန့်မှန်းချက်ပြုလုပ်ခဲ့ပြီး ပုံမှန်စီးပွားရေးတိုးတက်လာခြင်းနှင့် စီးပွားရေးလုပ်ငန်းများတွင် ယုံကြည်မှုခိုင်မာလာခြင်းတို့ကြောင့် ဈေးကွက်မှာ အကောင်းဘက်သို့ ဦးတည်လာမည်ဟု ခန့်မှန်းထားသည်။

**ဆင်ဟွာ**

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**သတင်းထုတ်ပြန်ချက်**

## အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်ခြင်း

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့ နောက်ပိုင်းမှစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကိုထောက်ခံသူ အစွန်းရောက်များ၊ မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDM လှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAO များ တည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့် ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့် ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

**၃။ ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက် တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင်အဆောက်အဦများအား ဖျက်ဆီးမှု၊ (CDM) လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာ ကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည် ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည် ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာ တစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏နေရပ်များသို့ ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရ ဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင် စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာ သံရုံး၊ စစ်သံရုံး၊ ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**❐ ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင်အဆောက်အဦများအား ဖျက်ဆီးမှု၊ (CDM) လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာ ကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည် ဖြစ်ပါသည်။**

## ဗီယက်နမ်နိုင်ငံက ကျင်းပသော HICAC 2023 သို့ မြန်မာအပြည်ပြည်ဆိုင်ရာ အနုညာတခုံရုံးအသင်းမှ ကိုယ်စားလှယ်အဖွဲ့တက်ရောက် စာတမ်းဖတ်ကြားမှုအတွေ့အကြုံများ ထပ်ဆင့်ရှင်းလင်း

**ရန်ကုန် မေ ၂၃**

ဗီယက်နမ်နိုင်ငံ ဟိုချီမင်း City Construction Law Society က ဦးဆောင်ကျင်းပသော Hochimin City International Construction Arbitration Conference HICAC-2023 သို့ ဥက္ကဋ္ဌ၏ ဖိတ်ကြားချက်အရ မြန်မာအပြည်ပြည်ဆိုင်ရာ အနုညာတခုံရုံးအသင်း (အမ်အိုင်အေစီ) Myanmar International Arbitration (MIAC) မှ ဦးအဲလ်ဘတ်ဇော်မင်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် မေ ၁၆ ရက်မှ မေ ၂၀ ရက်အထိ တက်ရောက်ခဲ့ပြီး Conference တွင် MIAC က "Experiences from Secretariat of Regional Institutions in dealing with complex construction arbitration" ခေါင်းစဉ်ဖြင့် ဆွေးနွေးခဲ့သည်။ (ဝဲပုံ)



ထိုသို့ဆောင်ရွက်မှု အတွေ့အကြုံများကို မြန်မာအပြည်ပြည်ဆိုင်ရာ အနုညာတခုံရုံးအသင်း (ဗဟို)၊ တိုင်းဒေသကြီး၊ ပြည်နယ်နှင့် ခရိုင်အမှုဆောင်များသို့ Virtual အားဖြင့် လည်းကောင်း၊ Inperson အားဖြင့်လည်းကောင်း မေ ၂၂ ရက်က ထပ်ဆင့်ရှင်းလင်းဆွေးနွေးပွဲ ပြုလုပ်ကြောင်း သိရသည်။

**မောင်မောင်(လျှပ်စစ်)**

## အပူဒဏ်ကြောင့် သတိလစ်ခြင်းအား အရေးပေါ်ရှေးဦးပြုစုပါ

အပူဒဏ်ကြောင့် သတိလစ်ခြင်း (Heat Stroke) ခံစားရပါက အောက်ဖော်ပြပါ ရောဂါလက္ခဏာများအား ခံစားရနိုင်ပါသည်-

- ❖ အရေပြားပူ၍ခြောက်သွေ့ခြင်း (သို့) ချွေးအလွန်အကျွံထွက်ခြင်း
- ❖ စိတ်ရှုပ်ထွေးခြင်း
- ❖ သတိလစ်ခြင်း
- ❖ တက်ခြင်း
- ❖ ခန္ဓာကိုယ်အပူချိန် အလွန်အကျွံမြင့်တက်ခြင်းတို့ဖြစ်ပါသည်။

အထက်ပါ အပူဒဏ်လက္ခဏာများ ခံစားနေရသော လူနာအား တွေ့ရှိပါက -

- ❖ လူနာအား အရိပ်ရ၊ အေးမြသောနေရာ(သို့) လေပန်ကာရှိသောနေရာ (သို့) လေအေးပေးစက်ရှိသောအခန်းသို့ ရွှေ့ပြောင်းပါ။
- ❖ လူနာအား နီးစပ်ရာ ဆေးရုံ/ဆေးခန်းသို့ အမြန်ဆုံးပို့ဆောင်ပါ။ အရိပ်ရသည့်နေရာသို့ ပို့ဆောင်ပါ (သို့မဟုတ်) အရိပ်ရအောင် ဆောင်ရွက်ပေးပါ။
- ❖ အောက်ဖော်ပြပါနည်းလမ်းများအတိုင်း ရှေးဦးစွာပြုစုပေးပါ။

၁။ လူနာ၏ ခြေရင်းဘက်အား မြှင့်ထားပေး၍ ပက်လက်အနေအထားဖြင့် ထားပါ။

၂။ လူနာ၏ အဝတ်အစားများအား ချွတ်ပေးပါ။

၃။ လူနာကောင်းစွာ သတိရနေပါက ရေအေးအေး (သို့) ဓာတ်ဆားရည် (ORS) တိုက်ပေးပါ။

၄။ လူနာ၏ကိုယ်ပေါ်သို့ ရေအေးအေး ဖျန်းပေးပါ။

၅။ လူနာ၏ လည်ပင်း၊ ချိုင်းနှစ်ဖက်၊ ပေါင်ခြံနှစ်ဖက်တို့အား ရေအေးအေး (သို့) ရေခဲစိမ်ထားသော အဝတ်များဖြင့် ရေပတ်အုပ်ပေးပါ။

၆။ လေပန်ကာရှိပါက လူနာအား ပန်ကာလေမှုတ်ပေးပါ (သို့) ယပ်ခတ်ပေးပါ။

**အရေးပေါ်ရှေးဦးပြုစုခြင်းများ ဆောင်ရွက်ပြီးလျှင် ဆေးရုံ၊ ဆေးခန်း၊ ကျေးလက် ကျန်းမာရေးဌာနများသို့ အမြန်ဆုံးပို့ဆောင်၍ ကုသမှုခံယူရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။**

**ကျန်းမာရေးဝန်ကြီးဌာန**



MIU အသင်းနှင့် VUC အသင်း ယှဉ်ပြိုင်စဉ်။

## MFF ဖူဆယ်လိဂ် - ၁ ဒုတိယအကျော့အဖွင့်ပွဲတွင် ပွဲအများစု သရေရလဒ်ထွက်ပေါ်

**ရန်ကုန် မေ ၂၃**

MFF ဖူဆယ်လိဂ်-၁ ပြိုင်ပွဲ ဒုတိယအကျော့ ပထမဆုံးရက်သတ္တပတ်ဖြစ်သည့် ပွဲစဉ် (၁၀) ကို မေ ၂၃ ရက်က ရန်ကုန်မြို့ သုဝဏ္ဏဘောလုံးကွင်းရှိ MFF ဖူဆယ်အားကစားရုံ၌ ကျင်းပရာ ထိပ်သီးနှစ်သင်းဖြစ်သည့် MIU နှင့် VUC အသင်းပွဲအပါအဝင် ပွဲအများစု သရေရလဒ်ထွက်ပေါ်ခဲ့သည်။

ပွဲစဉ် (၁၀) တွင် Dream Team အသင်းက AKG အသင်းကို ကိုးဂိုး-နှစ်ဂိုး၊ Generations အသင်းက MFF ယူ-၁၈ အသင်း ကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့ပြီး MIU အသင်းနှင့် VUC အသင်းတို့ နှစ်ဂိုးစီသရေ၊ Futsal-19 အသင်းနှင့် Winner Soccer အသင်းတို့ သုံးဂိုးစီသရေ၊ ဖူဆယ်ချစ်သူအသင်းနှင့် AMM Brothers အသင်းတို့ နှစ်ဂိုးစီသရေကျခဲ့သည်။

ထိပ်သီးနှစ်သင်း တွေ့ဆုံသည့်ပွဲတွင် MIU အသင်းသည် နှစ်ဂိုးပြတ် အနိုင်ရလဒ်ဖြင့် ဦးဆောင်နိုင်ခဲ့သော်လည်း ချေပဂိုးများပေးခဲ့ရသဖြင့် သရေရလဒ်ဖြင့် ကျေနပ်ခဲ့ရသည်။ MIU အသင်းသည် ၁၈ မိနစ်တွင် မျိုးသက်အောင်၊ ၂၂ မိနစ်တွင် နာတာဝပ်တို့၏သွင်းဂိုးများဖြင့် ဦးဆောင်နိုင်သော်လည်း VUC အသင်းအတွက် ချေပဂိုးများကို ၂၈ မိနစ်တွင် ဝေဇင်ဦး၊ ၃၆ မိနစ်တွင် နိုင်လင်းထွန်းကျော်တို့က သွင်းယူခဲ့သည်။

MIU အသင်းနှင့် VUC အသင်းတို့ သရေရလဒ်ကြောင့် ရမှတ် ၂၆ မှတ်စီဖြင့် ထိပ်ဆုံးတွင် အပြိုင်ဖြစ်နေပြီး VUC အသင်းက ဂိုးကွာခြားချက်အသာဖြင့် ဆက်လက်ဦးဆောင်နေသည်။ **ရဲရင့်လွင်၊ ဓာတ်ပုံ-MFF**

# ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၄-၄-၂၀၂၃

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၀၅၅ | ၂၁၀၀ | ၂၀၉၅ | ၂၀၆၀ | ၂၁၀၀ | ၂၁၂၅ | ၂၁၁၀ | ၂၀၈၅ | ၂၁၈၅ | ၂၂၀၀ | ၂၀၉၅ | ၂၁၀၀ | ၂၁၄၀ | ၂၁၄၀ | ၂၁၄၀ | ၂၃၇၀ | ၂၈၁၀ |
| 95 Ron | ၂၁၄၅ | ၂၁၉၅ | ၂၁၉၅ | ၂၁၅၅ | ၂၁၉၅ | ၂၂၁၅ | ၂၂၀၀ | ၂၁၈၀ | ၂၂၇၅ | ၂၂၉၅ | ၂၁၈၅ | ၂၂၀၀ | ၂၂၃၀ | ၂၂၃၀ | ၂၂၃၅ | ၂၄၆၅ | ၂၈၈၅ |
| HSD (500 ppm) | ၁၉၇၅ | ၂၀၂၅ | ၂၀၂၀ | ၁၉၈၀ | ၂၀၂၀ | ၂၀၄၅ | ၂၀၄၀ | ၂၀၀၅ | ၂၁၂၅ | ၂၁၂၀ | ၂၀၁၅ | ၂၀၂၅ | ၂၀၆၀ | ၂၀၆၀ | ၂၀၆၅ | ၂၂၉၀ | ၃၁၀၀ |
| HSD (50 ppm) | ၂၀၅၅ | ၂၁၀၅ | ၂၁၀၀ | ၂၀၆၀ | ၂၁၀၀ | ၂၁၂၅ | ၂၁၂၀ | ၂၀၈၅ | ၂၂၀၅ | ၂၂၀၀ | ၂၀၉၅ | ၂၁၀၅ | ၂၁၄၀ | ၂၁၄၀ | ၂၁၄၅ | ၂၃၇၀ | ၃၁၃၀ |
| HSD (10 ppm) | ၂၀၅၅ | ၂၁၀၅ | ၂၁၀၀ | ၂၀၆၀ | ၂၁၀၀ | ၂၁၂၅ | ၂၁၂၀ | ၂၀၈၅ | ၂၂၀၅ | ၂၂၀၀ | ၂၀၉၅ | ၂၁၀၅ | ၂၁၄၀ | ၂၁၄၀ | ၂၁၄၅ | ၂၃၇၀ | ၃၁၃၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၉၄၇ | ၂၀၂၀ |
| 95 Ron | ၂၀၃၇ | ၂၁၁၁ |
| HSD (500 ppm) | ၁၈၇၄ | ၁၉၄၁ |
| HSD (50 ppm) | ၁၉၄၈ | ၂၀၁၆ |
| HSD (10 ppm) | ၁၉၄၈ | ၂၀၁၆ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

**ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှု ခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာ ခံစားရမှုနှင့် ရောဂါကြောင့် သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှု မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။**

# ကိုဗစ် –၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၄၅ ဦး တွေ့ရှိ

## ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၇၄)ရာခိုင်နှုန်းရှိ

**(၂၃-၄-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်–၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်–၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၂၂–၄–၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၃–၄–၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၆,၀၇၇) ခုအား စစ်ဆေးပြီးစီး ခဲ့ရာ ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲ အတည်ပြုလူနာသစ် (၄၅) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့ အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၇၄) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၁၀,၂၉၂,၂၈၀) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်–၁၉ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၃၄,၃၄၉) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၈) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၁၄,၆၈၆) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်–၁၉ ရောဂါဖြင့် သေဆုံးသူ မရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၉၀) ဦး ရှိပါသည်။

COVID–19 ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်များတွင် ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေးကို ဦးတည်အုပ်စုများသတ်မှတ်၍ ထိုးနှံပေးလျက်ရှိရာ (၂၂–၄–၂၀၂၃) ရက်နေ့အထိ အသက် (၁၈) နှစ်နှင့်အထက် လူဦးရေစုစုပေါင်း (၃၀,၉၉၇,၀၁၉) ဦးနှင့် အသက် (၁၈) နှစ်အောက် လူဦးရေစုစုပေါင်း (၆,၈၄၈,၉၃၁) ဦးတို့အား ထိုးနှံထားရှိပြီး ဖြစ်ပါသည်။

**ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေးထိုးနှံပြီးစီးမှု**

**(၂၂–၄–၂၀၂၃ ရက်နေ့အထိ)**

| | |
|---|---|
| အသက် (၁၈) နှစ်နှင့်အထက် ထိုးနှံထားသည့် လူဦးရေစုစုပေါင်း | ၃၀,၉၉၇,၀၁၉ |
| အသက် (၁၈) နှစ်အောက် ထိုးနှံထားသည့် လူဦးရေစုစုပေါင်း | ၆,၈၄၈,၉၃၁ |

သုတေသနတွေ့ရှိချက်များအရ ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေး ထိုးနှံထားသူများတွင် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံယူရမှုနှင့် သေဆုံးမှုတို့ကို လျှော့ချနိုင်ပြီး ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံထားခြင်းဖြင့် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို ပိုမိုလျှော့ချနိုင်ကြောင်းကို တွေ့ရှိရပါသည်။

ပြည်သူလူထုအနေဖြင့် ကိုဗစ်–၁၉ ရောဂါနှင့်အတူယှဉ်တွဲပြီး (Living with COVID) နေထိုင်ရာတွင် နေထိုင်မှုပုံစံသစ် (New Normal) နည်းလမ်းအား လိုက်နာ၍ နေထိုင်ရမည်ဖြစ်သဖြင့် –

- အသက် (၅) နှစ်နှင့်အထက် ပြည်သူများအားလုံးသည် ကျန်းမာရေးဝန်ကြီးဌာနမှ အခမဲ့ထိုးနှံပေးလျက်ရှိသော ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံခြင်းနှင့် ကာကွယ်ဆေး ထိုးနှံပြီး (၆) လပြည့်ပြီးပါက ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်းတို့ကို နီးစပ်ရာ ကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့် ဆက်သွယ်၍ မပျက်မကွက် ခံယူကြရန်၊
- အလုံပိတ်အခန်းများ၊ လူထူထပ်သောနေရာများ၊ အများပြည်သူနှင့်သက်ဆိုင်သောနေရာများ၌ ရှိနေစဉ် ပါးစပ်နှင့်နှာခေါင်းစည်းကို စနစ်တကျတပ်ဆင်ရန်၊
- အလုံပိတ်အခန်း၌ လူတစ်ဦးထက်ပို၍ ရှိနေစဉ် လေဝင်/လေထွက်ကောင်းမွန်စေရေးအတွက် ဖြစ်နိုင်ပါက ပြတင်းပေါက်များအား ဖွင့်ထားရန်၊
- လက်ကို ဆပ်ပြာ၊ ရေ (သို့မဟုတ်) အယ်လ်ကိုဟော (အနည်းဆုံး ၆၀ ရာခိုင်နှုန်း) ပါဝင်သော လက်သန့်ဆေးရည်ဖြင့် စက္ကန့် (၂၀) ကြာ မကြာခဏ ဆေးကြောရန်၊
- လူတစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေရန်၊
- တတ်နိုင်သမျှ လူစုလူဝေးရှောင်ကြဉ်ရန်၊
- ပါးစပ်နှင့်နှာခေါင်းစည်း တပ်ဆင်မထားချိန်၌ ချောင်းဆိုး၊ နှာချေလျှင် တံတောင်ဆစ်ကွေးနှင့် အုပ်၍ ချောင်းဆိုး၊ နှာချေခြင်းစသည့် တစ်ကိုယ်ရေ ကာကွယ်ရေးနည်းလမ်းများကို ဆက်လက် လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကိုဗစ်–၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက် စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

# ဘိုးဘွားတွေရဲ့ကောင်းမွေကို ဆက်ခံဖြန့်ဝေနိုင်တာ လူရည်ချွန်တွေပါ

**မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်၌ လူရည်ချွန်စီမံကိန်းကို ပညာရေးဝန်ကြီးဌာနက ၁၉၆၄ ခုနှစ်တွင် စတင်ကာ သတ္တမတန်းမှ ဒသမတန်းအထိ ရွေးချယ်ခဲ့သည်။ နောက်နှစ်များတွင် တက္ကသိုလ်ကောလိပ်သိပ္ပံများမှ ကျောင်းသား ကျောင်းသူများကိုပါ တိုးမြှင့်ရွေးချယ်ခဲ့ပြီး လူရည်ချွန်စီမံကိန်းကို ၁၉၈၈ ခုနှစ်အထိ နှစ်စဉ်အကောင်အထည်ဖော်ခဲ့သည်။**

ဒေါက်တာမောင်သင်း

စုစုပေါင်းလူရည်ချွန် ၇၉၀၈ ဦး ပေါ်ထွန်းခဲ့သည်။ လူရည်ချွန်ရွေးချယ်ရာတွင် ပညာရေးထူးချွန်မှု သာမက အားကစား၊ စာရိတ္တ၊ ပညာရေး လက်တွေ့ဖွံ့ဖြိုးမှုလုပ်ငန်းများ၊ လူမှုရေးနှင့် ဝါသနာပါရာ အသင်းအဖွဲ့လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်မှုတို့ကိုပါ ထည့်သွင်းသတ်မှတ်ထားသည်။ မြို့နယ်အဆင့်၊ ခရိုင်အဆင့်တွင် ကျောင်းသင်ဘာသာရပ်များအပြင် အထွေထွေဗဟုသုတကို ရေးဖြေ ဖြေဆိုခြင်း၊ ကာယကြံ့ခိုင်စွမ်းရည် လက်တွေ့စစ်ဆေးခြင်း၊ လူတွေ့နှုတ်မေးစစ်ဆေးခြင်းတို့ ကျော်ဖြတ်ပြီးမှ အတန်းတစ်တန်းအတွက် **“ခရိုင်တစ်ခုလျှင် လူရည်ချွန်တစ်ဦးသာ”** ရွေးချယ်ခဲ့သည်။

ရွေးချယ်ခံရသူများကို နွေရာသီတွင် ငပလီ၊ အင်းလေးစခန်းများတွင် အပန်းဖြေစေပြီး ဒေသအလိုက် လေ့လာရေးခရီးများ သွားရောက်ရသည်။ ထို့နောက် လူရည်ချွန်အားလုံးသည် ရန်ကုန် စုပေါင်းစခန်းတွင် ပေါင်းဆုံကာ နိုင်ငံ့အကြီးအကဲများနှင့် တွေ့ဆုံခွင့်၊ ရန်ကုန်မြို့တွင်း လှည့်လည်လေ့လာခွင့်များရရှိခဲ့သည်။ စခန်းကာလမှာ အစောပိုင်းနှစ်များတွင် တစ်လကြာမြင့်ခဲ့ပြီး နောက်ပိုင်းတွင် နှစ်ပတ်ခန့်သာကြာသည်။ တစ်နိုင်ငံလုံးရှိ ပြည်ထောင်စုတိုင်းရင်းသား ကျောင်းသား ကျောင်းသူအချင်းချင်း ဆုံစည်းကြသည်။ ညီအစ်ကိုမောင်နှမရင်းများသဖွယ် ချစ်ကြည်ရင်းနှီးဆုံတွေ့ကြသည်။

လူရည်ချွန်စခန်းများတွင် နိုင်ငံ့သမိုင်း၊ လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်း၊ တက္ကသိုလ်ဘာသာရပ်များ မိတ်ဆက်စသည့် ဟောပြောပွဲများ၊ အမေးအဖြေဆွေးနွေးပွဲများ၊ ဉာဏ်စမ်းပြိုင်ပွဲ၊ ကျပန်းစကားပြောပွဲများ၊ အားကစားပွဲများ၊ နိုင်ငံကျော်အားကစားသမားများ၊ အနုပညာရှင်များနှင့် တွေ့ဆုံပွဲများ စသည့်အစီအစဉ်မျိုးစုံပါဝင်သည်။ မိသားစုစိတ်ဓာတ်ဖြင့် ပူးပေါင်းလုပ်ကိုင်ဆက်ဆံကြခြင်း၊ အများနှင့်စုပေါင်း၍ အသင်းအဖွဲ့လိုက် လှုပ်ရှားခြင်း အလေ့အကျင့်များရရှိကြသည်။

ယခင် လူရည်ချွန်စီမံကိန်း (၁၉၆၄ မှ ၁၉၈၈ ကာလ) (၂၅) ကြိမ်မှ ရွေးချယ်ခံလူရည်ချွန်များသည် ယနေ့အချိန်တွင် အစိုးရအဖွဲ့ဝင်များ၊ နိုင်ငံ့ဝန်ထမ်းများ၊ တပ်မတော်အကြီးအကဲများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ကိုယ်ပိုင်လုပ်ငန်းရှင်ကြီးများ၊ သာသနာ့ဝန်ထမ်းများ စသည်ဖြင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနယ်ပယ်အသီးသီးတွင် အောင်မြင်စွာ ဖြတ်သန်းတာဝန်ယူနေကြသည်။ ၁၉၆၄ လူရည်ချွန်စီမံကိန်းစတင်သည့် နှစ် (၅၀) မြောက် ရွှေရတုနှစ်ဖြစ်သည့် ၂၀၁၄ ခုနှစ်တွင် နိုင်ငံတစ်လွှားမှ လူရည်ချွန်ရွေးချယ်ခံခဲ့ရသူများကို စုစည်းကာ လူရည်ချွန် (၁၉၆၄–၈၈) အဖွဲ့အဖြစ် တရားဝင်ဖွဲ့စည်းထူထောင်ခဲ့သည်။

လူရည်ချွန်စီမံကိန်းသည် ပညာရေးဝန်ကြီးဌာနက ၂၀၁၂ – ၂၀၁၃ ပညာသင်နှစ်တွင် **“ဘက်စုံထူးချွန်ကျောင်းသား”** အမည်ဖြင့် ပြန်လည်ပေါ်ထွန်းလာခဲ့သည်။ ၂၀၁၇ ခုနှစ်တွင် **“လူရည်ချွန်”** ဟူသည့် ယခင်အမည်ကိုပင် ပြန်လည်သုံးစွဲလာခဲ့သည်။




၂၀၁၉ ခုနှစ် ဘက်စုံပညာထူးချွန်လူငယ်များအဖြစ် ရွေးချယ်ခံရသော အခြေခံပညာကျောင်းများမှ ကျောင်းသားကျောင်းသူများ ပုဂံ၊ အင်းလေးနှင့် ငွေဆောင် အပန်းဖြေစခန်းများသို့ လေ့လာရေးခရီးစဉ်အဖြစ် မသွားရောက်မီ စုပေါင်းဓာတ်ပုံရိုက်စဉ်။ (ဧပြီ ၂၇ ရက် ၂၀၁၉ ခုနှစ်)

လူရည်ချွန်အပန်းဖြေစခန်းများကို ပုဂံ၊ ချောင်းသာနှင့်အင်းလေးဒေသများတွင် ဖွင့်လှစ်ခဲ့သည်။ အဆိုပါ အပန်းဖြေစခန်းများသို့ လူရည်ချွန် (၁၉၆၄ – ၈၈) အဖွဲ့မှ လူရည်ချွန်ဟောင်းကြီးများကို ဖိတ်ကြားခဲ့သည်။ သို့ဖြစ်၍ လူရည်ချွန်ဟောင်းကြီးများက အဆိုပါ စခန်းများသို့သွားရောက်၍ မျိုးဆက်သစ် လူရည်ချွန်များနှင့်တွေ့ဆုံကာ အတွေ့အကြုံများ ဖလှယ်ခြင်း၊ ဂုဏ်ပြုဟောပြောခြင်းများ ဆောင်ရွက်ခဲ့သည်။

စာရေးသူအနေဖြင့် ၁၉၇၄ ခုနှစ်၌ မော်လမြိုင်ကောလိပ်ပထမနှစ်တွင် လူရည်ချွန်အဖြစ် ရွေးချယ်ခံခဲ့ရသောကြောင့် “လူရည်ချွန်ဟောင်း” အနေဖြင့် ပုဂံလူရည်ချွန်အပန်းဖြေစခန်းသို့ ၂၀၁၄ ခုနှစ်မှ စတင်၍ သွားရောက်ဂုဏ်ပြုဟောပြောခွင့် ရရှိခဲ့သည်။ ၂၀၁၄ ခုနှစ် ပုဂံလူရည်ချွန် အပန်းဖြေစခန်းတွင် စာရေးသူဟောပြောခဲ့သည့် အောက်ပါဂုဏ်ပြုစကားများဖြင့် အခြေခံပညာကျောင်းအသီးသီးမှ အရွေးချယ်ခံရပြီး စခန်းအားလုံးတွင် အပန်းဖြေကြမည့် **“ယခုနှစ်လူရည်ချွန်များ”**အား ဂုဏ်ပြုလိုက်သည်။

**လေးစားအပ်ပါသော ခေါင်းဆောင်လောင်း လူရည်ချွန် မောင်မယ်များခင်ဗျာ–**

ခေါင်းဆောင်လောင်းအမွန်အမြတ်များကို တွေ့ဆုံခွင့်၊ ဂုဏ်ပြုနှုတ်ခွန်းဆက်သခွင့်ရတဲ့အတွက် အထူးပင်ဝမ်းမြောက်မိပါတယ်။ မောင်တို့ မယ်တို့ကို **“လူရည်ချွန်၊ လူရည်မွန်များ”** အဖြစ် ယနေ့ဒီလိုအမိမြန်မာနိုင်ငံတော်ကြီး ကမ္ဘာ့အလယ်မှာ ထွန်းတောက်စေဖို့ အစပျိုးခဲ့တဲ့ သမိုင်းဂုဏ်ရှိန်ကြီးတဲ့ နေရာမှာ ထိုက်ထိုက်တန်တန် ဂုဏ်ပြုပေးနေခြင်းပါ၊ ဒီနေရာဟာ မြန်မာနိုင်ငံတော်ရဲ့မူလအစ စည်ပင်ဖွံ့ဖြိုးမှုနဲ့ မြန်မာ့လူ့အဖွဲ့အစည်းရဲ့ စည်းလုံးညီညွတ်မှု အင်အားတွေ သန္ဓေတည်ရာနေရာပါ။ ပြီးတော့ သာသနာနဲ့ ယဉ်ကျေးမှုထွန်းကားရာ ဘူမိနက်သန် နေရာမှန်လည်းဖြစ်ပါတယ်။ လွန်ခဲ့တဲ့ နှစ်ပေါင်းတစ်ထောင်ကျော်က ပုဂံသူ ပုဂံသားတွေရဲ့ နိုင်ငံနဲ့ မြန်မာ့လူ့အဖွဲ့အစည်းအပေါ် တာဝန်ကျေပွန်ခဲ့တဲ့၊ ကောင်းမြတ်တဲ့အစဉ်အလာကို အမွေအဖြစ် ဆက်ခံနိုင်စေဖို့အတွက် မောင်တို့ မယ်တို့ ဒီနေရာကို ရောက်လာတာပဲဖြစ်ပါတယ်။ မြန်မာမှန်ရင် ပထမမြန်မာနိုင်ငံတည်ခဲ့တဲ့ ပုဂံသူ ပုဂံသားတွေရဲ့ မြင့်မြတ်တဲ့ စိတ်ဓာတ်ရှိရမယ်။ ပုဂံကိုရောက်ပြီး ပုဂံစိတ်ဓာတ်၊ ပုဂံသားတွေရဲ့ မြင့်မြတ်တဲ့ဝိညာဉ် လွှမ်းခြုံနေတဲ့ အငွေ့အသက်ကို ခိုလှုံဖူးရပါမယ်ဆိုတဲ့ အစဉ်အလာကောင်းကို ဆက်ခံစေတာဖြစ်ပါတယ်။

မောင်တို့ မယ်တို့သိကြတဲ့အတိုင်း ဒီနေရာမှာ **“အနော်ရထာမင်းမြတ်နဲ့ ကျန်စစ်သား၊ ငထွေရူး၊ ငလုံးလက်ဖယ်၊ ညောင်ဦးဖီး”** ဆိုတဲ့ ပုဂံခေတ်သူရဲကောင်း တစ်နည်းအားဖြင့် မြန်မာနိုင်ငံတော်ကို စတင်ကြိုးပမ်းတည်ထောင်ခဲ့သူ၊ ထူးချွန်ထက်မြက်တဲ့ **“မြန်မာ့လူရည်ချွန် ငါးဦး”** စတင်ဆုံစည်းခဲ့တဲ့ နေရာပါ။

အဆိုပါလူရည်ချွန် ငါးဦးဟာ ပုဂံသားတွေရဲ့ **“စည်းလုံးညီညွတ်မှုအားကို ဖော်ဆောင်နိုင်ခဲ့လို့သာ”** အခုလို ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကြီး ပေါ်ထွန်းလာတာဖြစ်ပါတယ်။ အဲဒီပုဂံလူရည်ချွန်တွေရဲ့ မျိုးဆက်ဟာ ယနေ့ဆိုရင် မောင်တို့ မယ်တို့ **“လူရည်ချွန်”** တွေပါပဲ။ ဒ့ါကြောင့် အနယ်နယ်အရပ်ရပ်က မောင်တို့ မယ်တို့လိုတိုင်းရင်းသားမောင်နှမတွေကို မြန်မာနိုင်ငံကို စတင်တည်ထောင်ခဲ့တဲ့ ပုဂံသူ ပုဂံသားတို့ရဲ့ နိုင်ငံအပေါ်မှာ တာဝန်သိစိတ်၊ တာဝန်ယူစိတ်၊ တာဝန်ခံစိတ်နဲ့ နိုင်ငံနဲ့လူမျိုးကို မြှင့်တင်လိုတဲ့စိတ်ဆိုတဲ့ **“တန်ဖိုးမြင့် ပုဂံသားခေါင်းဆောင်တို့ရဲ့ ကောင်းမြတ်တဲ့ဝိညာဉ်”** တွေကို မောင်တို့ မယ်တို့ရဲ့ နှလုံးသားမှာ စိမ့်ဝင်ပျံ့နှံ့စေဖို့အတွက် ဒီမြန်မာတို့ရဲ့ ဘူမိနက်သန်နေရာမှန် ပုဂံဒေသမှာ ဆုံစည်းနိုင်ဖို့ စီစဉ်ခြင်းဖြစ်ပါတယ်။

**ခေါင်းဆောင်လောင်း လူရည်ချွန်များခင်ဗျာ–**

“လူရည်ချွန်” ဆိုတဲ့ဘွဲ့ထူးဟာ တန်ဖိုးမြင့်နိုင်ငံသားတွေဖြစ်ပါမှရကြတာပါ။ အောင်မြင်တဲ့သူတိုင်းလည်း တန်ဖိုးမြင့်လူသားဘဝ မရောက်ကြပါ။ တန်ဖိုးရှိတဲ့သူဆိုတာ ကိုယ့်ရဲ့အတ္တအကျိုးစီးပွားကို ရှေ့တန်းမတင်ပါ။ ပရဟိတအကျိုး၊ အများပြည်သူအကျိုးကို ရှေ့တန်းတင်ခဲ့ကြသူတွေပါ။ မောင်တို့၊ မယ်တို့ရဲ့ ဘိုးဘွားဘီဘင် ပုဂံလူရည်ချွန်တွေထဲက ကျန်စစ်သားမင်းကြီးရဲ့ အဖိုးတန်မြင့်မြတ်စိတ်ထားကို ဖော်ပြပါရစေ။ အဲဒီစိတ်ထားကို ကျန်စစ်သားမင်းကြီးရဲ့ **“ရွှေစည်းခုံဘုရားမှာရှိတဲ့ နန်းတည်ကျောက်စာ”** မှာ (ယနေ့တော့ ပုဂံပြတိုက်မှာ ပြသထားခြင်း) တွေ့နိုင်ပါတယ်။

*စာမျက်နှာ ၁၇ သို့*

✤ **လူရည်ချွန်မောင်မယ်တွေကို ပေးချင်တဲ့အမွေကတော့ “အသက်နဲ့ရင်းပြီး သူ့အသက်၊ ကိုယ့်အသက် လုနေရတဲ့အချိန်မှာတောင် သာသနာ့အကျိုး၊ ပြည်သူ့ကောင်းကျိုး” ဆိုပြီး “နိုင်ငံ့အကျိုး၊ အများအကျိုးကို ဦးထိပ်ထားနိုင်တဲ့စိတ်ဓာတ်” တစ်နည်းအားဖြင့် “ငါသည် ဘုရင်ဖြစ်ရန် တိုက်ပွဲဝင်နေခြင်းမဟုတ်၊ ပြည်သူ့အကျိုး၊ သာသနာ့အကျိုး သယ်ပိုးရန်သည် ငါ၏အန္တိမရည်မှန်းချက်ပါ။ သို့အတွက် အသက်နဲ့ရင်း၍ တိုက်ပွဲဝင်နေခြင်း” ဆိုတဲ့ လူရည်ချွန်တွေသာ ပိုင်ဆိုင်တဲ့ မြင့်မြတ်စိတ်ထားဆိုတာပါပဲ။ အဲဒီမြင့်မြတ်စိတ်ထားအမွေကို မြန်မာပြည်မှာ အစဉ်ထာဝရ ထွန်းတောက်နေအောင် ဆက်လက်ဖော်ဆောင်ပေးကြပါလို့ တိုက်တွန်းချင်ပါတယ်**

*စာမျက်နှာ ၁၆ မှ*

**"များစွာသော ခပ်သိမ်းသူအပေါင်းတို့သည်**
**သားတကွဲ၊ မယားတကွဲ၊ မိတကွဲ၊**
**ဘတကွဲဖြစ်ကြရကုန်၏။**
**ထိုသူတို့၏ ဆင်းရဲဒုက္ခကို ငါငြိမ်းပါအံ့။**
**ထိုသူတို့၏ မျက်ရည်ကို ငါသုတ်ပေးပါအံ့။**
**ငါ၏လက်ျာလက်ဖြင့် ဆန်စပါးရိက္ခာကို ပေးအံ့။**
**ငါ၏လက်ဝဲလက်ဖြင့် ဝတ်စားတန်ဆာကိုပေးအံ့။**
**အမိသည် သားငယ်ကို ရင်ခွင်၌ နှစ်သိမ့်စေသကဲ့သို့ ငါသည်လည်း တိုင်းသူပြည်သားတို့ကို နှစ်သိမ့်စေအံ့"။**

အများပြည်သူတို့ရဲ့ ဒုက္ခအပေါင်းကို ငြိမ်းချမ်းစေချင်တာ၊ ပြည်သူကို မိဘလို ချစ်ခင်နှစ်သိမ့်တာ၊ အစာရေစာရိက္ခာ အလုံအလောက်ပေးချင်တာနဲ့ ဝတ်စားဆင်ယင်မှုပြုပေးချင်တာဟာ တန်ဖိုးမြင့်နိုင်ငံ့ခေါင်းဆောင်ဖြစ်တဲ့ မောင်တို့ မယ်တို့ရဲ့ အစောဆုံး မြန်မာနိုင်ငံကို တည်ထောင်ရာမှာ ပါဝင်ခဲ့တဲ့ ပုဂံမျိုးဆက်တစ်ဦးပိုင်ဆိုင်ခဲ့တဲ့ ကောင်းမြတ်တဲ့ စိတ်ထားပါ။ အဲဒီမြင့်မြတ်တဲ့စိတ်ထားကို မောင်တို့ မယ်တို့ လက်ဆင့်ကမ်းယူရစ်ကြပါ။ လက်ဆင့်ကမ်းယူနိုင်ပါမှ ပုဂံသွေးပီသတဲ့ မြန်မာ့ခေါင်းဆောင်တွေဘဝကို မောင်တို့ မယ်တို့ ရောက်ကြမှာပါ။

ပုဂံဟာ တိုင်းရင်းသားတွေ သွေးစည်းမှု၊ ချစ်ကြည်မှုကို အလေးထားတဲ့နေရာပါ။ ကိုယ့်တိုင်းရင်းသားထိရင် လက်ပိုက်ကြည့်မနေနိုင်တဲ့ ရပ်ဝန်းပါ။ မောင်တို့ မယ်တို့ သိတဲ့အတိုင်း တို့တစ်တွေရဲ့ သွေးချင်းဖြစ်တဲ့ မွန်တို့ဠာနီဟံသာဝတီကို ဂျွမ်းစစ်သည်တွေ ကျူးကျော်စော်ကားခဲ့တာကို အနော်ရထာမင်းမြတ်က ပုဂံသူရဲကောင်းတွေ စေလွှတ်ပြီး တွန်းလှန်စေကာ မွန်နဲ့ဗမာ ချစ်ကြည်မှုကို ခိုင်မြဲစေခဲ့ပါတယ်။

ပြီးတော့ ပုဂံမြေဟာ မြန်မာပြည်ကို ထေရဝါဒ သာသနာရောင်ဝါ ထွန်းလင်းမှု စတင်ထွန်းညှိပေးခဲ့တဲ့နေရာပါ။ ဒါ့ကြောင့် မေတ္တာအရင်းခံတဲ့ ဗုဒ္ဓသာသနာတော် အခြေတည်ရာ ဒီမြေ၊ ဒီဒေသဟာ နိုင်ငံသားတွေရဲ့ စိတ်နှလုံးငြိမ်းချမ်းမှု၊ အေးချမ်းမှု၊ သာယာမှုကို ဖြစ်ပေါ်စေခဲ့ပါတယ်။ မေတ္တာနဲ့ ယှဉ်တဲ့အကြည့်၊ တွေးတော၊ ကြံစည်၊ ပြောဆို၊ လုပ်ကိုင်မှု အစပြုတဲ့နေရာဖြစ်တာမို့ **"တိုင်းရင်းသားအချင်းချင်း ငြိမ်းချမ်းရေး သန္ဓေစိတ်ဓာတ်"** မြန်မာ့မြေပေါ်မှာ စတင်စိုက်ပျိုးတဲ့နေရာလည်း ဖြစ်ပါတယ်။ မေတ္တာစိတ်အရင်းခံတဲ့ ငြိမ်းချမ်းမှုကို မြတ်နိုးဖော်ဆောင်တာကိုက ပုဂံသွေး ပုဂံသားတို့ရဲ့ စိတ်ဓာတ်ပါ။

**လူရည်ချွန် လူရည်မွန်များခင်ဗျာ –**

အဲဒီ ပုဂံသားစိတ်ဓာတ်ကို ဘယ်သူက လက်ခံယူခဲ့သလဲဆိုရင် မောင်တို့ မယ်တို့ရဲ့ **"ဘိုးဘေးဘီဘင် လူရည်ချွန်တစ်ဦး"** ထဲမှာ ပါဝင်ခဲ့တဲ့ ဒုတိယ မြန်မာနိုင်ငံတော်ကြီးကို တည်ထောင်ခဲ့သူ **"ဘုရင့်နောင်မင်းတရားကြီး"** ပါ။ သူ့ရဲ့မြင့်မြတ်စိတ်ထားကို မောင်တို့ မယ်တို့မှာ ရှိပြီးသား တန်ဖိုးမြင့်အမွေထဲကို ထပ်ဖြည့်ပေါင်းထည့်ပေးလိုက်ချင်ပါတယ်။ အဲဒါကတော့ ဘုရင့်နောင်မင်းတရားကြီးရဲ့ မြန်မာနိုင်ငံကို စုစည်းတဲ့ နောက်ဆုံး ဟံသာဝတီမြို့သိမ်းတိုက်ပွဲအတွင်း သစ္စာပြုတာပါ။ ဘုရင်အချင်းချင်း နောက်ဆုံးစီးချင်းထိုးခါနီးမှာ ဆင်ပေါ်မှာရှိတဲ့ ခရားထဲကရေကို မြေပေါ်သွန်ချပြီး **"သာသနာ့အကျိုး၊ ပြည်သူတွေရဲ့အကျိုးကို သယ်ပိုးနိုင်မယ်ဆိုရင် ဤတိုက်ပွဲမှာ နိုင်ရပါလို၏"** ဟု သစ္စာပြုခဲ့ပါတယ်။ စစ်ပြင်နေတဲ့ အချိန်မဟုတ်ပါ။ စစ်ပွဲအတွင်း ဆင်ပေါ်ကနေပြီး သူ့ဆီကို ရန်သူက အပြင်း ချီလာတာကို လှမ်းမြင်ရတဲ့အချိန်မှာပါ။

လူရည်ချွန်မောင်မယ်တွေကို ပေးချင်တဲ့အမွေကတော့ **"အသက်နဲ့ရင်းပြီး သူ့အသက်၊ ကိုယ့်အသက် လုနေရတဲ့အချိန်မှာတောင် သာသနာ့အကျိုး၊ ပြည်သူ့ကောင်းကျိုး"**ဆိုပြီး **"နိုင်ငံ့အကျိုး၊ အများအကျိုးကို ဦးထိပ်ထားနိုင်တဲ့ စိတ်ဓာတ်"** တစ်နည်းအားဖြင့် **"ငါသည် ဘုရင်ဖြစ်ရန် တိုက်ပွဲဝင်နေခြင်းမဟုတ်၊ ပြည်သူ့အကျိုး၊ သာသနာ့အကျိုး သယ်ပိုးရန်သည် ငါ၏အဋ္ဌိမရည်မှန်းချက်ပါ။**



အင်းလေးခေါင်တိုင် လူရည်ချွန်အပန်းဖြေစခန်းသို့ ရောက်ရှိလာသော ဒေသအသီးသီးမှ လူရည်ချွန်မောင်မယ်များအား တွေ့ရစဉ်။ (ဧပြီ ၃၀ ရက် ၂၀၁၉ ခုနှစ်)

**သို့အတွက် အသက်နဲ့ရင်း၍ တိုက်ပွဲဝင်နေခြင်း"** ဆိုတဲ့ လူရည်ချွန်တွေသာ ပိုင်ဆိုင်တဲ့မြင့်မြတ်စိတ်ထားဆိုတာပါပဲ။ အဲဒီမြင့်မြတ်စိတ်ထားအမွေကို မြန်မာပြည်မှာ အစဉ်ထာဝရထွန်းတောက်နေအောင် ဆက်လက်ဖော်ဆောင်ပေးကြပါလို့ တိုက်တွန်းချင်ပါတယ်။

အဲဒါနဲ့အတူ ထပ်ဆင့်ပြီးကောင်းမွေဆက်ခံစေချင်တာကတော့ တတိယမြန်မာနိုင်ငံတော်ကို ထူထောင်ခဲ့တဲ့ အလောင်းဘုရားရဲ့စိတ်ဓာတ်ပါ။ သူ့ရဲ့တိုင်းရင်းသား အစုံရဲဘော် ရဲဘက် လူရည်ချွန် ၆၈ ဦးရဲ့ အင်အားနဲ့ ပထမ၊ ဒုတိယ မြန်မာနိုင်ငံတော်နယ်နိမိတ်အတိုင်း တတိယမြန်မာနိုင်ငံတော်ကို တည်ထောင်ခဲ့တာပါ။ အလောင်းဘုရားရဲ့ စိတ်ထားကတော့ အဲဒီသွေးသောက်လူရည်ချွန် ၆၈ ဦးကို သူတို့ရဲ့ စွမ်းဆောင်ရည်အလိုက် ဂုဏ်ပြုခဲ့ပါတယ်။

မောင်တို့ မယ်တို့ဟာလည်း ခေါင်းဆောင်လောင်း အမွန်အမြတ်တွေပါ။ ခေါင်းဆောင်ဆိုတာ **"ချီးမြှင့်ထိုက်သူကို ချီးမြှင့်ရမယ်၊ မြှောက်စားထိုက်သူကို မြှောက်စားရမယ်"** ဆိုတဲ့ အစဉ်အလာကောင်းကို တန်ဖိုးထားတတ်ကြသူတွေပါ။ မောင်တို့ မယ်တို့ကို ဒီကနေ့အချိန်မှာ ဒီပုဂံမြေအပါအဝင် အပန်းဖြေစခန်းသုံးခုမှာ ဂုဏ်ပြုခံနေခြင်းကိုက **"မြန်မာ့သားကောင်း အလောင်းဘုရားရဲ့ စိတ်ဓာတ်ကို ဆက်ခံနိုင်ပြီး ဖြန့်ဝေနိုင်စွမ်းရှိသူ"** ယနေ့တာဝန်ယူနေကြတဲ့ နိုင်ငံ့အကြီးအကဲတွေရဲ့ မြင့်မြတ်တဲ့စိတ်ထားကြောင့်ပါ။ ခေါင်းဆောင်လောင်းတွေဖြစ်ကြတဲ့ မောင်တို့ မယ်တို့ဟာလည်း အဲဒီလို ဂုဏ်ပြုထိုက်သူကို ဂုဏ်ပြုရမယ်ဆိုတဲ့အမွေကို ဆက်ခံပေးကြပါ။ ပြီးတော့ လက်ဆင့်ကမ်းပေးကြပါ။

မြန်မာနိုင်ငံသား မောင်တို့ မယ်တို့ဟာ ရှေးခေတ်ပုဂံလူရည်ချွန်တွေရဲ့ မျိုးဆက်တွေပါ။ နောက်မျိုးဆက်ဆိုတာ အလောင်းဘုရားလို အရင်မျိုးဆက်တွေထက်သာရပါမယ်။ နန်းသက်ရှစ်နှစ် (အနော်ရထာဘုရင်က နန်းသက် (၃၃) နှစ်၊ ဘုရင့်နောင်က နန်းသက် (၃၂) နှစ်) ဆိုတဲ့ တိုတောင်းတဲ့ အချိန်အတွင်းမှာ ပထမနဲ့ ဒုတိယ နိုင်ငံတော်လို အဆင့်မျိုးရောက်အောင် နိုင်ငံကိုဆက်လက်တည်ထောင်နိုင်ခဲ့ပါတယ်။ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနဲ့ ဆန်ရေစပါးပေါကြွယ်စေဖို့ စိုက်ပျိုးရေးကို ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ဒါဟာ နောက်မျိုးဆက်က ယခင်မျိုးဆက်တွေထက်သာအောင်၊ ပိုကောင်းအောင် လုပ်နိုင်ခဲ့တဲ့ သာဓကပါ။

နောက်ဥပမာတစ်ခုကတော့ သမိုင်းမှာ ထင်ရှားတဲ့ အင်္ဂလိပ်နဲ့ မြန်မာတို့ ရန္တပိုစာချုပ်ကို ချုပ်ဆိုစဉ် ၁၈၂၆ ခုနှစ်တုန်းက မြန်မာတွေ အင်္ဂလိပ်စကားမတတ်လို့ အမေရိကန်သာသနာပြု–ဆရာယုဒသန် (ဆရာဂျပ်ဆင်) ကို အကူအညီတောင်းပြီး ချုပ်ဆိုခဲ့ပါတယ်။ အဲဒီကာလမှ နောင်နှစ်ပေါင်း ၁၂၀ ကြာတဲ့အခါမှာ အောင်ဆန်း–အက်တလီနဲ့ နု–အက်တလီ (၁၉၄၇ ခုနှစ်) စာချုပ်တွေ လန်ဒန်မှာ ချုပ်ဆိုတဲ့အခါမှာတော့ ဘယ်စကားပြန်မှမလိုပါ။ ခေတ်ပညာတတ်မြန်မာတွေ သူတင်ကိုယ်တင် စားပွဲဝိုင်းမှာ မျက်နှာချင်းဆိုင်ကာ **"ချက်ချင်းမနေး၊ လွတ်လပ်ရေးပေး"** ဆိုပြီး တောင်းဆိုနိုင်ခဲ့ပါတယ်။ ဆိုလိုတာက နောက်မျိုးဆက်ဆိုတာ အရင်မျိုးဆက်တွေထက် သာရမယ်ဆိုတဲ့ စိတ်ထားကို လက်ခံကျင့်သုံးနိုင်မှ **"လူရည်ချွန်"** တွေဖြစ်ကြမယ်ဆိုတာကို ဂရုပြုစေချင်ပါတယ်။

ဒါ့အပြင် လွတ်လပ်ရေးကြိုးပမ်းမှုကာလမှာလည်း ဗိုလ်ချုပ်အောင်ဆန်းအပါအဝင် လွတ်လပ်ရေးခေါင်းဆောင်မျိုးဆက်တွေဟာ **"ပြည်သူတွေ သူ့ကျွန်ဘဝက လွတ်မြောက်ရေးသာ အဓိက၊ တို့အသက်ဟာ သာမည"** ဆိုတဲ့ စိတ်ဓာတ်နဲ့ ကြိုးပမ်းခဲ့ကြလို့ မောင်တို့ မယ်တို့ဟာ လွတ်လပ်တဲ့နိုင်ငံမှာ မွေးဖွားလာတဲ့ သခင်ဘဝကို ရခဲ့ကြတာပါ။ အတ္တအကျိုးထက် ပရအကျိုးကို သယ်ပိုးခဲ့ကြတဲ့ မောင်တို့ မယ်တို့ရဲ့ လွတ်လပ်ရေးခေါင်းဆောင် အဘိုး အဘွားတွေရဲ့ မြင့်မြတ်စိတ်ထားတွေကြောင့်ပါ။

၁၉၆၄ ခုနှစ် လူရည်ချွန်စီမံကိန်းကနေ ၁၉၈၈ ခုနှစ်အထိ ပေါ်ထွန်းခဲ့တဲ့ မောင်တို့ မယ်တို့ရဲ့ အဘိုး၊ အဘွား၊ မိဘတွေဖြစ်ကြတဲ့ **"လူရည်ချွန်ကြီး"** တွေရဲ့စိတ်ဓာတ်ကတော့ **"တိုင်းပြည်အကျိုး၊ မြန်မာ့လူ့အဖွဲ့အစည်းရဲ့ ကောင်းကျိုးဆိုရင် မဖြစ်မနေ အောင်မြင်အောင် ဆောင်ရွက်မယ်၊ မဖြစ်နိုင်ဘူးလို့ ငြင်းမနေပါ။ သူများထက် ပိုကောင်းအောင် လုပ်ဆောင်ပေးမယ်"** ဆိုတဲ့စိတ်ဓာတ်ပါပဲ။ အဲဒီကောင်းမွေကို ဘဝမှာလက်ခံကျင့်သုံးခဲ့တာကြောင့် ယနေ့ကာလမှာ ဒုတိယသမ္မတ (ငြိမ်း) ဒေါက်တာစိုင်းမောက်ခမ်းအပါအဝင် ပြည်ထောင်စုဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဝန်ကြီးချုပ်များ၊ ဝန်ကြီးများ၊ တပ်မတော်နဲ့ဝန်ထမ်းအကြီးအကဲများနဲ့ စီးပွားရေးလုပ်ငန်းရှင်ကြီးများ စတဲ့ ပြည်သူ့အကျိုး၊ နိုင်ငံ့ဖွံ့ဖြိုးရေးကို ကျရာနေရာမှာ အကောင်းဆုံး စွမ်းဆောင်နေကြပါပြီ။ ကျွန်တော်တို့အဖွဲ့ လူရည်ချွန်မျိုးဆက်ဟောင်းတွေရဲ့ ကိုယ်စားလှယ်အဖြစ် ဒီကိုရောက်လာရခြင်းဟာလည်း **"အဲဒီဘိုးဘွားတို့ရဲ့ ဘဝအတွေ့အကြုံတွေ အများကြီးထဲကမှ သူတို့ရဲ့ စိတ်ထားအမွန်အမြတ်တွေကို လက်ဆင့်ကမ်းပေးချင်လို့"** ဖြစ်ပါတယ်။

နိဂုံးချုပ်အနေနဲ့ "လူရည်ချွန်" ဆိုတာ အောင်မြင်သူတို့ရဲ့ အထက်က တန်ဖိုးမြင့်လူသားတွေပါ။ အောင်မြင်သူတို့ထက်မြင့်တဲ့ တန်ဖိုးရှိတဲ့သူဆိုတာ **"ကိုယ့်အကျိုးထက် အများအကျိုးကို အမြဲနှလုံးသွင်း ရှေ့တန်းတင် ဆောင်ရွက်နေကြသူတွေ"** ပါ။ အဲဒီစိတ်ဓာတ်မျိုးဟာ ခါတော်မီ ယနေ့မှ ပေါ်ခဲ့တာမဟုတ်ပါ။ ပထမမြန်မာနိုင်ငံတည် အနော်ရထာမင်းမြတ်နဲ့တကွ ပုဂံသူ ပုဂံသား လူရည်ချွန်တွေရဲ့ လက်ထက်ကတည်းက စတင်ပေါက်ဖွားကျင့်သုံးခဲ့ကာ ဆက်လက်ဖြန့်ဝေခဲ့ပြီး နောက်မျိုးဆက်တွေကလည်း ခေတ်အဆက်ဆက် လက်ခံကျင့်သုံးပါတယ်။

ပုဂံမျိုးဆက်တွေဖြစ်တဲ့ မောင်တို့ မယ်တို့ဟာ နိုင်ငံဖွံ့ဖြိုးရေးနဲ့ မြန်မာ့လူ့အဖွဲ့အစည်းကို နိုင်ငံတကာအလယ်မှာ မော်ကြွားနိုင်ရေးအတွက် ဆက်လက်ဦးဆောင်ကြမယ့်သူတွေပါ။ ခေါင်းဆောင်လောင်းလူရည်ချွန်တွေကို **"ငါတို့ဟာ ပုဂံသား ပုဂံသွေးဆိုတာကိုသိပြီး ပုဂံမျိုးဆက်ရဲ့ ဇာတိဂုဏ်၊ အမျိုးဂုဏ်ကို အမြဲတမ်းခံယူကျင့်သုံးနိုင်စေရန် ဒီပုဂံမြေမှာလာပြီး သိဒ္ဓိထပ်တင်ပေးနေခြင်း"** ပါ။ အပန်းဖြေလေ့လာရင်း ခေါင်းဆောင်အမွန်အမြတ်တွေရဲ့ အရည်အသွေးတွေကိုလည်း တစ်ပြိုင်တည်းကို တပ်ဆင်ပေးနေခြင်းပါ။ ဒါ့ကြောင့် မြန်မာ့ဘူမိနက်သန်ပုဂံမြေမှ ကိုယ့်ဒေသအသီးသီးကို မောင်တို့ မယ်တို့ ပြန်ရောက်ကြတဲ့အချိန်မှာ မိမိကိုယ်ကို အနာဂတ်ရဲ့ ခေါင်းဆောင်လောင်းလို့ခံယူပြီး ကျင့်ကြံနေထိုင်ကြပါ။ ပြီးတော့ အဲဒီခံယူချက်ကို အကောင်အထည်ဖော်ဖို့ **"ပညာကို အမြဲလေ့လာလိုက်စားရင်း လူရည်ချွန်၊ လူရည်မွန်ဘဝ"** ကို ဆက်လက်ထိန်းသိမ်းပေးကြပါ။ အမိနိုင်ငံတော်ရဲ့ အနာဂတ်ကံကြမ္မာဟာ မောင်တို့ မယ်တို့ရဲ့ **"ပုဂံသား (သို့) မူလအစ မြန်မာနိုင်ငံသား"** တို့ရဲ့စိတ်ဓာတ် ဘယ်လောက်ကြွယ်ဝပြီး ထိန်းသိမ်းအကောင်အထည်ဖော်နိုင်သလဲအပေါ်မှာ မူတည်နေတာကြောင့် မဖြစ်မနေ အဲဒီစိတ်ဓာတ်ကို ဖွံ့ဖြိုးစည်ပင်ပြန့်ပွားအောင်ဆောင်ရွက်ရင်း နိုင်ငံနဲ့ မြန်မာ့လူ့အဖွဲ့အစည်းကို မြှင့်တင်ပေးကြပါ။ အဲဒီလို ဆောင်ရွက်နိုင်တဲ့ အရည်အသွေးတွေ မောင်တို့ မယ်တို့ ပိုင်ဆိုင်နေတာကိုလည်း ကျွန်တော်နဲ့ လူရည်ချွန်မျိုးဆက်ဟောင်းကြီးတွေက တွေ့မြင်နေပါကြောင်းနဲ့ **"အောင်မြင်သူတို့ရဲ့ အထက်က တန်ဖိုးမြင့်ခေါင်းဆောင်တွေဘဝ"** မှာ ထာဝရ ရပ်တည်နိုင်ကြပါစေလို့ လူရည်ချွန် (၁၉၆၄–၁၉၈၈) အဖွဲ့အားလုံးရဲ့ကိုယ်စား ဆုတောင်းရင်း ကျွန်တော့်ရဲ့ ဂုဏ်ပြုဟောပြောချက်ကို နိဂုံးချုပ်အပ်ပါတယ်။ ။




ပျော်ရွှင်လေ့လာအင်္ဂလိပ်စာဖတ်ပရိသတ်အပေါင်း မင်္ဂလာအပေါင်းနဲ့ပြည့်စုံပါစေ။ ဒီတစ်ပတ်ရဲ့ ဗဟုသုတဖြစ်ဖွယ်အင်္ဂလိပ်စာကဏ္ဍရဲ့ Grammar အပိုင်းမှာတော့ Verbs (ကြိယာ) အကြောင်းဖော်ပြရာမှာ သိသင့်သိထိုက်တဲ့ Helping Verbs (အကူကြိယာ) တွေအကြောင်း ဖော်ပြလိုက်ပါတယ်။ Helping Verbs (အကူကြိယာ) သုံးမျိုးရှိတဲ့အနက် အခုတစ်ခါဖော်ပြပေးမှာကတော့ Verb To Have အကြောင်းပဲဖြစ်ပါတယ်။ ဒါ့အပြင် စကားပြောပိုင်းမှာလည်း Shortest way to talk about 'At the airport' လေယာဉ်ကွင်းမှာ ဘယ်ပုံဘယ်နည်း ပြောဆိုသုံးနှုန်းရမလဲဆိုတာကို နမူနာဝါကျများ၊ စကားပြောခန်းများ၊ ရှင်းလင်းချက်များနဲ့ ဝေဝေဆာဆာဖော်ပြပေးလိုက်ပါတယ်။ Vocabulary အပိုင်းမှာတော့ နေ့စဉ်ဘဝမှာအသုံးများတဲ့ အဓိပ္ပာယ်တူစကားလုံးတွေကို မြန်မာလိုအဓိပ္ပာယ်ရှင်းလင်းချက်များနဲ့ ဖော်ပြပေးလိုက်ပါတယ်။ ဖတ်မှတ်လေ့လာခြင်းအားဖြင့် အင်္ဂလိပ်စာဗဟုသုတများ တိုးပွားလာမယ်လို့ ယုံကြည်မိပါတယ်။ စဉ်ဆက်မပြတ်လေ့လာဖတ်ရှုကြဖို့တိုက်တွန်းရင်း ကိုယ်စိတ်နှစ်ဖြာကျန်းမာ၊ ချမ်းသာပြီး ဘေးဘယာတွေ ဝေးကွာကြပါစေလို့ ဆန္ဒပြုလိုက်ပါတယ်။

## GRAMMAR

### Basic to Intermediate

ဒီတစ်ပတ်မှာလည်း Verbs တွေအကြောင်းဖော်ပြရာမှာ သိသင့်သိထိုက်တဲ့ Helping Verbs (အကူကြိယာ)တွေအကြောင်း ဆက်လက်ဖော်ပြတဲ့နေရာမှာ "Verb To Have" အကြောင်းကို နမူနာဝါကျများနဲ့တကွ ပြည့်ပြည့်စုံစုံလေး ဖော်ပြလိုက်ပါတယ်။

**Helping Verbs (အကူကြိယာများ)**

**Verb to Have (ပိုင်ဆိုင်၊ ပြီးမြောက်)**

**Verb to Have ကို ပင်မကြိယာအနေဖြင့်သာမက အကူကြိယာအနေဖြင့်ပါ အသုံးပြုနိုင်သည်။**

➢ As a principal verb, to have has the meaning of possession, obligation, compulsion or necessity

**(Verb to Have ကို ပင်မကြိယာအနေဖြင့်သုံးသောအခါ ပိုင်ဆိုင်ခြင်း၊ ဝတ္တရားရှိခြင်း၊ အတင်းအကျပ်ပြုခြင်း သို့မဟုတ် လိုအပ်ခြင်း စသည့် အနက်အဓိပ္ပာယ်များကို ဖော်ဆောင်သည်။)**

ဥပမာ –

- I **have** enough money to buy a watch. (ပိုင်ဆိုင်၊ ရှိ)
- My uncle **has** a big farm. (ပိုင်ဆိုင်မှု)
- My aunt **had** her dinner at six o'clock yesterday. (စားသောက်)
- I have my dinner at eight o'clock every evening. (စားသောက်)
- Paul, my best friend, **has** his dinner at seven. (စားသောက်)
- My father **has** to attend the meeting. (ဝတ္တရား)
- You **have** to come to our school fun–fair. (အကျပ်ကိုင်)
- U Shin **had** to work hard to earn a living. (လိုအပ်မှုပြ)
- Do you **have** a cigarette? (ပိုင်ဆိုင်မှု)

**ဒီနေရာမှာ အသုံးပြုထားတဲ့ have၊ has၊ had စကားလုံးများဟာ Verb to have များဖြစ်ကြပါတယ်။**

➢ As a helping verb, it helps to form the Perfect Tenses of other verbs.

**(Verb to Have ကို အကူကြိယာအနေဖြင့်အသုံးပြုသောအခါ အခြားကြိယာများ၏ ပြီးမြောက်ခြင်းကာလကို ဖော်ပြရန် ကူညီပေးသည်။)**

ဥပမာ –

- I **have** finished reading this book.
- He **has** done the job well.
- They **had** gone out when we got to their house.

**Short Forms of Verb to Have (အတိုချုံ့ပုံစံ)**

| | |
|---|---|
| I've | I have |
| He's | He has |
| She'd | She had |
| Haven't | Have not |
| Hasn't | Has not |
| Hadn't | Had not |

**အကူကြိယာအဖြစ်အတိုချုံ့ပုံစံဖြင့် အသုံးပြုထားသော Short Forms of Verb to Have (အတိုချုံ့ပုံစံ) များကို ဝါကျတွင် ဤကဲ့သို့တွေ့နိုင်သည်။**

ဥပမာ –

- I've been waiting for you since noon.
- She's written this letter just now.
- We'd answered all the questions when the time was up.
- They haven't returned from the farm yet.
- She hasn't been eating much for a month now.
- I hadn't taken my bath yet when the guest arrived.

ဒါဆိုရင် Verb to Have အကြောင်း အတော်လေး နားလည်သွားပြီလို့ ယူဆပါတယ်။ ဒါကြောင့် အခုတစ်ပတ်မှာ အရင်အပတ်က ဖော်ပြခဲ့တဲ့ Verb to Be နဲ့ အခုတစ်ပတ်မှာ ဖော်ပြလိုက်တဲ့ Verb to Have အကြောင်း လေ့ကျင့်ခန်းလေးတွေ ဖော်ပြလိုက်ပါတယ်။

**Exercise (1) Fill in the blanks with the words in the box.**

| am is are was were |
|---|

1. She .................. walking to the car now.
2. They .................. good children and always keep their rooms clean.
3. The boys .................. Playing soccer yesterday.
4. Billy .................. Talking on the phone a while ago.
5. Sally .................. very polite and well–mannered.
6. We .................. Watching television now.
7. Father .................. very busy at the moment.
8. My sister .................. Baking a cake this afternoon.
9. I .................. Meeting Sean this afternoon.
10. Please get me some water. I .................. very thirsty.

**Exercise (2) Fill in the blanks with forms of the verb to have.**

1. They .................. a brown dog named Scottie.
2. We .................. lunch together every afternoon.
3. He .................. a small red car that he loves.
4. We .................. fried noodles for dinner last evening.
5. He .................. no money but he is happy.
6. Thomas .................. to leave the meeting early this morning.
7. I .................. many books at home. Would you like some?
8. Paul .................. a new computer game but he will not lend it to Gopal.
9. Tina .................. long black hair but she cut it recently.
10. You should go home if you .................. to.

## VOCABULARY (SYNONYMS)

| | | | |
|---|---|---|---|
| **rare** | = | **scarce** | (ရှားပါးသော) |
| **reckless** | = | **rash** | (အလျင်လိုသော၊ သတိမထားသော) |
| **recollect** | = | **remember** | (အမှတ်ရသည်) |
| **reluctant** | = | **unwilling** | (စိတ်မပါသော) |
| **remedy** | = | **cure** | (ရောဂါပျောက်ကင်းစေသောဆေး) |

*(ဒီတစ်ပတ်တော့ ဒီလောက်ပါပဲ။ နောက်တစ်ပတ် တနင်္လာနေ့မှာ ပြန်လည်ဆုံတွေ့ကြပါစို့)*

## CONVERSATION



### Shortest way to talk about "At the airport"

ဒီတစ်ပတ်မှာတော့ "At the airport" လေယာဉ်ကွင်းမှာ ဘယ်ပုံဘယ်နည်း ပြောဆိုသုံးနှုန်းရမလဲဆိုတာတွေကို "Shortest way to talk about "At the airport" ဆိုပြီး ဖော်ပြလိုက်ပါတယ်။

**I'd like to ...**

၁။ တစ်ခုခုလုပ်ချင်တယ်။ ပြောချင်တယ်ဆိုပြီး ပြောရင် I'd like to ... ဆိုပြီး ပြောနိုင်ပါတယ်။ I'd like to ရဲ့နောက်မှာတော့ Verb Infinitive လို့ခေါ်တဲ့ အခြေခံ Verb ထည့်ပြီးကိုယ်ဘာလုပ်ချင်တယ်၊ ကိုယ်ဘာပြောချင်တယ်ဆိုပြီး ပြောနိုင်ပါတယ်။ ဥပမာ –

- I'd like to check in.
- I'd like to introduce our first speaker.
- I'd like to watch a movie.

**heavier than ...**

၂။ အရာဝတ္ထုနှစ်ခု၊ လူပုဂ္ဂိုလ်နှစ်ယောက်၊ အကြောင်းအရာနှစ်ခု စတဲ့ အခြေအနေနှစ်ရပ်ကို နှိုင်းယှဉ်ဖော်ပြတဲ့နေရာမှာ သုံးနိုင်တဲ့ စကားပြောပုံစံတစ်မျိုးကတော့ D2 Adjective than ပုံစံပဲဖြစ်ပါတယ်။ တစ်ခုဟာ တစ်ခြားတစ်ခုထက် ပိုကောင်းတယ်၊ ပိုလှတယ်၊ ပိုတော်တယ်၊ စသည်ဖြင့် ပြောနိုင်ပါတယ်။ ဥပမာ –

- Your bag is heavier than the weight limits.
- Mg Mg is cleverer than Ko Ko.
- Yangon is more crowded than Mandalay.

**have to ...**

၃။ လုပ်ဖို့လိုတယ်၊ သို့မဟုတ် ဝတ္တရားအရ လုပ်ရတာမျိုးဆိုရင် have to + V–inf နဲ့ တွဲသုံးနိုင်ပါတယ်။ ဥပမာ –

- I have to study English.
- I have to clean my bed room.
- you have to pay for an overweight baggage fee.

**Would you like ...?**

၄ တစ်ခုခုလုပ်ချင်လား၊ စားချင်လား၊ သွားချင်လားဆိုပြီးမေးရင် Would you like ...? ဆိုတဲ့ စကားပြောပုံစံနဲ့ မေးနိုင်ပါတယ်။ ဥပမာ –

- Would you like a window seat or an aisle seat?

**I'm afraid I can't.**

၅။ မလုပ်ပေးနိုင်တာ အားနာတယ်။ မရမှာ အားနာတယ်ဆိုတဲ့ ပုံစံမျိုး ပြောချင်ရင် I'm afraid I can't ကို သုံးနိုင်ပါတယ်။ ဒီမှာကတော့ Ticket Agent က Passenger 1 ပြောသလိုမျိုး မရမှာ အားနာတယ်ဆိုပြီး ဒီလိုပုံစံမျိုးနဲ့ ပြောထားပါတယ်။

- Ticket Agent: Well, I'm afraid I can't.

### Conversation

**At the airport**

Passenger 1 (Melanie): Hello, **I'd like to check in.**

Ticket Agent: Hello, May I see your passport?

Passenger 1 (Melanie): Here you go. I don't have a ticket because I booked online.

Ticket Agent: That's okay. How many bags are you checking?

Passenger 1 (Melanie): Just this one. And I also have this carry–on.

Ticket Agent: Okay, please put it on the scale. **Your bag is heavier than the weight limits. Therefore, you have to pay for an overweight baggage fee,** which is $75.

Passenger 1 (Melanie): Oh, I see. Okay, no problem. I will pay for the fee.

Ticket Agent: **Would you like a window seat or an aisle seat?**

Passenger 1 (Melanie): Umm, I don't mind but can I have a seat next to my friend?

Ticket Agent: Has he already checked in?

Passenger 1 (Melanie): No, I'm waiting for him.

Ticket Agent: **Well, I'm afraid I can't.**

Passenger 2 (Liam): Hello, Melanie! I am here.

Passenger 1 (Melanie): Liam! You're finally here! Thanks goodness! Where have you been?

Passenger 2 (Liam): It's a long story. I'll tell you later. I'm going to check in first.

Passenger 1 (Melanie): Okay. Okay. Let's fly together.

ပျော်ရွှင်လေ့လာ အင်္ဂလိပ်စာကဏ္ဍနှင့်ပတ်သက်ပြီး အကြံပြုဆွေးနွေးလိုပါက ဆရာဦးတင်လင်းအောင် ဖုန်း–၀၉–၄၄၄၆၆၂၇၆၄ သို့ ဆက်သွယ်အကြံပြုဆွေးနွေးနိုင်ပါသည်။

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၄-၄-၂၀၂၃ တနင်္လာနေ့

**MRTV HD**

**၀၆:၀၀** မေတ္တာသုတ်၊ ရတနသုတ်၊ မောရှုဂ်သုတ် အန္တရာယ်ကင်းပရိတ်တရားတော်
**၀၇:၀၀** နံနက်ခင်းသတင်း
**၀၈:၃၅** မြန်မာတို့ရဲ့ ဝှက်ယူဖွယ်ရာပုဂံဒေသက ကမ္ဘာ့မှတ်တမ်းအမွေအနှစ်စာရင်းဝင်များ
**၀၉:၁၀** စိုက်ပျိုးမွေးမြူသုတဘဏ်
**၁၀:၀၀** သတင်းထဲကသတင်း
**၁၀:၃၀** ဧယျာရွှေမြေသို့ခရီးသွားခြင်း(အပိုင်း-၂)
**၁၁:၂၅** ဘဝနှင့်အနုပညာ
**၁၂:၃၅** နိုင်ငံခြားဇာတ်လမ်းတွဲ 'ပိုင်ဆိုင်ခွင့်မရှိတဲ့အချစ်နိဂုံး' (အပိုင်း-၉)
**၁၃:၃၀** MRTV National News
**၁၄:၀၀** ရုပ်မြင်သံကြားဇာတ်လမ်း 'အရွယ်သုံးပါး'
**၁၆:၄၀** မျိုးဝှက်တင့်စေဆိုကရေးတီးအမွေ
**၁၇:၁၀** သတင်းသမားပြောတဲ့သတင်းစကား
**၁၇:၄၀** This Week's Special Interest
**၁၈:၀၀** ပြည်တွင်းသတင်း
**၁၈:၃၅** New Future Program
**၁၉:၀၀** အကယ်ဒမီပွဲကြိုရုပ်ရှင်ဇာတ်ဝင်တေးများ
**၁၉:၁၅** နိုင်ငံခြားဇာတ်လမ်းတွဲ 'ချစ်ပန်းရနံ့ လွင့်ပျံ့အမုန်း' (အပိုင်း-၉၆)
**၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
**၂၁:၀၀** သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ
**၂၁:၃၀** နိုင်ငံခြားဇာတ်လမ်းတွဲ 'ယုံကြည်ရာလမ်း' (အပိုင်း-၃၁)

**mitv**

**07:01** Evergreen Classic: Zeyatu Sabba Mingalan (Takkatho Lae Lae)
**07:10** Travel To The Southern Part of Shan State (Kalaw)
**07:30** Myanmar Delicate Artistic Handy Creations- The Making Procedure Of Goldsmith
**07:46** Nga Laik Dam & Nga Laik Kan Tha Eco Resort
**08:01** News
**08:27** Asia Updates: The New Southern Silk Road (China - Myanmar Chapter) Part-2 (The River of Life 1) Part-A
**08:52** Myanmar Traditional Snacks: Sago Syrup with Sweet Potato
**09:01** Faith & Worship (Part-1)
**09:19** Paper Flower
**09:25** Discovering Tribes: Kanan their life and customs (Part-I)
**10:01** News
**10:27** Topical Topics

**MRTV NRC**

**ချင်း (ချိုး) (၀၆:၀၀ မှ ၀၇:၀၀)**
မြင်းဘွာရှက်ဇါးဆေးဖက်ဝင်အစွမ်းထက်မှုများ

**မွန် (၀၇:၀၀ မှ ၀၉:၀၀)**
ချစ်စရာ့မွန်ရိုးရာအိမ်

**ရခိုင် (၀၉:၀၀ မှ ၁၁:၀၀)**
ကြည်ညိုဖူးမြော်ကိုးသောင်းပုထိုးတော်

**ရှမ်း (၁၁:၀၀ မှ ၁၃:၀၀)**
သူတို့ဒေသသူတို့ဘဝ

**ဝ (၁၃:၀၀ မှ ၁၅:၀၀)**
'ဝ'ဘာသာစကားပြောကြရအောင် (ဆွေမျိုးများအခေါ်အဝေါ်)

**ကချင် (၁၅:၀၀ မှ ၁၇:၀၀)**
ဒေသထွက်ကုန်ပြခန်း

**ကယား (၁၇:၀၀ မှ ၁၉:၀၀)**
ဒေသတစ်လွှားစိတ်ဝင်စားဖွယ်ရာများ(အပိုင်း-၂၀)

**ပိုးကရင် (၁၉:၀၀ မှ ၂၀:၀၀)**
မုန့်ဖိုင်းတောင့်လုပ်စားရအောင်

**အနောက်ပိုးကရင် (၂၀:၀၀ မှ ၂၁:၀၀)**
ကရင်စာပေစကားပြောကြရအောင်(အပိုင်း-၃)

**အရှေ့ပိုးကရင် (၂၁:၀၀ မှ ၂၂:၀၀)**
ဓာတ်ကျိုက်ဘုရား

**ချင်း (လိုင်ဇိုး) (၂၂:၀၀ မှ ၂၃:၀၀)**
တောင်ဇလပ်ရဲ့ရိုးရာအလှ(အပိုင်း-၃)

**MRTV NEWS**

**၀၆:၀၀** အဖွင့်၊ တေးသီချင်း
**၀၆:၄၀** အားကစားသတင်း
**၀၉:၁၅** Weekly Selected News
**၀၉:၃၀** နိုင်ငံတကာသတင်း (LIVE)
**၁၁:၀၀** ပြည်တွင်းသတင်း (LIVE)
**၁၃:၃၀** နိုင်ငံတကာသတင်း (LIVE)
**၁၄:၀၀** MRTV National News
**၁၅:၀၀** ပြည်တွင်းသတင်း (LIVE)
**၁၆:၀၀** သတင်းမှန်ကဏ္ဍ(LIVE)
**၁၉:၀၀** ပြည်တွင်းသတင်း (LIVE)
**၂၀:၀၀** ပြည်တွင်းသတင်း (LIVE)
**၂၁:၄၅** သတင်းသမားပြောတဲ့သတင်းစကား

**MRTV PARLIAMENT**

**၀၉:၀၀** အဖွင့်၊ အလံ
**၀၉:၃၀** ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'ဖြူစင်သောစိတ်ထား'
**၁၀:၀၀** ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်းများ
**၁၀:၃၀** ဥပဒေဆိုင်ရာ သိမှတ်ဖွယ်ရာဆွေးနွေးခန်း (အပိုင်း-၇)
**၁၁:၀၀** PR SYSTEM ရှင်းလင်းပွဲ
**၁၁:၃၀** အတွေးအမြင် (အပိုင်း-၇)

**MRTV FARMERS'**

**၀၆:၀၀** အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
**၀၆:၀၂** တောင်သူလယ်သမားရေးရာသတင်း
**၀၆:၄၀** မျိုးကောင်းမျိုးသန့်စိုက်ပျိုး အထွက်တိုးမယ့်ရွှေနေကြာ
**၀၇:၀၀** စိုက်ပျိုးမွေးမြူသုတဘဏ်
**၀၇:၅၀** နိုင်ငံတကာနည်းပညာ တို့လယ်တောမှာကျင့်သုံးပါ
**၀၈:၂၀** သီးနှံအရည်အသွေးမှန်ကန်နိုင်ရေး နည်းစနစ်ကျကျစိုက်ပျိုးပေး
**၀၉:၂၅** ငွေနှင်းမှို

**MRTV SPORTS**

**၀၆:၀၀** အဖွင့်
**၀၆:၃၀** အခြေခံအားကစားနည်းစနစ်များ
**၀၇:၀၀** Sports News
**၀၇:၃၀** Soccer View/Weekly Sports Info Sports Diary/Weekly MNL Review/ Weekly Soccer Preview
**၀၇:၄၅** အားကစားလောကထဲကသူတို့အကြောင်း
**၀၈:၀၀** ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
**၂၀:၀၀** ပြည်တွင်းသတင်း

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း (၂၄)နာရီ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။
SCAN ME
www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

## မိတ္ထီလာခရိုင်အတွင်း ဘုန်းတော်ကြီးကျောင်းများအား ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ကုလားပဲများ ဆက်ကပ်လှူဒါန်း

နေပြည်တော် မေ ၂၃

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မိတ္ထီလာခရိုင် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးမင်းထွန်းနှင့် ဝန်ထမ်းများသည် ယမန်နေ့က မိတ္ထီလာခရိုင်မိတ္ထီလာမြို့နယ် ထမုန်ကန်ကျေးရွာအုပ်စု မဟာစည်တိုးချဲ့ရပ်ကွက် မဟာစည်သာသနာ့ရိပ်သာကျောင်းတိုက်ရှိ သံဃာတော်များ၊ စာသင်သားသာမဏေများ၊ သီလရှင်ဆရာလေး များအတွက် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ကုလားပဲ၊ ကြက်ဥ၊ ရေသန့်နှင့် အခြားစားသောက်ဖွယ်ရာများအား မဟာစည်သာသနာ့ရိပ်သာကျောင်းတိုက် ဆရာတော် ဦးအဂ္ဂသာမိထံ ဆက်ကပ်လှူဒါန်းသည်။



နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် တိုင်းဒေသကြီး/ ပြည်နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးများမှ ဒေသအတွင်းရှိ သံဃာတော်များ ဆွမ်းအခက်အခဲ မရှိစေရေးအတွက် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ကုလားပဲ၊ ကြက်ဥများကို ဒေသအလိုက် လှူဒါန်းလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## ဌာနဆိုင်ရာဝန်ထမ်းများအား ဆန်နှင့်ဆီဖြန့်ဖြူးရောင်းချပေး

**ဘားအံ မေ ၂၃**

ကရင်ပြည်နယ် ဘားအံမြို့နယ်ရှိ ဌာနဆိုင်ရာများမှ ဝန်ထမ်းများ သက်သာ ချောင်ချိရေးအတွက် ပြည်နယ်အစိုးရအဖွဲ့၏ လမ်းညွှန်ချက်နှင့်အညီ ကရင်ပြည်နယ် သမဝါယမဦးစီးဌာန အစီအစဉ်ဖြင့် သမဝါယမဦးတည်ချက်၊ ရည်မှန်းချက်များနှင့်အညီ နိုင်ငံ့စီးပွား မြှင့်တင်ရေးရန်ပုံငွေမှ မတည်ထောက်ပံ့ငွေဖြင့် ရယူဆောင်ရွက်လျက်ရှိသော ဘားအံမြို့နယ်ရှိ ဆန်စက်လုပ်ငန်းရှင်များ သမဝါယမအသင်းနှင့် ဆီစက်လုပ်ငန်းရှင်များ သမဝါယမအသင်းတို့မှ ဒေသတွင်းထုတ်လုပ်သည့် ဆန်နှင့် ဆီများကို ပြင်ပပေါက်ဈေးထက် သက်သာသောနှုန်းထားဖြင့် ၂၀၂၃ ခုနှစ် မတ်လမှစတင်၍ လဆိုင်းစနစ်ဖြင့် ရောင်းချပေးခဲ့သည်။

ကရင်ပြည်နယ် အတွင်းရှိ ဌာနဆိုင်ရာ ၂၁ ခုရှိ ဝန်ထမ်းများအား ဆန် ၄၀၃ အိတ်နှင့် မြေပဲဆီ ၂၉၅ ပိဿာတို့ကို ဖြန့်ဖြူးရောင်းချပေးခဲ့ပြီး ဝန်ထမ်းများသက်သာချောင်ချိရေးအတွက် စဉ်ဆက်မပြတ် ဖြန့်ဖြူးရောင်းချပေးနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၃ - ၄ - ၂၀၂၃

**ရွှေ**

| | |
|---|---|
| အကယ်ဒမီမီးလင်းရွှေအဖွင့်ဈေး တစ်ကျပ်သား ကျပ် | ၂၃၅၈၆၀၀ |
| အကယ်ဒမီမီးလင်းရွှေအပိတ်ဈေး တစ်ကျပ်သား ကျပ် | ၂၃၄၀၉၀၀ |
| ကမ္ဘာ့ရွှေဈေးအဖွင့်ဈေး တစ်အောင်စ အမေရိကန်ဒေါ်လာ | ၂၀၀၂ |
| ကမ္ဘာ့ရွှေဈေးအပိတ်ဈေး တစ်အောင်စ အမေရိကန်ဒေါ်လာ | ၁၉၈၇ |

(ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းမှ ရယူပါသည်)

**စက်သုံးဆီ(လက်လီဈေးနှုန်းများ)**

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၁၉၉၅ ကျပ် | ၂၀၄၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၀၇၅ ကျပ် | ၂၁၂၅ ကျပ် |
| အောက်တိန်း ၉၂ | ၂၀၆၅ ကျပ် | ၂၁၁၅ ကျပ် |
| အောက်တိန်း ၉၅ | ၂၁၆၀ ကျပ် | ၂၂၁၀ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၂၁၀၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၂၃၀၂ . ၄ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၅၇၃ . ၀ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၆၁ . ၀၈၂ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၅၆၉ . ၅ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၄၇၃ . ၂၄ |
| တရုတ် | တစ်ယွမ် | ကျပ် | ၃၀၄ . ၈၆ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၅ . ၅၈၀ |

(မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ရယူပါသည်)

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၀ | ၀ | ၀ | ၀ |
| MTSH | ၂၉၅၀ | ၃၁၀၀ | ၈၁၈၀ | ၂၄၆၀၃၅၅၀ |
| MCB | ၀ | ၀ | ၀ | ၀ |
| FPB | ၁၄၅၀ | ၁၄၅၀ | ၂၆၃၇ | ၃၈၈၉၄၀၀ |
| TMH | ၂၄၅၀ | ၂၅၅၀ | ၁၁၀ | ၂၇၀၅၀၀ |
| EFR | ၂၆၀၀ | ၂၆၀၀ | ၁၅ | ၃၉၀၀၀ |
| AHP | ၄၉၀၀ | ၄၉၀၀ | ၁၉၉ | ၉၆၀၂၀၀ |

ညီညီ - စုစည်းသည်

မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
အငယ်တန်းသတင်းထောက်များ - ဝေသူနွယ်၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

# “အားကစားနည်း ၁၉ နည်းမှ ရွှေတံဆိပ် ၁၇ ခု၊ ငွေတံဆိပ် ၂၉ ခု၊ ကြေးတံဆိပ် ၃၆ ခု စုစုပေါင်း ဆုတံဆိပ် ၈၂ ခု မျှော်မှန်းထားရှိပါတယ်”

ဦးဌေးအောင်၊ ညွှန်ကြားရေးမှူး

## (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်မှု အခြေအနေများ တွေ့ဆုံမေးမြန်းခြင်း

ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့ အပါအဝင် မြို့ကြီးငါးမြို့၌ ၂၀၂၃ ခုနှစ် မေ ၅ ရက်မှ ၁၇ ရက်အထိ ကျင်းပမည့် (၃၂) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် မြန်မာနိုင်ငံအနေဖြင့် အားကစားနည်းမည်မျှ ပါဝင်ယှဉ်ပြိုင်မည်၊ မည်သို့ကြိုတင်ပြင်ဆင် လေ့ကျင့်ဆောင်ရွက်လျက်ရှိသည်၊ အားကစားသမား မည်မျှပါဝင်ယှဉ်ပြိုင်ကြမည်၊ မည်သည့်အားကစားနည်းများမှ ရွှေတံဆိပ် မည်မျှမျှော်မှန်းထားရှိသည်၊ စုစုပေါင်း ရွှေ၊ ငွေ၊ ကြေးဆုတံဆိပ် မည်မျှ မျှော်မှန်းပြင်ဆင်ဆောင်ရွက်လျက်ရှိသည် စသည့်အခြေအနေများနှင့် ပတ်သက်၍ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူး ဦးဌေးအောင်နှင့် ဆက်သွယ်မေးမြန်းထားပါသည်။



ဦးဌေးအောင် (ညွှန်ကြားရေးမှူး အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန)

**မေး။ ။ (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကြီးမှာ ဝင်ရောက်ယှဉ်ပြိုင်ဖို့ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနအနေနဲ့ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေတွေကို သိလိုပါတယ်။**

**ဖြေ။** ။ မြန်မာနိုင်ငံအနေနဲ့ ပါဝင်ယှဉ်ပြိုင်မယ့် အားကစားနည်း ၁၉ နည်းရှိပါတယ်။ ပြေးခုန်ပစ်၊ ကြက်တောင်၊ ဘိလိယက်နဲ့ စနူကာ၊ လက်ဝှေ့၊ စစ်တုရင်၊ ခရစ်ကက်၊ E-Sports, ဂျူဒို၊ ဘောလုံး၊ ဗိုဗီနမ် (အားနစ်နဲ့ Kun Bokator အပါအဝင်)၊ ပီတန်း၊ ပိုက်ကျော်ခြင်း (ခြင်းလုံးအပါအဝင်)၊ တိုက်ကွမ်ဒို၊ ဘော်လီဘော၊ အလေးမ၊ ဝူရှူး၊ ရိုးရာလက်ဝှေ့ (Kun Khmer)၊ ရိုးရာလှေ၊ တင်းနစ် စတဲ့ အားကစားနည်းတွေ ဖြစ်ပါတယ်။

ပြိုင်ပွဲအောင်မြင်မှုရရှိရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်မှုအနေနဲ့ကတော့ ၂၀၂၂ ခုနှစ် ဇူလိုင်လကစတင်ပြီး နေပြည်တော် အားကစားလေ့ကျင့်ရေးစခန်း (Gold Camp)မှာ အားကစားနည်း ၁၁ မျိုးကို စတင်စခန်းသွင်းလေ့ကျင့်ခဲ့တာ ဖြစ်ပါတယ်။ စခန်းသွင်း လေ့ကျင့်တဲ့အားကစားနည်းတွေကတော့ ပြေးခုန်ပစ်၊ ဘိလိယက်နဲ့ စနူကာ၊ လက်ဝှေ့၊ ဂျူဒို၊ ပီတန်း၊ ပိုက်ကျော်ခြင်း(ခြင်းလုံး အပါအဝင်)၊ တိုက်ကွမ်ဒို၊ ဘော်လီဘော၊ ဗိုဗီနမ် (အားနစ်နဲ့ Kun Bokator အပါအဝင်)၊ အလေးမ၊ ဝူရှူး စတဲ့အားကစားနည်းတွေကို အုပ်ချုပ်/နည်းပြ ၇၃ ဦး၊ အားကစားသမား ကျား ၁၇၇ ဦး၊ မ ၁၂၆ ဦး၊ ပေါင်း ၃၀၃ ဦး၊ ပူးတွဲလေ့ကျင့်သည့် အားကစားသမား ၁၇ ဦး အပါအဝင် စုစုပေါင်း ၃၉၃ ဦးနဲ့ ကြိုတင်ပြင်ဆင် စခန်းသွင်းလေ့ကျင့်ခဲ့ကြပါတယ်။

ရန်ကုန်မြို့ရှိ သက်ဆိုင်ရာအားကစားအဖွဲ့ချုပ် အသီးသီးမှာ ၂၀၂၂ ခုနှစ် မတ်လနဲ့ ဇူလိုင်လတွေကစတင်ပြီး ဘိလိယက်၊ ဘောလုံး (အမျိုးသမီး)၊ ရိုးရာလက်ဝှေ့ (Kun Khmer)၊ တင်းနစ်၊ ရိုးရာလှေ၊ ခရစ်ကက် စတဲ့အားကစားနည်းတွေကို အုပ်ချုပ်/နည်းပြ ၂၃ ဦး၊ အားကစားသမား ကျား ၄၆ ဦး၊ မ ၆၉ ဦး ပေါင်း ၁၃၈ ဦး၊ ပူးတွဲလေ့ကျင့်သည့် အုပ်ချုပ်/နည်းပြ နှစ်ဦး၊ ကစားသမားတစ်ဦး အပါအဝင် စုစုပေါင်း ၁၄၁ ဦးနဲ့ ကြိုတင်ပြင်ဆင်စခန်းသွင်းလေ့ကျင့်ခဲ့ကြတာဖြစ်ပါတယ်။

ပြိုင်ပွဲမှာ အောင်မြင်မှုရရှိရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်မှုအနေနဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံကို ၂၀၂၂ ခုနှစ် နိုဝင်ဘာလကနေ ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီလအထိ သုံးလကြာ ဘော်လီဘောအားကစားအဖွဲ့ ၃၈ ဦး၊ ဝူရှူးအားကစားအဖွဲ့ ၁၇ ဦး၊ ပြေးခုန်ပစ်အားကစားအဖွဲ့ ၂၅ ဦး၊ လက်ဝှေ့အားကစားအဖွဲ့ ၂၁ ဦး စုစုပေါင်း ၁၀၁ ဦးကို အုပ်ချုပ်/နည်းပြများအပါအဝင် စေလွှတ်လေ့ကျင့်ပေးနိုင်ခဲ့ပါတယ်။

**မေး။ ။ပြိုင်ပွဲကို အားကစားနည်းအလိုက် သွားရောက်ယှဉ်ပြိုင်မယ့် ခန့်မှန်းလျာထားတဲ့ အုပ်ချုပ်မှုအဖွဲ့၊ အားကစားနည်းအလိုက် အုပ်ချုပ်/နည်းပြအဖွဲ့၊ အားကစားသမားအရေအတွက် ခန့်မှန်းအင်အား စာရင်းလေးကိုလည်း သိပါရစေ။**

**ဖြေ။** ။ လက်ရှိအနေအထားအရ ပြိုင်ပွဲကို သွားရောက်ယှဉ်ပြိုင်မယ့် အားကစားနည်းအလိုက် အုပ်ချုပ်/နည်းပြနဲ့ ကစားသမား စုစုပေါင်း ၄၄၆ ဦးခန့် သွားရောက်ဖို့ စီစဉ်ထားရှိပါတယ်။ ပြိုင်ပွဲသို့ အမှန်တကယ်သွားရောက်ယှဉ်ပြိုင်တဲ့ မြန်မာအားကစားအဖွဲ့မှာ ဖိတ်ကြားခံပုဂ္ဂိုလ်တွေ၊ အုပ်ချုပ်မှုအဖွဲ့၊ ဆေးအဖွဲ့၊ မီဒီယာအဖွဲ့တွေလည်း ပါရှိမှာဖြစ်တဲ့အတွက် ခန့်မှန်းအင်အား ၅၀၀ နဲ့ ၅၁၀ ကြား ရှိနိုင်ပါတယ်။

**မေး။ ။ပြိုင်ပွဲကြီးမှာ ထည့်သွင်းကျင်းပမယ့် အားကစားနည်း ၃၆ နည်းအတွက် ချီးမြှင့်မယ့် ရွှေတံဆိပ် အရေအတွက်ကိုလည်း သိပါရစေ။ မြန်မာနိုင်ငံက ဝင်ရောက်ယှဉ်ပြိုင်မယ့် အားကစားနည်း ၁၉ နည်းအတွက် ပေးအပ်မယ့် ရွှေတံဆိပ်ဆု အရေအတွက်ကိုလည်း သိပါရစေ။**

**ဖြေ။** ။ ပြိုင်ပွဲမှာ ထည့်သွင်းကျင်းပမယ့် အားကစားနည်း ၃၆ နည်းအတွက် လတ်တလောအရ ရွှေတံဆိပ် ၅၈၀ ကျော် ချီးမြှင့်ပေးအပ်သွားမှာဖြစ်ပြီး မြန်မာနိုင်ငံက ဝင်ရောက်ယှဉ်ပြိုင်မယ့် အားကစားနည်း ၁၉ နည်းအတွက် ရွှေတံဆိပ် ၃၃၀ ခန့် ပေးအပ်သွားမယ်လို့ သိရပါတယ်။ ချီးမြှင့်မယ့် ဆုတံဆိပ် အတိအကျ မပြောနိုင်ရတာကတော့ ဒီနေ့အချိန်အထိ တချို့အားကစားနည်းတွေမှာ ဆုတံဆိပ် အတိုး/အလျှော့ ရှိနိုင်တဲ့အတွက် အနီးစပ်ဆုံး ခန့်မှန်းအရေအတွက်လို့ပဲ ပြောရတာဖြစ်ပါတယ်။

**မေး။ ။ပြိုင်ပွဲအတွက် ကြိုတင်ပြင်ဆင်လေ့ကျင့်နေစဉ်ကာလအတွင်းမှာ နိုင်ငံတကာပြိုင်ပွဲ အတွေ့အကြုံရရှိစေရေးအတွက် စေလွှတ်ယှဉ်ပြိုင်ခဲ့တာရော ရှိပါသလား။**

**ဖြေ။** ။ နေပြည်တော်အားကစားလေ့ကျင့်ရေးစခန်းနဲ့ ရန်ကုန်မြို့မှာရှိတဲ့အားကစားအဖွဲ့ချုပ် အသီးသီးမှာ စခန်းသွင်းလေ့ကျင့်နေစဉ် ကာလအတွင်း နိုင်ငံတကာပြိုင်ပွဲ အတွေ့အကြုံ ရရှိစေရေးအတွက် ဘိလိယက်နှင့် စနူကာအားကစားနည်းအနေနဲ့ မလေးရှားနိုင်ငံ၊ စင်ကာပူနိုင်ငံနဲ့ ကာတာနိုင်ငံကို ပြိုင်ပွဲ သုံးကြိမ်၊ ပီတန်းအားကစားနည်းအနေနဲ့ ထိုင်းနိုင်ငံကို တစ်ကြိမ်၊ လှေလှော်အားကစားနည်းအနေနဲ့ ထိုင်းနိုင်ငံကို တစ်ကြိမ်၊ ပြေးခုန်ပစ် အားကစားနည်းအနေနဲ့ ထိုင်းနိုင်ငံကို တစ်ကြိမ်၊ တိုက်ကွမ်ဒိုအားကစားနည်းအနေနဲ့ ထိုင်းနိုင်ငံကို တစ်ကြိမ်၊ တင်းနစ်အားကစားနည်းအနေနဲ့ သီရိလင်္ကာနိုင်ငံကို တစ်ကြိမ် စေလွှတ်ယှဉ်ပြိုင်စေခဲ့ပါတယ်။



ဝူရှူးအားကစားနည်းတွင် ပါဝင်ယှဉ်ပြိုင်ရန်အတွက် လေ့ကျင့်နေသော အားကစားသမားတစ်ဦး။

**မေး။ ။ စခန်းသွင်းအားကစားသမားတွေကို နိုင်ငံခြားသားအဆင့်မြင့်နည်းပြ ငှားရမ်းလေ့ကျင့်ပေးတာရော ရှိပါသလား။ ဘယ်အားကစားနည်းတွေကို၊ ဘယ်နိုင်ငံက နည်းပြတွေ ငှားရမ်းလေ့ကျင့်ခဲ့တယ်ဆိုတာကိုလည်း သိလိုပါတယ်။**

**ဖြေ။** ။အားကစားနည်းအလိုက် စခန်းသွင်းလေ့ကျင့်နေစဉ်ကာလအတွင်း ပြိုင်ပွဲမှာအောင်မြင်မှု ရရှိစေရေးအတွက် အားကစားနည်းအလိုက် အောင်မြင်နေတဲ့ နိုင်ငံတွေက နိုင်ငံခြားသားနည်းပြတွေကိုလည်း ငှားရမ်းလေ့ကျင့်ခဲ့ကြတာရှိပါတယ်။ တိုက်ကွမ်ဒိုအားကစားနည်းအနေနဲ့ ကိုရီးယားနိုင်ငံ၊ ဂျူဒိုအားကစားနည်းအတွက် ဂျပန်နိုင်ငံ၊ အားနစ်အားကစားနည်းအတွက် ဖိလစ်ပိုင်နိုင်ငံ၊ Kun Bokator အားကစားနည်းအတွက် ကမ္ဘောဒီးယားနိုင်ငံတွေက နိုင်ငံခြားသားနည်းပြတွေ ငှားရမ်းလေ့ကျင့်ခဲ့ကြတာ ဖြစ်ပါတယ်။

**မေး။ ။ စခန်းသွင်းလေ့ကျင့်ကာလ တစ်နှစ်နီးပါး ကြိုတင်ပြင်ဆင်လေ့ကျင့်ခဲ့ကြတာဖြစ်တဲ့အတွက် အားကစားနည်းအလိုက် ရနိုင်မယ့် ခန့်မှန်းဆုတံဆိပ်အရေအတွက်ရှိရင်လည်း သိပါရစေ။**

**ဖြေ။** ။မြန်မာနိုင်ငံက ဝင်ရောက်ယှဉ်ပြိုင်မယ့် အားကစားနည်း ၁၉ နည်းမှ ရွှေတံဆိပ် ၁၇ ခု၊ ငွေတံဆိပ် ၂၉ ခု၊ ကြေးတံဆိပ် ၃၆ ခု စုစုပေါင်း ဆုတံဆိပ် ၈၂ ခုကို မျှော်မှန်းထားရှိပါတယ်။ ရွှေတံဆိပ် မျှော်မှန်းတဲ့ အားကစားနည်းတွေကတော့ ခြင်းလုံး၊ ဘိလိယက်နှင့် စနူကာ၊ ဝူရှူး၊ အားနစ်၊ ပီတန်း၊ ရိုးရာလက်ဝှေ့ (Kun Khmer)၊ ဂျူဒို၊ ဗိုဗီနမ်အားကစားနည်းတွေဖြစ်ပြီး ပြိုင်ပွဲဝင်မယ့်အားကစားနည်းအားလုံးအတွက်ကတော့ ငွေ/ကြေး ဆုတံဆိပ်တွေ ခန့်မှန်းထားရှိတာဖြစ်ပါတယ်။ ပြိုင်ပွဲထုံးစံအရ ဆုတံဆိပ်ရရှိမှု အတိုး/ အလျှော့ရှိနိုင်သော်လည်း ပြိုင်ပွဲဝင်အားကစားသမားတွေအနေနဲ့ ခန့်မှန်းဆုတံဆိပ်တွေ ပြည့်ပြည့်ဝဝ ရရှိရေးအတွက် အစွမ်းကုန်ကြိုးစား ယှဉ်ပြိုင်သွားကြမှာဖြစ်ပါတယ်။

**မေး။ ။ အားကစားသမားတွေကို စိစစ်ရွေးချယ်တဲ့အခါ စံချိန်စံညွှန်းအပေါ်မှာ မူတည်ပြီး ရွေးချယ်တာလား၊ စံချိန်စံညွှန်းမရှိတဲ့အားကစားနည်းတွေအတွက်ရော ဘယ်လိုရွေးချယ်ပါသလဲ။**

**ဖြေ။** ။ စံချိန်စံညွှန်းရှိတဲ့ အားကစားနည်းတွေဖြစ်တဲ့ ပြေးခုန်ပစ်၊ လှေလှော်၊ အလေးမ စတဲ့ အားကစားနည်းတွေအတွက် စခန်းသွင်းလေ့ကျင့်စဉ်ကာလအတွင်း လက်ရည်စစ်ပြိုင်ပွဲတွေ အကြိမ်ကြိမ်ပြုလုပ်ပြီး မှတ်တမ်းထားရှိဆောင်ရွက်ပါတယ်။ လက်ရည်စစ်ပြိုင်ပွဲတွေမှာ ရရှိတဲ့ စံချိန်စံညွှန်းတွေနဲ့ အရင် SEA Games ပြိုင်ပွဲစံချိန်တွေနဲ့ နှိုင်းယှဉ်ရွေးချယ်ဆောင်ရွက်တာဖြစ်ပါတယ်။

စံချိန်စံညွှန်းမရှိတဲ့ အားကစားနည်းတွေကတော့ အားကစားနည်းအလိုက် သက်ဆိုင်ရာ နည်းပြချုပ်နဲ့ နည်းပြအဖွဲ့မှ နည်းစနစ်ကိုယ်စားလှယ်တွေ၊ အားကစားနှင့် ကာယပညာဦးစီးဌာနက တာဝန်ပေးအပ်ထားသူတွေနဲ့ စနစ်တကျ အမှတ်ပေးရွေးချယ်တာ ဖြစ်ပါတယ်။

**မေး။ ။ပြိုင်ပွဲအတွက်စခန်းဝင်ရောက်နေတဲ့အားကစားသမားတွေကို နိုင်ငံတော်အနေနဲ့ ဘယ်လို ကျွေးမွေးထောက်ပံ့မှုတွေ ဆောင်ရွက်ပေးထားပါသလဲ။**

**ဖြေ။** ။စခန်းဝင်ရောက်လေ့ကျင့်နေတဲ့ အုပ်ချုပ်/နည်းပြနဲ့ ကစားသမားတွေကို စားစရိတ်အဖြစ် တစ်ဦးကို တစ်ရက် ကျပ် ၅၀၀၀ နှုန်းနဲ့ ကျွေးမွေးဆောင်ရွက်လျက်ရှိပါတယ်။ လစဉ် ထောက်ပံ့ကြေးအနေနဲ့ကတော့ A အဆင့်ဆိုရင် တစ်လ နှစ်သိန်း၊ B အဆင့် တစ်လ တစ်သိန်းခွဲ၊ C အဆင့်ဆိုရင် တစ်လ တစ်သိန်း ထပ်ဆောင်း ချီးမြှင့်ပေးထားပါတယ်။

*စာမျက်နှာ ၂၁ သို့*

## မင်းလှမြို့နယ်၌ လေပြင်းတိုက်ခတ်၍ အဆောက်အအုံအချို့ ပျက်စီးမှုဖြစ်ပွား

**အထက်မင်းလှ မေ ၂၃**

မကွေးတိုင်းဒေသကြီး မင်းလှမြို့နယ်၌ မေ ၂၂ ရက် ညနေ ၆ နာရီခန့်က လေပြင်းတိုက်ခတ်မှုကြောင့် ဘုန်းကြီးကျောင်းတစ်ကျောင်း၊ စာသင်ကျောင်းနှစ်ကျောင်းနှင့် လူနေအိမ်ကိုးလုံး အမိုးလန် ပျက်စီးမှု ဖြစ်ပွားခဲ့သည်။

အဆိုပါ လေပြင်းတိုက်ခတ်မှုကြောင့် ကညွှင်းကြီးကျေးရွာ၌ ဘုန်းကြီးကျောင်းတစ်ကျောင်း၊ လယ်လှကျေးရွာ၌ စာသင်ကျောင်း တစ်ကျောင်း၊ ဝက်ချုပ်ကျေးရွာ၌ စာသင်ကျောင်းတစ်ကျောင်း၊ ဆင်မတောင်ကျေးရွာ၌ လူနေအိမ်တစ်လုံး၊ ရေပေါ်ကျေးရွာ၌ လူနေအိမ်နှစ်လုံး၊ ကံတောင်ကျေးရွာ၌ လူနေအိမ်နှစ်လုံး၊ ချင်းကုန်း ကျေးရွာ၌ လူနေအိမ်သုံးလုံး၊ ရုံးရပ်မြောက်ပိုင်းရပ်ကွက်၌ လူနေအိမ်တစ်လုံး၊ စုစုပေါင်း လူနေအိမ်ကိုးလုံးနှင့် ဘုန်းကြီးကျောင်း တစ်ကျောင်း၊ စာသင်ကျောင်းနှစ်ကျောင်းတို့ အမိုးလန်ပျက်စီးမှုဖြစ်ပွား ခဲ့ပြီး လူနှင့် တိရစ္ဆာန်များ ထိခိုက်မှုမရှိကြောင်း သိရသည်။

**ဇာဇာ(အထက်မင်းလှ)**



## ချောင်းဆုံမြို့နယ် ကမာမိုကျေးရွာဘုရားပွဲတော်နှင့် (၄၇)ကြိမ်မြောက် ဘုရားဖူးနွားလှည်း ယဉ်ကျေးမှုပြိုင်ပွဲ စည်ကားသိုက်မြိုက်စွာကျင်းပ

**ချောင်းဆုံ မေ ၂၃**

မွန်ပြည်နယ် ချောင်းဆုံမြို့နယ်၌ ဧပြီလ လဆန်းပိုင်းမှစ၍ လကုန်အထိ ရှေးအစဉ်အလာမပျက် ဆည်းသည်ခေါ် ဘုရားပွဲတော်ကို တစ်ရွာတစ်ရက် ကျင်းပပြီး မွန်တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု ဓလေ့ဖြစ်သည့် ဘုရားဖူး နွားလှည်း ယဉ်ကျေးမှု တစ်ခုအနေဖြင့်လည်း ထည့်သွင်း ကျင်းပခဲ့ရာ မေ ၂၂ ရက် ညနေပိုင်းက ကမာမိုကျေးရွာ ဘုရားပွဲ၌ (၄၇)ကြိမ်မြောက် ဘုရားဖူး နွားလှည်း ယဉ်ကျေးမှုပြိုင်ပွဲကို စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။



"ကမာမိုကျေးရွာ ဘုရားဖူး နွားလှည်း ယဉ်ကျေးမှုပြိုင်ပွဲကို ၁၉၇၅ ခုနှစ်ကတည်းက စတင် ကျင်းပခဲ့တာ အခုဆိုရင်(၄၇)ကြိမ် မြောက်ရှိပြီ။ အခုလို နွားလှည်း ယဉ်ကျေးမှုပြိုင်ပွဲ ပြုလုပ်ရတာက ကျွန်တော်တို့ မွန်တိုင်းရင်းသား လူငယ်မျိုးဆက်သစ်တွေ မိမိ ယဉ်ကျေးမှုကို မြတ်နိုး တန်ဖိုး ထားတတ်ဖို့အတွက် ရည်ရွယ် တာပါ။ ဒီပြိုင်ပွဲကို ရွာခံလူငယ် တွေအပြင် တခြားရွာက မွန်တိုင်းရင်းသားတွေ ကလည်း ဝင်ရောက် ယှဉ်ပြိုင်ခဲ့တယ်။ ချောင်းဆုံမြို့နယ်အနေနဲ့ အရင် တုန်းကဆိုရင် မွန်တိုင်းရင်းသား တွေ နေထိုင်တဲ့ ရွာတိုင်းနီးပါး ဒီလိုပြိုင်ပွဲကို ကျင်းပခဲ့တာ။ နောက်ပိုင်းမှာတော့ ရွာတော်တော် များများက ဒီယဉ်ကျေးမှုပြိုင်ပွဲကို ဆက်လက် လုပ်ဆောင်နိုင်မှု မရှိဘဲ ကျွန်တော်တို့ ကမာမို တစ်ရွာတည်းသာ ဒီနေ့အထိ ပြုလုပ်နိုင်ခဲ့ပါတယ်။ ဒီရိုးရာ အစဉ်အလာတစ်ခု မပျောက်ပျက် အောင် မျိုးဆက်သစ် လူငယ်တွေ ကို လက်ဆင့်ကမ်း ပေးခဲ့ချင် ပါတယ်"ဟု ကမာမိုကျေးရွာ ဘုရားဖူးနွားလှည်း ယဉ်ကျေးမှု ပြိုင်ပွဲကျင်းပရေး ကော်မတီ နာယကအဖွဲ့ဝင် ဦးမင်းမြင့် မောင်လေးက ပြောသည်။

ကမာမိုကျေးရွာ တောင်ပေါ် ဘုရားနှင့် ဝင်းလှဲ့ညီနောင် ဆုတောင်းပြည့် စေတီတော်တွင် ရပ်ဝေးရပ်နီးမှ ဘုရားဖူးပြည်သူ များ၊ ဘုရားဖူး နွားလှည်း ယဉ်ကျေးမှုပြိုင်ပွဲကို လာရောက် ကြည့်ရှုသူများဖြင့် စည်ကားလျက် ရှိသည်။

ယင်းပြိုင်ပွဲ၏ အမှတ်ပေး စည်းမျဉ်းငါးချက်မှာ နွား၊ လှည်း၊ အိန္ဒြေရှိမှု၊ ဝတ်စားဆင်ယင်မှု၊ နေထိုင်မှုအချိုးအစား ဟူ၍ခွဲခြား သတ်မှတ်ပြီး ယခုနှစ်တွင် ပြိုင်ပွဲ ဝင် သုံးစီးသာ ဝင်ရောက်ယှဉ်ပြိုင် ပြီး ဆုကြေးကို ထိုက်ထိုက်တန် တန် ဆုချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။

**သူဇာ(ပြန်/ဆက်)**

## ပွင့်ဖြူမြို့နယ်၌ မိုးရာသီတွင် ပျိုးပင်ပေါင်းလေးသောင်း အခမဲ့ ဖြန့်ဝေစိုက်ပျိုးမည်

**ပွင့်ဖြူ မေ ၂၃**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် သစ်တောဦးစီးဌာနက လာမည့် ၂၀၂၃ ခုနှစ် မိုးရာသီတွင် မြို့နယ်အတွင်း သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်စေရေး၊ သဘာဝတောများ ကောင်းမွန်စေရေးနှင့် သစ်တောပြုန်းတီးမှုကြောင့် ကြုံတွေ့ရသည့် သဘာဝဘေးအန္တရာယ်နှင့် ရာသီဥတု အပူဒဏ်ကာကွယ်နိုင်ရေးအတွက် လူထုဖြန့် အစီအစဉ်ဖြင့် ပျိုးပင်ပေါင်းလေးသောင်း အခမဲ့ ဖြန့်ဝေစိုက်ပျိုးမည်ဖြစ်ကြောင်း အဆိုပါ မြို့နယ်သစ်တောဦးစီးဌာနရုံးမှ သိရသည်။

မြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာများ၊ ဌာနဆိုင်ရာရုံးများ၊ အခြေခံပညာစာသင်ကျောင်းများ၊ တပ်ရင်းတပ်ဖွဲ့များနှင့် သာသနာ့ နယ်မြေများအတွင်း ကျွန်း၊ မဲဇလီ၊ ရေတမာ၊ သစ်ဆိမ့်၊ တမာ၊ စိန်ပန်း ကြီး၊ ကုက္ကို၊ မြင်ဝါး၊ ဆီးပင်၊ ယူကလစ်၊ ရှား၊ ခရေ စသည့် အရိပ်ရပျိုးပင် လေးသောင်းကို ဖြန့်ဝေစိုက်ပျိုးမည်ဖြစ်ကြောင်းနှင့် ယခုအခါ မြို့မ ပျိုးဥယျာဉ်ခြံ၌ အရိပ်ရပျိုးပင်များကို ပြုစုပျိုးထောင်ထားရှိပြီး ဖြစ်ကြောင်း သိရသည်။

"လာမယ့် ၂၀၂၃ ခုနှစ် မိုးရာသီမှာ မြို့နယ်အတွင်း သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးအတွက် လူထုဖြန့်အစီအစဉ်နဲ့ အခမဲ့ ဖြန့်ဝေ စိုက်ပျိုးဖို့ အရိပ်ရပျိုးပင်လေးသောင်းကို မြို့မပျိုးဥယျာဉ်ခြံမှာ ပြုစု ပျိုးထောင်ထားရှိပြီး ဖြစ်ပါတယ်။ နှစ်စဉ်နှစ်တိုင်းလည်း အရိပ်ရပျိုးပင် တွေကို ပြုစုပျိုးထောင်ပြီး ဒေသတွင်း စိမ်းလန်းစိုပြည်ရေးနဲ့ ရာသီဥတု ကောင်းမွန်မှုတစေဖို့အတွက် ပြည်သူတွေရဲ့ နေအိမ်ခြံဝင်းတွေ၊ တပ်ရင်းတပ်ဖွဲ့တွေ၊ ဌာနဆိုင်ရာရုံးတွေ၊ အခြေခံပညာစာသင်ကျောင်း တွေနဲ့ သာသနာ့နယ်မြေတွေမှာ စိုက်ပျိုးဆောင်ရွက်လျက် ရှိပါတယ်။ လူထုဖြန့်အစီအစဉ်နဲ့ စိုက်ပျိုးရခြင်းရဲ့ ရည်ရွယ်ချက်ကတော့ ဒေသခံ ပြည်သူလူထု သစ်တောသစ်ပင်တွေကို ချစ်မြတ်နိုးပြီး တန်ဖိုးထား ထိန်းသိမ်းတတ်စေရန်၊ သစ်တောသစ်ပင်တွေရဲ့ အကျိုးကျေးဇူးတွေကို သိရှိနားလည်စေဖို့ ရည်ရွယ်ချက်နဲ့ စိုက်ပျိုးဆောင်ရွက် ပေးရတာ ဖြစ်ပါတယ်" ဟု ပွင့်ဖြူမြို့နယ်သစ်တောဦးစီးမှူး ဦးအောင်မော်က ပြောသည်။

**လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)**

*စာမျက်နှာ ၂၀ မှ*

ကစားသမားတွေအနေနဲ့ကတော့ အရင်နှစ် SEA Games ပြိုင်ပွဲမှာ ရွှေတံဆိပ်ရထားဖူးတဲ့ ကစားသမားဆိုရင် A အဆင့်သတ်မှတ်ပြီး၊ ငွေ/ကြေးဆုတံဆိပ်တစ်ခုခုရဖူးရင် B အဆင့် သတ်မှတ်ပါတယ်။ ဆုတံဆိပ်မရဖူးသော်လည်း စွမ်းဆောင်မှုကောင်းမွန်ပြီး အလား အလာရှိတဲ့သူဆိုရင်တော့ C အဆင့်သတ်မှတ်တာ ဖြစ်ပါတယ်။

ဒါ့အပြင် စခန်းဝင်ရောက်နေတဲ့ အားကစားနည်းအလိုက် အုပ်ချုပ်/နည်းပြနဲ့ ကစားသမားများအားလုံးကို T-Shirt, Sport Shirt, Walking Shoes, Track Suit နဲ့ လေ့ကျင့်ရေးသုံးပစ္စည်းများ၊ ပြိုင်ပွဲသုံးပစ္စည်းများ၊ အားကစားနည်းအလိုက် လိုအပ်တဲ့ အထောက် အကူပြုပစ္စည်းများအားလုံးကို ဌာနက ပြည့်ပြည့်စုံစုံ ဖြည့်ဆည်း ပေးထားပါတယ်။

ဒါ့အပြင် အုပ်ချုပ်/နည်းပြ၊ ကစားသမားတွေအားလုံးကို အားဆေး အမျိုးအစားအလိုက် နေ့စဉ်အားဆေးတစ်ကြိမ် တိုက်ကျွေးပါတယ်။ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးခြင်း၊ နိုင်ငံတကာပြိုင်ပွဲများ သွားရောက်ယှဉ်ပြိုင်မည့် အုပ်ချုပ်/ နည်းပြ၊ အားကစားသမားများကိုလည်း ကိုဗစ်- ၁၉ ရောဂါပိုး ရှိ မရှိ စစ်ဆေး ဆောင်ရွက်ခြင်း၊ ပြိုင်ပွဲဝင်အားကစားသမားများ တားမြစ်ဆေးများ သုံးစွဲမှုမရှိစေရေး ပညာပေးဆွေးနွေးဟောပြောခြင်း လုပ်ငန်းများကို လည်း ဆောင်ရွက်ပေးပါတယ်။ ဒါ့အပြင် ကျန်းမာရေး စစ်ဆေးပေး ခြင်း၊ ဆေးစစ်ခြင်းနဲ့ Body Composition တိုင်းတာခြင်းများကိုလည်း အားကစားဆေးဘက်ဌာနခွဲက ဆောင်ရွက်ပေးခဲ့ပါတယ်။

**မေး ။ ။ နိုင်ငံ့ဂုဏ်ဆောင်ပြီး ဆုတံဆိပ်ရရှိလာမယ့် အားကစား သမားတွေကို နိုင်ငံတော်က ချီးမြှင့်ထောက်ပံ့ပေးမယ့် အခြေအနေတွေ ကိုလည်း သိပါရစေ။**

**ဖြေ ။ ။** လက်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစိုးရ လက်ထက်မှာ နိုင်ငံတော်အကြီးအကဲဖြစ်တဲ့ နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ကိုယ်တိုင် အားကစားကဏ္ဍကို ဘက်စုံဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် တွန်းအားပေး ဖြည့်ဆည်းဆောင်ရွက်ပေးနေပါတယ်။ ပြီးခဲ့တဲ့ (၃၁) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲကြီးမှာ အောင်မြင်မှုရခဲ့တဲ့ ကစားသမားတွေ ကို ဘယ်ခေတ်ဘယ်ကာလကမှ မဆောင်ရွက်ပေးဖူးတဲ့ ချီးမြှင့်မှုတွေ ကိုလည်း ပေးအပ်ချီးမြှင့်ခဲ့ပါတယ်။ အားကစားသမားတွေကို ဂုဏ်ပြု ချီးမြှင့်ပွဲအခမ်းအနားကို နိုင်ငံတော်အကြီးအကဲကိုယ်တိုင် တက်ရောက်ပြီး တစ်ဦးချင်းပြိုင်ပွဲတွေမှာ ရွှေတံဆိပ်ရရှိသူတွေကို ကျပ်သိန်း ၃၀၀၊ ငွေတံဆိပ်ရရှိသူများကို ကျပ်သိန်း ၂၀၀ ၊ ကြေးတံဆိပ်ရရှိသူများကို ကျပ်သိန်း ၁၀၀ ၊ အသင်းလိုက်ပြိုင်ပွဲများမှာ ရွှေတံဆိပ်ရရှိသူ အသင်း သားတစ်ဦးကို ကျပ်သိန်း ၁၀၀၊ ငွေတံဆိပ်ရရှိသူအသင်းသား တစ်ဦး ကို ကျပ်သိန်း ၇၀၊ ကြေးတံဆိပ်ရရှိသူ အသင်းသားတစ်ဦးလျှင် ငွေကျပ် ၃၅ သိန်းစီ ပေးအပ်ချီးမြှင့်ခဲ့ပါတယ်။ လာမယ့် (၃၂) ကြိမ် မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကြီးမှာလည်း အောင်မြင် မှုရရှိခဲ့တဲ့ အားကစားသမားများကို ထိုက်ထိုက်တန်တန် ချီးမြှင့်သွားဖို့ လည်း စီစဉ်ဆောင်ရွက်လျက် ရှိပါတယ်။

**မေး ။ ။ (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲနဲ့ ပတ်သက်ပြီး ဆရာ့အနေနဲ့ ဖြည့်စွက်ပြောကြားချင်တာများ ရှိရင် ဖြေကြားပေးပါဦး။**

**ဖြေ ။ ။** ပြိုင်ပွဲကြီးအတွက် ကြိုတင်ပြင်ဆင်ချိန် တစ်နှစ်နီးပါး ရရှိခဲ့ပါ တယ်။ လက်ရှိအချိန်အခါမှာ အားကစားကဏ္ဍဘက်စုံဖွံ့ဖြိုး တိုးတက်စေရေး နိုင်ငံတော်အကြီးအကဲကိုယ်တိုင် အားပေးချီးမြှောက် နေတဲ့ကာလဖြစ်တဲ့အတွက် ပြည်ထောင်စုဝန်ကြီးကိုယ်တိုင် ဌာနက တာဝန်ရှိသူတွေနဲ့အတူ အဘက်ဘက်က ကြိုးပမ်းဆောင်ရွက်လျက် ရှိပါတယ်။ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနဲ့ တာဝန်ရှိသူတွေ၊ အားကစားအဖွဲ့ချုပ်က တာဝန်ရှိသူတွေအနေနဲ့ အားကစားသမားတွေ ရဲ့ လေ့ကျင့်ပြင်ဆင် ဆောင်ရွက်မှုတွေကို မပြတ်ကြည့်ရှုစစ်ဆေးခြင်း၊ လိုအပ်ချက်မှန်သမျှ ဖြည့်ဆည်းဆောင်ရွက်ပေးခြင်း၊ အားကစား သမားတွေ စိတ်ဓာတ်တက်ကြွနေစေဖို့ အားပေးစကားပြောကြားခြင်း၊ ကိုဗစ်-၁၉ စည်းကမ်းချက်တွေနဲ့အညီ နေထိုင်စေရေး ကြပ်မတ်ခြင်း၊ သွားလာ၊ နေထိုင်၊ စားသောက်၊ လေ့ကျင့်မှုတွေမှာ ကျန်းမာရေးနဲ့အညီ ပြုမူနေထိုင်ရေးနဲ့ ပြိုင်ပွဲတိုင်းမှာ လှေခွက်ချည်းကျန်၊ အလံမလှဲ ဆိုတဲ့ စိတ်ဓာတ်ဖြင့် ကြိုးပမ်းယှဉ်ပြိုင်ရေးတို့ကို မှာကြား ဖြည့်ဆည်းဆောင်ရွက်ပေးလျက် ရှိပါတယ်။

ပြိုင်ပွဲကာလနီးကပ်လာတာနဲ့အမျှ အားကစားသမားတွေရဲ့ စိတ်ဓာတ်ရေးရာအခြေအနေအရရော၊ လေ့ကျင့်မှုအခြေအနေအရရော၊ စည်းကမ်းကောင်းမွန်စွာ ပြုမူနေထိုင်မှုအခြေအနေအရပါ ခြုံငုံ ကြည့်ရင် အတိုင်းအတာတစ်ခုအထိ အောင်မြင်မှုရအောင် စွမ်းဆောင် ပေးနိုင်မယ်လို့ ယုံကြည်ပါတယ်။

ပြည်သူတွေအနေနဲ့လည်း ပြိုင်ပွဲဝင်မယ့် အားကစားသမားတွေကို စိတ်ဓာတ်ရေးရာအရ အားပေးကြဖို့လည်း မေတ္တာရပ်ခံလိုပါတယ်။

**တွေ့ဆုံမေးမြန်း - သီဟစည်သူ**

## စက်မှုစိုက်ပျိုးမွေးမြူရေး အထက်တန်းကျောင်း၌ (GTHS) အောင်မြင်သူများ တက်ရောက်နိုင်ရန် ဆွေးနွေး



**ကြံခင်း မေ ၂၃**

ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ် (ချင်းမြောင်) စက်မှုစိုက်ပျိုး မွေးမြူရေးအထက်တန်းကျောင်းကို ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် စတင်ဖွင့်လှစ်သင်ကြားပေးမည့် (GTHS)အောင်မြင်သူများ တက်ရောက်နိုင်ရန် အခွင့်အလမ်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက စက်မှုစိုက်ပျိုးမွေးမြူရေးအထက်တန်းကျောင်း ခန်းမ၌ ကျင်းပသည်။

ဦးစွာ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ညွှန်ကြားချက်အရ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ဌေးသွင်က စက်မှုသင်တန်းကျောင်း ဖွင့်လှစ်ခြင်းနှင့် ပတ်သက်ပြီး ရှင်းလင်းပြောကြားရာတွင် (GTHS)အောင်မြင်သူများအတွက် ဆက်လက်တက်ရောက်နိုင်မည့် အခွင့်အရေးနှင့် စပ်လျဉ်းသည့် အချက်များ၊ သင်ကြားပေးမည့် ဘာသာရပ်နှင့်ထောက်ပံ့ပေးမည့် အစီအစဉ်များကို ရှင်းလင်းပြောကြားခဲ့ရာ တက်ရောက်လာသူများက သိလိုသည့်အချက်များကို မေးမြန်းကြပြီး ညွှန်ကြားရေးမှူးချုပ်က ပြန်လည်ရှင်းလင်းသည်။

အဆိုပါ ရှင်းလင်းဆွေးနွေးပွဲသို့ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးလှိုင်နှင့် အဖွဲ့ဝင်များ၊ ခရိုင်ပညာရေးမှူးဦးမြင့်အောင်၊ မြို့နယ်ပညာရေးမှူးဒေါ်ဌေးဌေးနှင့် ကျောင်းအုပ်ကြီးများ၊ ဆရာ ဆရာမများ၊ ကျောင်းကော်မတီဝင်များ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ကြပြီး ထို့နောက် ညွှန်ကြားရေးမှူးချုပ်နှင့်အဖွဲ့သည် စက်မှုစိုက်ပျိုး မွေးမြူရေး အထက်တန်းကျောင်းဆောင်သစ်ကို လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။

မြို့နယ်
(ပြန်/ဆက်)

## ဝက်ထီးကန်မြို့နယ်၌ ဖီးကြမ်းငှက်ပျော လုပ်ကိုင်သူများ တိုးချဲ့စိုက်ပျိုးလာ

**ဝက်ထီးကန် မေ ၂၃**

ပဲခူးတိုင်းဒေသကြီး ဝက်ထီးကန်မြို့နယ်ရှိ ကျေးရွာများမှာ ဖီးကြမ်းငှက်ပျော စိုက်ပျိုးခြင်းကို ယခင်က တစ်နိုင်တစ်ပိုင်သာ စိုက်ပျိုးကြသော်လည်း အမြတ်များများ ကျန်သည့်အတွက် စီးပွားဖြစ် တိုးချဲ့စိုက်ပျိုးလာကြောင်း ဒေသခံ ငှက်ပျောစိုက်တောင်သူများထံမှ သိရသည်။

ငှက်ပျောပင်များ စိုက်ပျိုးသည့်အခါ သားတက်များကို အရွယ်ငယ်ငယ်နှင့် စိုက်ပျိုးသည့်နည်းနှင့်သားတက်ကြီးမှ စိုက်ပျိုးသည့်နည်းဟူ၍ နှစ်မျိုးရှိသည်။ အရွယ်ငယ်ငယ်နှင့် စိုက်ပျိုးလျှင် အဖီးများများကျပြီး ၁၀ လကြာမှ ငှက်ပျောခိုင်ထွက်သည်။ သားတက်ကြီးမှ စိုက်ပျိုးလျှင် ရှစ်လလောက်ဖြင့် ငှက်ပျောခိုင် ထွက်သော်လည်း ငှက်ပျောဖီးနည်းသွားတတ်သည်။ ထို့ကြောင့် စိုက်ခင်းပိုင်ရှင်များက သားတက်ငယ်ငယ်ကိုသာ ဖမ်း၍ စိုက်ပျိုးကြသည်။

ငှက်ပျောဆို့များကို စိုက်ပျိုးပြီး ၁၀ လကြာလျှင် ငှက်ပျောခိုင်ထွက်၍ အခိုင်ထွက်ပြီး သုံးလလောက်ဖြင့် ခုတ်၍ ရောင်းချကြသည်။ သားတက်ငယ်ငယ်ဖြင့် စိုက်ပျိုးပါက ငှက်ပျောခိုင်တစ်ခိုင်လျှင် ငှက်ပျောဖီး ၁၂ ဖီးအထိ ပါရှိ၍ တစ်ဖီးလျှင် ပျမ်းမျှငွေကျပ် ၈၀၀ ဈေး ဖောက်သည်ပေးရသည့်အတွက် တစ်ဧကလျှင်အပင် ၅၀၀၀ ဝန်းကျင် စိုက်ပျိုးထားသောသူ၏ ငှက်ပျောခြံတွင် တစ်နှစ်လျှင် ငွေကျပ်သိန်း ၄၀ ဝန်းကျင် ရရှိနေကြောင်း လဘာကျေးရွာ ငှက်ပျောခြံပိုင်ရှင် ဦးမင်းဇော်ဦးထံမှ သိရသည်။ ငှက်ပျောပင်များ စိုက်ပျိုးရာတွင် ဝက်ထီးကန်မြို့ အနီးအနားကျေးရွာများဖြစ်သော ချောင်းကောက်ကွေ့၊ သရက်ချို၊ လဘာ၊ ပုဏ္ဏမနှင့် ကုန်းဇင်းကျေးရွာများ၌ မိသားစုစားဝတ်နေရေးအတွက် အထောက်အကူဖြစ်သော ငှက်ပျောစိုက်ပျိုးခြင်းကို တစ်နိုင်တစ်ပိုင်မှ တိုးချဲ့စိုက်ပျိုးလာကြကြောင်း ငှက်ပျောစိုက်တောင်သူတစ်ဦးက ပြောသည်။

ကိုနိုင်လေး(ဝက်ထီးကန်)



## သဲကုန်းမြို့နယ်၌ ပန်းအလှပြင်သင်တန်းဖွင့်

**သဲကုန်း မေ ၂၃**

ပဲခူးတိုင်းဒေသကြီး သဲကုန်းမြို့နယ်၌ ပန်းအလှပြင်သင်တန်းကို ယနေ့နံနက်ပိုင်းက မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဖွင့်လှစ်ရာ နတ်တလင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်ဝင်းမာ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်လှလှရွှေနှင့် အဖွဲ့ဝင်များနှင့် ပန်းအလှဆင်ခြင်းတွင် စိတ်ပါဝင်စားသူများ တက်ရောက်ကြသည်။



ဦးစွာ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌတို့က အမှာစကားပြောကြားပြီး သင်တန်းနည်းပြဆရာမ ဒေါ်မျိုးမျိုးလှိုင်က စားပွဲတင်ပန်းအလှဆင်နည်း၊ အလှပန်းစည်းပြုလုပ်နည်းနှင့် လက်ဆောင်ပန်းစည်း ပြုလုပ်နည်းများကို လက်တွေ့ပြုလုပ်သင်ကြားပြသကာ သင်တန်းတက်ရောက်သူများက လက်တွေ့ပါဝင်ဆောင်ရွက်ခဲ့ကြသည်။ အဆိုပါသင်တန်းကို ခရိုင်အမျိုးသမီးရေးရာအဖွဲ့က ဦးဆောင်ဖွင့်လှစ်ခြင်းဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ပလေဝမြို့၌ လူငယ်ရေးရာအသိပညာပေး နံရံကပ်စာစောင်ပြပွဲကျင်းပ

**ပလေဝ မေ ၂၃**

ရခိုင်ပြည်နယ် သံတွဲခရိုင် ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေး၊ မူးယစ်ဆေးဝါးအန္တရာယ်ကာကွယ်ရှောင်ရှားနိုင်ရေး အသိပညာပေးဟောပြောပွဲကို ယနေ့နံနက်ပိုင်းက လူထုအခြေပြုဗဟိုဌာန အနုပညာခန်းမ၌ ပြုလုပ်သည်။

ဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပလေဝမြို့ ဦးစီးမှူး ဒေါ်မြင့်မြင့်အေးက ကာကွယ်စောင့်ရှောက်မှု လိုအပ်သောကလေးသူငယ်များဥပဒေဖြင့် ကာကွယ်ပေးထားသော ရပိုင်ခွင့်၊ ကလေးနှင့် ရပိုင်ခွင့်၊ မူးယစ်ဆေးသုံးစွဲခြင်း ဆိုးကျိုးများအား ကျောင်းသားလူငယ်နှင့် စာပေဝါသနာရှင်များ သိရှိစေရန် ရှင်းလင်းပြောကြားပြီး ကျောင်းသား လူငယ်များနှင့် စာပေဝါသနာရှင်များက နံရံကပ်စာစောင်နှင့် ခင်းကျင်းပြသထားသော စာအုပ်စာစောင်များကို စိတ်ဝင်တစားလေ့လာကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



## မိတ္ထီလာခရိုင်၌ ဒေသထွက်ကုန်များ အဆင်ပြေစေရန် ကျေးလက်ကုန်ထုတ်လမ်း တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်

**မိတ္ထီလာ မေ ၂၃**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင်၌ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ဒေသထွက်ကုန်များ သယ်ယူပို့ဆောင်ရာတွင် အဆင်ပြေစေရန် ကျေးလက်ကုန်ထုတ်လမ်း၊ Slab Culvert နှင့် ကွန်ကရစ်တံတား တည်ဆောက်ခြင်း လုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်ကြောင်း ခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ကွပ်ကဲမှုအောက်ရှိ မိတ္ထီလာ၊ မလှိုင်၊ ဝမ်းတွင်း၊ သာစည်မြို့နယ်များအတွင်းရှိ ကျေးရွာများ၏ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ၏ ထုတ်ကုန်များ၊ မြို့ပေါ်သို့ အချိန်နှင့် တစ်ပြေးညီရောက်ရှိရေး၊ လေလွင့်ဆုံးရှုံးမှုနည်းပါးစေရေးတို့အတွက် ကျေးလက်ကုန်ထုတ်လမ်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ကျေးလက်ကုန်ထုတ်လမ်းများ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေဖြင့် တင်ဒါအောင်မြင်သည့် ကုမ္ပဏီများက တာဝန်ယူပြီး မြို့နယ်၌ ကုန်ထုတ်လမ်း အရှည် (၂/၀) မိုင်၊ အကျယ် ၁၂ ပေရှိ လမ်းကို မြေသားတင်ဂျင်းခင်းခြင်းလုပ်ငန်းနှင့် Slab Culvert နှစ်စင်း တည်ဆောက်ခြင်းလုပ်ငန်းများ၊ သာစည်မြို့နယ်၌ အရှည်ပေ ၄၀ ၊ အကျယ် ၁၄ ပေ၊ အမြင့် ၁၄ ပေရှိ ကွန်ကရစ်တံတား တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

သိန်းမြင့်ကျော်
(မိတ္ထီလာ)

## ကျောက်ဆည်မြို့နယ်၌ ဒေသတွင်း စိမ်းလန်းစိုပြည်ရေးအတွက် ပျိုးပင်များ ပျိုးထောင်ထားရှိ

**ကျောက်ဆည် မေ ၂၃**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ် သစ်တောဦးစီးဌာနမှ ဒေသအတွင်း စိမ်းလန်းစိုပြည်ရေး၊ သစ်တောပြုန်းတီးမှု မရှိစေရေးနှင့် ထင်းသုံးစွဲမှု ဖူလုံစေရေးအတွက် နှစ်စဉ် ပျိုးပင်မျိုးစုံ စိုက်ပျိုးထားကြောင်း သိရပြီး ၂၀၂၃ ခုနှစ်တွင် လူထုဖြန့်ပျိုးပင် ၅၀၀၀၀ နှင့် ကျေးရွာသုံးထင်းစိုက်ခင်းအတွက် ပျိုးပင် ၇၂၆၀၀ ပျိုးထောင်ထားကြောင်း သိရသည်။

မြို့နယ်သစ်တောဦးစီးဌာန အနေဖြင့် ဒေသတွင်း စိမ်းလန်းစိုပြည်ရေး ရာသီဥတုကောင်းမွန်မျှတစေရန်အတွက် လူထုဖြန့်ပျိုးပင်များကို ပျိုးထောင်ထားရှိပြီး တပ်ရင်းတပ်ဖွဲ့များနှင့် ပြည်သူများ၏ နေအိမ်ခြံဝင်းများ၊ ဌာနဆိုင်ရာရုံးဝင်းများ၊ သာသနာ့နယ်မြေများတွင် စိုက်ပျိုးရန်အတွက် စိန်ပန်းပျိုးပင် ၅၅၀၀၊ ကျွန်းပျိုးပင်၂၀၀၀၊ မယ်ဇယ်ပျိုးပင် ၃၀၀၀၊ တမာပျိုးပင် ၈၀၀၀၊ တပေဘူတပျိုးပင် ၃၀၀၀၊ ငုရွှေဝါပျိုးပင် ၄၀၀၀၊ မြန်မာကုက္ကိုပျိုးပင် ၂၅၀၀၊ ရေတမာပျိုးပင် ၃၀၀၀၊ မဲဇလီပျိုးပင် ၁၃၀၀၀၊ ခရေပျိုးပင် ၆၀၀၀ စုစုပေါင်း ပျိုးပင်အမျိုးအစား ၁၀ မျိုး၊ ပျိုးပင်အရေအတွက် ၅၀၀၀၀ ပျိုးထောင်ထားရှိသည့်အပြင် ကျေးရွာထင်းစိုက်ခြင်းအဖြစ် ရဒါန်းချောင်ဆုံမြောက်ကြိုးဝိုင်း၊ အကွက်အမှတ် (၂၁) ဧက ၅၀ တွင် စိုက်ပျိုးရန်အတွက် ယူကလစ်ပျိုးပင် ၇၂၆၀၀ ပျိုးထောင်ထားကြောင်း မြို့နယ်သစ်တောဦးစီးဌာနမှ သိရသည်။

သက်မောင်
(ကျောက်ဆည်)


# အလယ်တန်းဆင့် (Grade 9) ပြီးမြောက်အောင်မြင်သော ကျောင်းသား ကျောင်းသူများ ပညာသင်ယူနိုင်မည့်အခွင့်အလမ်းများ


နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ လမ်းညွှန်ချက်နှင့်အညီ ကျောင်းသား ကျောင်းသူများအားလုံး အလယ်တန်းဆင့် (Grade 9) ပြီးမြောက်အောင်မြင်ပါက စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေး ပညာရပ်များကို သင်ယူလေ့ကျင့်ခွင့် ရရှိနိုင်ရေးအတွက် ခရိုင် ၅၀၏ မြို့နယ်များရှိ အခြေခံပညာအထက်တန်းကျောင်း ၅၁ ကျောင်းတွင် တွဲဖက်ဖွင့်လှစ်နိုင်ရန် **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနနှင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန**တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် စတင်ဖွင့်လှစ်မည့် အဆိုပါ အခြေခံပညာအထက်တန်းကျောင်းများတွင် တက်ရောက်ကြမည့် ကျောင်းသား ကျောင်းသူများသည် အထက်တန်းဆင့် သင်ယူနေစဉ်ကာလ၌ စက်မှုနည်းပညာ၊ စိုက်ပျိုးရေး၊ မွေးမြူရေး စသည့်အသက်မွေးဝမ်းကျောင်း အတတ်ပညာများကို သင်ယူတတ်မြောက်နိုင်မည့် အခွင့်အလမ်းများနှင့် အလုပ်အကိုင်အခွင့်အလမ်းများလည်း ရရှိလာမည် ဖြစ်ပါသည်။

**(အလယ်တန်းဆင့် (Grade 9) ပြီးမြောက်အောင်မြင်ပါက စိတ်ပါဝင်စားသည့် မည်သူမဆို တက်ရောက်သင်ယူနိုင်ရေးအတွက် လျှောက်ထားနိုင်မည်ဖြစ်ပါသည်။)**

သို့ဖြစ်ပါ၍ အခြေခံပညာအလယ်တန်းဆင့်(Grade 9) ပြီးမြောက်အောင်မြင်ပြီး ပညာဆက်လက်သင်ယူမည့် ကျောင်းသား ကျောင်းသူများနှင့် မိဘပြည်သူများ သိရှိနိုင်စေရန် (၁) အခြေခံပညာ အထက်တန်းဆင့်၊ (၂) စက်မှုနည်းပညာ၊ (၃) စိုက်ပျိုးရေးအတတ်ပညာ၊ (၄) မွေးမြူရေးအတတ်ပညာ စသည့် ပညာရေးလမ်းသွယ် (၄)မျိုး ရွေးချယ်သင်ယူနိုင်မည့် အခွင့်အလမ်းများကို သတင်းကောင်းပါးအပ်ပါသည်။




**(၁) အခြေခံပညာအထက်တန်းဆင့်**

ပုံမှန်ဖွင့်လှစ်လျက်ရှိသော အခြေခံပညာအထက်တန်းကျောင်းများတွင် အခြေခံပညာအထက်တန်းဆင့် (Grade 10, Grade 11, Grade 12) ပညာသင်ကာလ (၃)နှစ် တက်ရောက်ကြမည့် ကျောင်းသား ကျောင်းသူများသည် ၎င်းတို့သင်ယူသောဘာသာတွဲများအလိုက် တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီး သတ်မှတ်အရည်အချင်း ပြည့်မီပါက အသက်မွေးဝမ်းကျောင်း တက္ကသိုလ်များဖြစ်သည့် ဆေးတက္ကသိုလ်၊ ဆေးဘက်ဆိုင်ရာတက္ကသိုလ်များ၊ နည်းပညာတက္ကသိုလ်များ၊ ကွန်ပျူတာတက္ကသိုလ်၊ အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်၊ စိုက်ပျိုးရေးတက္ကသိုလ်၊ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်၊ သစ်တောနှင့်ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်၊ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်၊ သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ်၊ စီးပွားရေးတက္ကသိုလ်၊ ပညာရေးတက္ကသိုလ် အစရှိသည့် တက္ကသိုလ်များ၊ ဝိဇ္ဇာ/သိပ္ပံ တက္ကသိုလ်များ၊ ဒီဂရီကောလိပ်များ၊ ကောလိပ်များနှင့် သိပ္ပံများသို့ တက်ရောက်နိုင်မည်ဖြစ်ပါသည်။

**(၂) စက်မှုနည်းပညာ**

စက်မှုနည်းပညာလမ်းကြောင်းတွင် အခြေခံပညာအထက်တန်းဆင့်ဘာသာရပ်များအပြင် အထူးပြုဘာသာရပ်(၃)မျိုး ဖြစ်သည့် အဆောက်အဦနည်းပညာ (Building Technology)၊ လျှပ်စစ်နည်းပညာ (Electrical Technology) နှင့် စက်ပစ္စည်း အစိတ်အပိုင်းများထုတ်လုပ်ခြင်းနည်းပညာ (Machining Technology) ဘာသာရပ်များကို ပညာသင်ကာလ (၃)နှစ်တွင် စာတွေ့/ လက်တွေ့ဖြင့် လုပ်ငန်းခွင်အသင့်ဖြစ်စေမည့် သင်ရိုးညွှန်းတမ်းများ အသုံးပြု၍ သင်ကြားလေ့ကျင့်ပေးမည် ဖြစ်ပါသည်။

စက်မှုနည်းပညာလမ်းကြောင်းတွင် တက်ရောက်သည့် ကျောင်းသားများအတွက် ဆက်လက်သင်ယူနိုင်မည့် အခွင့်အလမ်းများမှာ အထူးအောင် (Credit) ဖြင့် အောင်မြင်သူများသည် ပညာသင်နှစ်(၆)နှစ် တက်ရောက်ရပြီး အင်ဂျင်နီယာဘွဲ့ (BE) ပေးအပ်သော နည်းပညာတက္ကသိုလ်များနှင့် ပညာသင်နှစ် (၄) နှစ် တက်ရောက်ရပြီး နည်းပညာဘွဲ့ (B.Tech) ပေးအပ်သော အစိုးရနည်းပညာကောလိပ်များသို့ လည်းကောင်း၊ အဆင့်မီ (Qualified) ဖြင့် အောင်မြင်သူများသည် ပညာသင်နှစ် (၃)နှစ် တက်ရောက်ရပြီး အင်ဂျင်နီယာ နည်းပညာဒီပလိုမာ (AGTI Diploma) ပေးအပ်သော အစိုးရစက်မှုလက်မှုသိပ္ပံများသို့ လည်းကောင်း ဆက်လက်တက်ရောက်နိုင်မည်ဖြစ်ပါသည်။

အင်ဂျင်နီယာ နည်းပညာ ဒီပလိုမာသင်တန်းကို ထူးချွန်စွာ အောင်မြင်သူများသည် အစိုးရနည်းပညာကောလိပ်၏ တတိယနှစ်(ပထမနှစ်ဝက်)သို့လည်းကောင်း၊ နည်းပညာတက္ကသိုလ်၏ တတိယနှစ် (ပထမနှစ်ဝက်)သို့လည်းကောင်း စတင်တက်ရောက်နိုင်မည်ဖြစ်ပါသည်။

ရိုးရိုးအောင်မြင်သူများအနေဖြင့် ပြီးမြောက်ကြောင်း အောင်လက်မှတ်ရရှိမည်ဖြစ်ပြီး လုပ်ငန်းခွင်အသင့်ဖြစ်စေမည့် သင်ရိုးညွှန်းတမ်းများအသုံးပြု၍ လေ့ကျင့်သင်ကြားပေးထားသဖြင့် ပြင်ပလုပ်ငန်းခွင်များသို့ ဝင်ရောက်ရာတွင်လည်းကောင်း၊ ကိုယ်ပိုင်လုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်းကောင်း များစွာအထောက်အကူရရှိစေမည် ဖြစ်ပါသည်။

**(၃) စိုက်ပျိုးရေးအတတ်ပညာ**

စိုက်ပျိုးရေးအတတ်ပညာတွင် အခြေခံပညာအထက်တန်းဆင့် ဘာသာရပ်များအပြင် စိုက်ပျိုးရေးအတတ်ပညာဆိုင်ရာဘာသာရပ်များကို ပညာသင်ကာလ (၃)နှစ်တွင် စာတွေ့/ လက်တွေ့ဖြင့် လုပ်ငန်းခွင်အသင့်ဖြစ်စေမည့် သင်ရိုးညွှန်းတမ်းများ အသုံးပြု၍ သင်ကြားလေ့ကျင့်ပေးမည် ဖြစ်ပါသည်။

အထူးအောင်(Credit) ဖြင့်အောင်မြင်သူများသည် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်မှ ဖွင့်လှစ်သည့် စိုက်ပျိုးရေး သိပ္ပံဘွဲ့ (Bachelor of Agricultural Science) (၅)နှစ် သင်တန်းကို တက်ရောက်နိုင်ကြမည်ဖြစ်ပါသည်။ အဆင့်မီ (Qualified) ဖြင့် အောင်မြင်သူများသည် တိုင်းဒေသကြီးနှင့်ပြည်နယ် အသီးသီးတွင် ဖွင့်လှစ်ထားသော စိုက်ပျိုးရေးသိပ္ပံကျောင်းများ၏ စိုက်ပျိုးရေး ဒီပလိုမာလက်မှတ် (Diploma in Agriculture) (၃)နှစ် သင်တန်းနှင့် အစိုးရစက်မှုလက်မှုသိပ္ပံများ၏ အင်ဂျင်နီယာနည်းပညာဒီပလိုမာ (AGTI Diploma – Farm Machinery) (၃)နှစ်သင်တန်းသို့ တက်ရောက်နိုင်ကြမည်ဖြစ်ပါသည်။ စိုက်ပျိုးရေးဒီပလိုမာသင်တန်းတွင် ထူးချွန်စွာအောင်မြင်ပါက ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် စိုက်ပျိုးရေးသိပ္ပံဘွဲ့ (၅)နှစ် သင်တန်း၏ တတိယနှစ် (ပထမနှစ်ဝက်) သင်တန်းမှ စတင်တက်ရောက်နိုင်မည်ဖြစ်ပါသည်။

အင်ဂျင်နီယာနည်းပညာဒီပလိုမာသင်တန်းကို ထူးချွန်စွာ အောင်မြင်သူများသည် အစိုးရနည်းပညာကောလိပ်၏တတိယနှစ်(ပထမနှစ်ဝက်)သို့လည်းကောင်း၊ နည်းပညာတက္ကသိုလ်၏တတိယနှစ်(ပထမနှစ်ဝက်) သို့လည်းကောင်း စတင်တက်ရောက်နိုင်မည်ဖြစ်ပါသည်။

ရိုးရိုးအောင်မြင်ပါက စိုက်ပျိုးရေးအတတ်ပညာ အောင်လက်မှတ်ရရှိမည်ဖြစ်ပြီး စိုက်ပျိုးရေးနှင့်သက်ဆိုင်သော အခန်းကဏ္ဍများတွင် လုပ်ကိုင်နိုင်ရန် အခွင့်အလမ်းကောင်းများ ရရှိမည်ဖြစ်ပါသည်။

**(၄) မွေးမြူရေး အတတ်ပညာ**

မွေးမြူရေးအတတ်ပညာတွင် အခြေခံပညာအထက်တန်းဆင့် ဘာသာရပ်များအပြင် မွေးမြူရေးအတတ်ပညာဆိုင်ရာဘာသာရပ်များကို ပညာသင်ကာလ (၃)နှစ်တွင် စာတွေ့/ လက်တွေ့ဖြင့် လုပ်ငန်းခွင်အသင့်ဖြစ်စေမည့် သင်ရိုးညွှန်းတမ်းများ အသုံးပြု၍ သင်ကြားလေ့ကျင့်ပေးမည် ဖြစ်ပါသည်။

အထူးအောင် (Credit) ဖြင့်အောင်မြင်သူများသည် မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်မှ ဖွင့်လှစ်သည့် တိရစ္ဆာန် ဆေးပညာဘွဲ့ (Doctor of Veterinary Medicine) (၆)နှစ် သင်တန်းနှင့် မွေးမြူရေးပညာဘွဲ့ (Bachelor of Animal Science) (၄)နှစ် သင်တန်းများကို တက်ရောက်နိုင်ကြမည် ဖြစ်ပါသည်။

အဆင့်မီ (Qualified)ဖြင့် အောင်မြင်သူများသည် စိုက်ပျိုးရေးသိပ္ပံများ၏ မွေးမြူရေး ဒီပလိုမာ (Diploma in Animal Husbandry) (၃)နှစ် သင်တန်းနှင့် ငါးလုပ်ငန်းသိပ္ပံ၏ ငါးလုပ်ငန်းသိပ္ပံဒီပလိုမာ (Diploma in Fisheries and Aquaculture) (၃)နှစ် သင်တန်းသို့ တက်ရောက်နိုင်ကြမည် ဖြစ်ပါသည်။

မွေးမြူရေးဒီပလိုမာသင်တန်းတွင် ထူးချွန်စွာအောင်မြင်သူသည် မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ် (၄)နှစ်သင်တန်း၏ တတိယနှစ် (ပထမနှစ်ဝက်) သင်တန်းမှ စတင်တက်ရောက်နိုင်မည် ဖြစ်ပါသည်။ ငါးလုပ်ငန်းသိပ္ပံ ဒီပလိုမာသင်တန်းတွင် ထူးချွန်စွာ အောင်မြင်သူများသည် ရန်ကုန်တက္ကသိုလ် ငါးလုပ်ငန်းဆိုင်ရာ ဘာသာရပ် တတိယနှစ်(ပထမနှစ်ဝက်) သင်တန်းမှ စတင်တက်ရောက်နိုင်မည် ဖြစ်ပါသည်။

ရိုးရိုးအောင်မြင်ပါက မွေးမြူရေးအတတ်ပညာ အောင်လက်မှတ် ရရှိမည်ဖြစ်ပြီး မွေးမြူရေးနှင့် သက်ဆိုင်သော အခန်းကဏ္ဍများတွင် လုပ်ကိုင်နိုင်ရန် အခွင့်အလမ်းကောင်းများ ရရှိမည်ဖြစ်ပါသည်။

အလယ်တန်းဆင့်(Grade 9) ပြီးမြောက်အောင်မြင်ပါက စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေး ပညာရပ်များကို တွဲဖက်သင်ကြားမည့် အောက်ဖော်ပြပါ အခြေခံပညာအထက်တန်းကျောင်းများတွင် တက်ရောက်သင်ယူနိုင်ရေးအတွက် လျှောက်ထားနိုင်မည်ဖြစ်ပါသည်။

**၂၀၂၃-၂၀၂၄ ပညာသင်နှစ် စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေး တွဲဖက်သင်ကြားမည့် အခြေခံပညာအထက်တန်းကျောင်းများ**

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ်/ကိုယ်ပိုင် အုပ်ချုပ်ခွင့်ဒေသ | စဉ် | ခရိုင်အမည် | ခရိုင်ရုံး စိုက်ရာမြို့ | ကျောင်း တည်ရှိရာ မြို့နယ် | ကျောင်းအမည် |
|---|---|---|---|---|---|---|
| ၁ | ကချင် | ၁ | မိုးညှင်း | မိုးညှင်းမြို့ | မိုးညှင်း | အထက(၂)မိုးညှင်း |
| | | ၂ | မြစ်ကြီးနား | မြစ်ကြီးနား | ဝိုင်းမော် | အထက(၁)ဝိုင်းမော် |
| | | ၃ | ဗန်းမော် | ဗန်းမော်မြို့ | ဗန်းမော် | အထက(၁)ဗန်းမော် |
| ၂ | ကယား | ၄ | လွိုင်ကော် | လွိုင်ကော် | လွိုင်ကော် | အထက-ချိကယ် |
| ၃ | ကရင် | ၅ | ဘားအံ | ဘားအံ | ဘားအံ | အထက-ဒုံရင်း |
| | | ၆ | ကော့ကရိတ် | ကော့ကရိတ် | ကော့ကရိတ် | အထက(၂) ကော့ကရိတ် |

စာမျက်နှာ ၂၄ သို့

*စာမျက်နှာ ၂၃ မှ*

| စဉ် | တိုင်းဒေသကြီး/ပြည်နယ်/ကိုယ်ပိုင်အုပ်ချုပ်ခွင့်ဒေသ | စဉ် | ခရိုင်အမည် | ခရိုင်ရုံးစိုက်ရာမြို့ | ကျောင်းတည်ရှိရာမြို့နယ် | ကျောင်းအမည် |
|---|---|---|---|---|---|---|
| ၄ | ချင်း | ၇ | ပလက်ဝ | ပလက်ဝ | ပလက်ဝ | အထက(၁)ပလက်ဝ |
| | | ၈ | ဟားခါး | ဟားခါး | ဟားခါး | အထက(၂)ဟားခါး |
| ၅ | စစ်ကိုင်း | ၉ | မုံရွာ | မုံရွာ | မုံရွာ | အထက(၂)အလုံ |
| | | ၁၀ | ရွှေဘို | ရွှေဘို | ရွှေဘို | အထက(၁)ရွှေဘို |
| | | ၁၁ | စစ်ကိုင်း | စစ်ကိုင်း | စစ်ကိုင်း | အထက-အုန်းတော |
| ၆ | တနင်္သာရီ | ၁၂ | မြိတ် | မြိတ် | မြိတ် | အထက-သမုတ် |
| | | ၁၃ | ထားဝယ် | ထားဝယ် | ထားဝယ် | အထက(၄)ထားဝယ် |
| ၇ | ပဲခူးတိုင်း | ၁၄ | ပဲခူး | ပဲခူး | ကဝ | အထက-အုန်းနဲ့ |
| | | ၁၅ | သာယာဝတီ | သာယာဝတီ | အုတ်ဖို | အထက-အေးမြသာယာ |
| | | ၁၆ | တောင်ငူ | တောင်ငူ | အုတ်တွင်း | အထက-ညောင်ခြေထောက် |
| | | ၁၇ | ပြည် | ပြည် | ရွှေတောင် | အထက-ရွှေတောင် |
| ၈ | မကွေး | ၁၈ | မင်းဘူး | မင်းဘူး | မင်းဘူး | အထက-စကု |
| | | ၁၉ | မကွေး | မကွေး | မြို့သစ် | အထက-မြေပြင်သာ |
| | | ၂၀ | အောင်လံ | အောင်လံ | အောင်လံ | အထက-ပြလို့ |
| | | ၂၁ | သရက် | သရက် | သရက် | အထက-သရက် |
| ၉ | မန္တလေး | ၂၂ | ရမည်းသင်း | ရမည်းသင်း | ပျော်ဘွယ် | အထက(၁)ပျော်ဘွယ် |
| | | ၂၃ | မိတ္ထီလာ | မိတ္ထီလာ | မိတ္ထီလာ | အထက(၆)မိတ္ထီလာ |
| | | ၂၄ | ညောင်ဦး | ညောင်ဦး | ညောင်ဦး | အထက-လက်ပံပြား |
| | | ၂၅ | ကျောက်ဆည် | ကျောက်ဆည် | မြစ်သား | အထက-မြစ်သား |
| | | ၂၆ | သပိတ်ကျင်း | သပိတ်ကျင်း | စဉ့်ကူး | အထက-ရွှေပြည် |
| ၁၀ | မွန် | ၂၇ | ရေး | ရေး | ရေး | အထက-ဟံဂံ |
| | | ၂၈ | သထုံ | သထုံ | သထုံ | အထက(၁)သထုံ |
| ၁၁ | ရခိုင် | ၂၉ | စစ်တွေ | စစ်တွေ | စစ်တွေ | အထက(၁)စစ်တွေ |
| | | ၃၀ | သံတွဲ | သံတွဲ | သံတွဲ | အထက(၂)သံတွဲ |
| | | ၃၁ | အမ်း | အမ်း | အမ်း | အထက(၁)အမ်း |
| ၁၂ | ရန်ကုန် | ၃၂ | ဒဂုံမြို့သစ် | ဒဂုံမြို့သစ်(တ) | ဒဂုံမြို့သစ်(တ) | အထက-စိုက်မွေး |
| | | ၃၃ | တွံတေး | တွံတေး | တွံတေး | အထက-သဝန်းတော |
| | | ၃၄ | မှော်ဘီ | မှော်ဘီ | မှော်ဘီ | အထက-ညောင်နှစ်ပင် |
| | | ၃၅ | လှည်းကူး | လှည်းကူး | လှည်းကူး | အထက-ငါးဆူတောင် |
| ၁၃ | ရှမ်း (တောင်) | ၃၆ | တောင်ကြီး | တောင်ကြီး | တောင်ကြီး | အထက(၁)အေးသာယာ |
| ၁၄ | ရှမ်း (မြောက်) | ၃၇ | ကျောက်မဲ | ကျောက်မဲ | ကျောက်မဲ | အထက(၃)ကျောက်မဲ |
| | | ၃၈ | လားရှိုး | လားရှိုး | လားရှိုး | အထက(၁)လားရှိုး |
| ၁၅ | ရှမ်း (အရှေ့) | ၃၉ | ကျိုင်းတုံ | ကျိုင်းတုံ | ကျိုင်းတုံ | အထက-ဝမ်အွယ် |
| ၁၆ | ဧရာဝတီ | ၄၀ | ဖျာပုံ | ဖျာပုံ | ဒေးဒရဲ | အထက(၁)ဒေးဒရဲ |
| | | ၄၁ | မအူပင် | မအူပင် | ညောင်တုန်း | အထက-စကြော့ |
| | | ၄၂ | ပုသိမ် | ပုသိမ် | ကန်ကြီးထောင့် | အထက-ကန်ကြီးထောင့် |
| | | ၄၃ | မြန်အောင် | မြန်အောင် | ကြံခင်း | အထက-ချင်းမြောင် |
| ၁၇ | နေပြည်တော် | ၄၄ | ဇေယျာသီရိ | ပုဗ္ဗသီရိ | ပုဗ္ဗသီရိ | အထက(၂၀)ပုဗ္ဗသီရိ |
| | | ၄၅ | ပျဉ်းမနား | ပျဉ်းမနား | ပျဉ်းမနား | အထက(၁)ပျဉ်းမနား |
| ၁၈ | ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ | ၄၆ | ပအိုဝ်း | ဟိုပုံး | ဟိုပုံး | အထက(ခွဲ)ပေါင်လင်း |
| ၁၉ | ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ | ၄၇ | ပလောင် | မန်တုံ | မန်တုံ | အထက-မန်တုံ |
| ၂၀ | ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ | ၄၈ | ကိုးကန့် | လောက်ကိုင် | လောက်ကိုင် | အထက(၂)လောက်ကိုင် |
| ၂၁ | ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ | ၄၉ | ဓနု | ပင်းတယ | ပင်းတယ | အထက-ကျုံး |
| ၂၂ | နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ | ၅၀ | နာဂ | လဟယ် | နန်းယွန်း | အထက-နန်းယွန်း |
| | | ၅၁ | နာဂ | လဟယ် | လဟယ် | အထက-လဟယ် |

## အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေး လုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှုရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် “1111” အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများမေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီအစဉ် (Public Feedback Programme – PFP) ကို အသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများထံမှ Short Code နံပါတ် “1111” ဖြင့် ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ခဲ့ရသည့် အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMS များကို မှန်ကန်စွာ ပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာနအသီးသီး၏ ဝန်ဆောင်မှုလုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့များက Short Code “1111” ဖြင့် SMS ပေးပို့ မေးမြန်းလိုက်သောမေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေး လုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းမှ ပါဝင်ဆောင်ရွက်ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်ကို အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါကြောင်း အသိပေးနှိုးဆော်တင်ပြအပ်ပါသည်။

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်**

**“အဂတိလိုက်စားမှုတားဆီးဖို့ “1111” ကို ဖြေကြားစို့”**

**“ဝန်ဆောင်မှုများ ကောင်းစေရေး “1111” ကို ဖြေကြားပေး”**

**“အဂတိပယ်ခွာ ပြည်သာယာဖို့ ပူးပေါင်းဆောင်ရွက်ကြပါစို့”**

## တောင်ငူမြို့၌ ကိုဗစ်-၁၉ ရောဂါ ထပ်ဆောင်းကာကွယ်ဆေး (Booster Dose) များ ထိုးနှံပေး

**တောင်ငူ မေ ၂၃**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ မြို့မဈေးကြီးနှင့် ဘုရင့်နောင်ဈေး တို့ရှိ ဈေးရောင်းဈေးဝယ် ပြည်သူများ၊ ပြည်တော်သာဝန်ထမ်းအိမ်ရာရှိ နိုင်ငံ့ဝန်ထမ်းများနှင့် မိသားစုဝင်များ၊ ရွှေဥသြကျေးရွာ၊ ကောင်းမူတော်ကျေးရွာ နှင့် စိန်ပန်းပင်ကျေးရွာရှိ ပြည်သူများအား ကိုဗစ်-၁၉ ရောဂါထပ်ဆောင်း ကာကွယ်ဆေး (Booster Dose) ထိုးနှံခြင်းကို ယနေ့နံနက် ၉ နာရီက မြို့နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှ ဝန်ထမ်းများက ကွင်းဆင်း၍ ဆောင်ရွက်ပေးကြောင်း သိရသည်။

အဆိုပါ ကိုဗစ်-၁၉ ရောဂါ ထပ်ဆောင်း ကာကွယ်ဆေးထိုးနှံရာတွင် ကာကွယ်ဆေးထိုးနှံပြီး ခြောက်လနှင့်အထက် ရှိသူများအား ဆေးထိုးနှံပြီးကြောင်း ထုတ်ပေးထားသည့် ဆေးထိုးလက်မှတ်များ ယူဆောင်လာစေ၍ အပူချိန် တိုင်းတာပေးခြင်း၊ သွေးပေါင်ချိန် တိုင်းတာပေးခြင်းများ ဆောင်ရွက်ကာ ကိုဗစ်-၁၉ ရောဂါထပ်ဆောင်းကာကွယ်ဆေး ထိုးနှံပေးလျက် ရှိကြောင်းနှင့် ယနေ့တွင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူ ၁၀၀၅ဦး သို့ ကာကွယ်ဆေးထိုးနှံပေးခဲ့ပြီး မေ ၂၄ ရက်တွင် ခရိုင်စုပေါင်းရုံး၊ မြို့နယ်စည်ပင်သာယာရေးရုံး၊ ခရိုင်သဘာဝဘေးအန္တရာယ် ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနရုံးနှင့် ခရိုင်စိုက်ပျိုးရေး ဦးစီးဌာနရုံးတို့တွင် စုရပ်များသတ်မှတ်၍ နိုင်ငံ့ဝန်ထမ်းများအား နံနက် ၉ နာရီမှ ၁၂ နာရီအထိ ကာကွယ်ဆေးထိုးနှံပေးမည်ဖြစ်ကြောင်း သိရသည်။

ထို့အပြင် အပတ်စဉ် တနင်္လာနေ့မှ သောကြာနေ့ ရုံးဖွင့်ရက်များတွင် တောင်ငူခရိုင်ပြည်သူ့ဆေးရုံကြီး၌ ကိုဗစ်-၁၉ ရောဂါ ထပ်ဆောင်း ကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိကြောင်း မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ သိရသည်။ **ခရိုင်(ပြန်/ဆက်)**

# တရားမဝင်သစ်မျိုးစုံ၊ လူသုံးကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော်  ဧပြီ  ၂၃**

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဧပြီ ၁၉ ရက်တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် (၁၆)မိုင် ကျောက်ချောစစ်ဆေးရေးစခန်း၌ တာဝန်ကျပူးပေါင်းအဖွဲ့က မူဆယ်မြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်တစ်စီးအား စိစစ်၍ မန္တလေးမြို့နယ် အကောက်ခွန်ဦးစီးဌာနမှူးရုံးသို့ပို့ဆောင်ပြီးအသေးစိတ်စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားသည်ထက် ပိုမိုတင်ဆောင်လာသည့် PVC PIPE ကီလိုဂရမ် ၄၀၀၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၇၉၂၈၀) ကိုလည်းကောင်း၊ အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Dong Feng Tractor Head တစ်စီးနှင့် နောက်တွဲယာဉ်တစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၅၀၀၀၀၀၀)ကို လည်းကောင်း စုစုပေါင်း ခန့်မှန်း တန်ဖိုးငွေကျပ် ၆၅၀၇၉၂၈၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ရှမ်းပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာချီလိတ်မြို့ မယ်ယန်းပူးပေါင်းစစ်ဆေးရေးစခန်း၌ တာဝန်ကျပူးပေါင်းအဖွဲ့က တာချီလိတ်မြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ် တစ်စီးအား စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသော NK 6253 ပြောင်းဖူးမျိုးစေ့ ကီလိုဂရမ် ၅၀၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၅၀၀၀၀၀)ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။









ထို့အပြင် ဧပြီ ၂၀ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ရန်ကုန်မြောက်ပိုင်းခရိုင်သစ်တောဦးစီးဌာန ဦးဆောင်သော ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ တိုက်ကြီးမြို့နယ် ဥက္ကံမြောက်(၁)နယ်မြေ ရန်ကုန် – ပြည် ကားလမ်းမကြီး သိုက်ဝါးချောင်းအနီး၌ မော်တော်ယာဉ်တစ်စီးပေါ်မှ တရားမဝင်သစ်မာ ဝ ဒသမ ၉၉၇ တန်(ခန့်မှန်းတန်ဖိုးငွေကျပ် ၄၉၈၅၀၀)နှင့် အဆိုပါသစ်များ တင်ဆောင်လာသည့် Toyota Alphard တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀၀၀)ကို လည်းကောင်း၊ သာကေတမြို့နယ် ရတနာလမ်းဆုံနှင့် ဇေယျဝေတီ(၄)လမ်းဆုံ၊ (၆)ရပ်ကွက်အနီး၌ မော်တော် ယာဉ်တစ်စီးပေါ်မှ တရားမဝင် သစ်မျိုးစုံ ၁၅ ဒသမ ၆၁၃ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၃၄၁၉၂၀)နှင့် အဆိုပါသစ်များ တင်ဆောင်လာသည့် Nissan Diesel Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၀၀၀၀၀၀၀)ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၇၈၄၀၄၂၀ ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဧပြီ ၂၁ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် အေးရှားဝေါလ်ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ တာဝန်ကျအကောက်ခွန်အဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ကုန်သေတ္တာတစ်လုံးအတွင်းမှ သွင်းကုန်လိုင်စင်မရရှိမီ ဆိပ်ကမ်းသို့ ကြိုတင်ရောက်ရှိသည့် ရက် ၆၁ ရက် ကျော်လွန်သော သံဗီရိုအလုံး ၈၂၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၈၂၁၆၀၀၀) ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

၎င်းအပြင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဧပြီ ၂၁ ရက်တွင် စစ်ကိုင်းမြို့ ကံတလူ ပူးပေါင်းစစ်ဆေးရေးဂိတ်၌ တာဝန်ကျပူးပေါင်းအဖွဲ့က တရားမဝင် ကျွန်းသစ် ၄ ဒသမ ၃၄၀၀ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၅၀၀၀၀၀)ကို သစ်တောဥပဒေအရလည်းကောင်း၊ ဧပြီ ၂၂ ရက်တွင် မုံရွာမြို့မရဲစခန်းမှ စစ်ဆေးရေးအဖွဲ့က မုံရွာမြို့ ဒေါနခြံရပ်ကွက် တမာတန်းမီးပွိုင့်အနီး၌ တရားဝင် စာရွက်စာတမ်းအထောက်အထား တစ်စုံတစ်ရာတင်ပြနိုင်ခြင်းမရှိသော Toyota Alphard မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၅၀၀၀၀၀)နှင့် ကလေးမြို့မရဲစခန်းမှ စစ်ဆေးရေးအဖွဲ့က ကလေးမြို့အတွင်း၌ တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်း မရှိသော NEW ROYAL 125 မော်တော်ဆိုင်ကယ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀) တို့ကို ပို့ကုန်သွင်းကုန် ဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၂၀၀၀၀၀ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ဆက်လက်၍ ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာနဦးဆောင်သော ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဧပြီ ၂၁ ရက်တွင် သာယာဝတီခရိုင်အတွင်း၌ တရားမဝင်သစ်မျိုးစုံ ၄၆ ဒသမ ၂၈၀ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၉၆၇၄၀)ကိုလည်းကောင်း၊ ဧပြီ ၂၂ ရက်တွင် တောင်ငူခရိုင်အတွင်း၌ တရားမဝင်သစ်မျိုးစုံ ၅ ဒသမ ၄၈၇ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၃၆၁၆၇၂ ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၈၅၈၄၁၂ ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဧပြီ ၁၉ ရက်၊ ၂၀ ရက်၊ ၂၁ ရက်နှင့် ၂၂ ရက်တို့တွင် ဖမ်းဆီးရမိမှုစုစုပေါင်းမှာ အမှုတွဲ ၁၃ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄၂၆၉၄၁၁၂) ဖြစ်ကြောင်း တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။ **သတင်းစဉ်**

## အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော်  ဧပြီ  ၂၃

**အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။**

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄– က နှင့် ပုဒ်မ ၅၀၅–က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီဖြစ်သည်။

ထိုကဲ့သို့ အသိပေး သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် သင်ပန်းကုန်းရပ်ကွက်နေ အေးမိစံ(ခ)မိမိစံသည် ၎င်းအသုံးပြုသည့် “Me Me San” Facebook အကောင့်၊ ချမ်းအေးသာစံမြို့နယ် ကဥ္စနမဟီရပ်ကွက်နေသူများဖြစ်ကြသည့် လှိုင်မင်းအောင်၊ ပိုင်လင်းမောင်၊ မျိုးသာကီဆွေ(ခ)မျိုးကြီး၊ ပြည့်ဖြိုးမွန်တို့သည် ၎င်းတို့အသုံးပြုသည့် “Hlaing Min Aung” Facebook အကောင့်၊ “Paing Linn Maung” Facebook အကောင့်၊ “Myo Gyi” Facebook အကောင့်၊ “Pyae Phyo Mon” Facebook အကောင့်နှင့် ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် ပေါက်တောရပ်ကွက်နေ အောင်ချိုငြိမ်း(ခ)ချိုငြိမ်းသည် ၎င်းအသုံးပြုသည့် “Cho Nyein” Facebook အကောင့်ဖြင့် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ပရီမီယာလိဂ်ပွဲစဉ်(၃၂)တွင် ဝက်စ်ဟမ်း၊ နယူးကာဆယ်အသင်းတို့ ဂိုးပြတ်နိုင်ပွဲရ

ဧပြီ ၂၃ ရက် ည ၇ နာရီခွဲက တစ်ချိန်တည်း ယှဉ်ပြိုင်ကစားခဲ့သည့် ပရီမီယာလိဂ် ပွဲစဉ် (၃၂) ပွဲစဉ်များတွင် ဝက်စ်ဟမ်းနှင့် နယူးကာဆယ်အသင်းတို့ ဂိုးပြတ်အနိုင်ရရှိခဲ့သည်။

ဘုန်းမောက်နှင့် ဝက်စ်ဟမ်းအသင်းတို့ပွဲစဉ်တွင် ဝက်စ်ဟမ်းအသင်းက လေးဂိုးပြတ် အနိုင်ရရှိခဲ့သည်။ အဆိုပါ နှစ်သင်းသည် တန်းဆင်းဇုန် ဖိအားရှိနေသည့် အသင်းနှစ်သင်း တွေ့ဆုံမှုဖြစ်သော်လည်း ခြေစွမ်းထက်မြက်မှုရှိသည့် ဝက်စ်ဟမ်းအသင်းက တိုက်စစ်ခြေစွမ်းပြကာ ဂိုးပြတ်အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

ဝက်စ်ဟမ်း အသင်းအတွက် သွင်းဂိုးများကို အန်တိုနီယို၊ ပါကွီတာ၊ ရိုက်စ်နှင့် ဖော်နေးလ်တို့က သွင်းယူပေးနိုင်ခဲ့သည်။ နယူးကာဆယ်နှင့်စပါးအသင်းတို့ ပွဲစဉ်တွင် နယူးကာဆယ်အသင်းက ခြောက်ဂိုး – တစ်ဂိုးဖြင့် ဂိုးပြတ်အနိုင်ရရှိသည်။ ထို့ကြောင့် ဂိုးပြတ်အနိုင်ရရှိသော နယူးကာဆယ်အသင်းက လာမည့်နှစ် ချန်ပီယံလိဂ်ဝင်ခွင့်ရရှိရန် အခြေအနေကောင်းတစ်ရပ် ပိုင်ဆိုင်ခဲ့ပြီဖြစ်ကာ စပါးအသင်းက အသင်းစွမ်းဆောင်ရည်ပိုင်း လိုအပ်ချက်များရှိနေပြီး ဂိုးပြတ်ရှုံးနိမ့်ခဲ့သည့်အတွက် လာမည့်နှစ် ချန်ပီယံလိဂ်ဝင်ခွင့် မျှော်လင့်ချက်မှေးမှိန်ခဲ့ရပြီဖြစ်သည်။

နယူးကာဆယ် အသင်းအတွက် သွင်းဂိုးများကို မော်ဖီ၊ ဂျိုးလင်တန်၊ အီဆတ်ခ်နှင့် ဝီလ်ဆင်တို့က သွင်းယူပေးနိုင်ခဲ့ပြီး စပါးအသင်းအတွက် တစ်လုံးတည်းသော ချေပဂိုးကို အသင်းခေါင်းဆောင် ဟယ်ရီကိန်းက သွင်းယူပေးနိုင်ခဲ့သည်။ **အောင်ဇော်**



## “ရွှေတိဂုံစေတီတော်မြတ်ကြီးအား သံဃာတော်(၁၁၁၁၁)ပါးဖြင့် ဗုဒ္ဓါဘိသေက အနေကဇာတင်မဟာမင်္ဂလာအခမ်းအနားနှင့် ဆွမ်းဆန်စိမ်းစုပေါင်းလောင်းလှူပွဲ မင်္ဂလာအခမ်းအနား ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် ပါဝင်လှူဒါန်းနိုင်ပါကြောင်း နှိုးဆော်လွှာ”

ရန်ကုန်တိုင်းဒေသကြီးသံဃနာယကအဖွဲ့ (ဂိုဏ်းပေါင်းစုံ)၏ ဩဝါဒခံယူ၍ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူးကျင်းပသော ရွှေတိဂုံစေတီတော်မြတ်ကြီးအား သံဃာတော်(၁၁၁၁၁)ပါးဖြင့် ဗုဒ္ဓါဘိသေက အနေကဇာတင်မဟာမင်္ဂလာအခမ်းအနားနှင့် ဆွမ်းဆန်စိမ်း စုပေါင်းလောင်းလှူပွဲ မင်္ဂလာအခမ်းအနားကို ၂၀၂၃ခုနှစ်၊ မေလ(၂)ရက်၊ ကောဇာသက္ကရာဇ် ၁၃၈၅ခုနှစ်၊ ကဆုန်လဆန်း (၁၄) ရက်နေ့ အရုဏ်တက်ချိန်၌ ရွှေတိဂုံစေတီတော် အထက်ပစ္စယံနှင့် ပြည်သူ့ရင်ပြင်တွင် ကျင်းပပြုလုပ်သွားမည်ဖြစ်ပါသည်။

အဆိုပါ အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ နိုင်ငံတော်ဩဝါဒစရိယဆရာတော်ကြီးများ၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဆရာတော်ကြီးများ၊ နိုင်ငံတော်ဗဟိုသံဃဝန်ဆောင် ဆရာတော်ကြီးများ၊ တိပိဋကဓရ တိပိဋကကောဝိဒဆရာတော်ကြီးများ၊ တိုင်းဒေသကြီး သံဃနာယကအဖွဲ့ ဆရာတော်ကြီးများ၊ မြို့နယ်သံဃနာယကအဖွဲ့ ဆရာတော်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဘုန်းတော်ကြီးကျောင်းအားလုံး၏ ကျောင်းထိုင်ဆရာတော်ကြီးများနှင့် ပရိယတ္တိစာသင်တိုက်များမှ သံဃာတော်၊ ဆရာတော်များအား ပင့်ဆောင်ကာ စုပေါင်းလှူဒါန်း ပူဇော်သွားမည်ဖြစ်ပါ၍ သဒ္ဓါကြည်လင် ပါရမီရှင်အလှူရှင်များ အနေဖြင့် မိမိတို့တတ်စွမ်းသမျှ လှူဖွယ်ဝတ္ထုငွေ/ လှူဖွယ်ပစ္စည်းများကို ပြည်သူ့ရင်ပြင်၌ ကိုယ်တိုင်လာရောက် လှူဒါန်းနိုင်ပါကြောင်းနှင့် အောက်ပါ ဖုန်းနံပါတ်များကို ဆက်သွယ်၍လည်း ကြိုတင်စာရင်းပေးပို့ လှူဒါန်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ တိုက်တွန်း နှိုးဆော်အပ်ပါသည်-

| | | | | |
|---|---|---|---|---|
| (၁) | ဦးမျိုးမြင့်အောင် | စီးပွားရေးရာဝန်ကြီး | ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ | ၀၉-၅၃၂၁၉၂၁ |
| (၂) | ဦးညီညီမင်း | အတွင်းရေးမှူး | ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ | ၀၉-၄၂၈၄၆၀၀၈၂ |
| (၃) | ဦးရဲထူး | ညွှန်ကြားရေးမှူး | ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ | ၀၉-၆၆၂၁၈၅၃၉၉ |

**အခမ်းအနားကျင်းပရေးဦးစီးကော်မတီ**

### ငါးမွေးမြူရေးကန်များ အပူချိန်ပြင်းထန် လွန်ကဲမှုဒဏ်မှ ကြိုတင်ကာကွယ်ရေးနှိုးဆော်ချက်

- နေအပူချိန်မြင့်မားလွန်ကဲမှုကြောင့် ငါးမွေးမြူရေးကန်များရှိ ကန်ရေများ ရေငွေ့ပြန်ပြီး ရေလျော့နည်း ကျဆင်းလာသဖြင့် ကန်ထဲရှိငါးများ၏ စွန့်ပစ်အညစ်အကြေးကြောင့်သော်လည်းကောင်း၊ မွေးမြူထားသောငါးများကို အစာကျွေးလွန်ကဲသဖြင့် စားကြွင်းစားကျန်များကြောင့်သော်လည်းကောင်း၊ ရေထုညစ်ညမ်းပြီး ဆက်စပ်၍ ငါးရောဂါကျရောက်တတ်သဖြင့် ဩဇာဓာတ် ထည့်သွင်းခြင်းနှင့် ငါးအစာအလွန်အကျွံကျွေးခြင်းကို လျှော့ချပေးပါရန်။
- နံနက်ပိုင်း မိုးအုံ့သောရက်၊ နှင်းကျသောရက်များနှင့် နေထွက်နောက်ကျသောရက်များတွင် ငါးများခေါင်းထောင်လျက် ကူးခတ်ခြင်း၊ ကမ်းစပ်သို့ စုပြုံလာခြင်းမျိုးရှိပါက ငါးမွေးမြူရေးကန်သည် အောက်ဆီဂျင်လျော့နည်းမှုဖြစ်ပွားနေသဖြင့် ကန်အတွင်းသို့ ရေသစ်သွင်းခြင်း၊ ရေပန်းချခြင်း၊ ရေဒလက်များ မောင်းပေးခြင်း၊ မွေးမြူကန်အတွင်း လှေလှော်ပေးခြင်း စသည့် နည်းလမ်းများအား ရေတွင်ပျော်ဝင် အောက်ဆီဂျင် မြင့်တက်စေရေး ဆောင်ရွက်ပေးပါရန်။
- ငါးမွေးမြူရေးကန်များ နေအပူချိန်လွန်ကဲမှုကြောင့် ရေခန်းလာပါက သန့်ရှင်းသော ရေသစ်များ ဖြည့်သွင်းပေးပါရန်။
- ရေသစ်သွင်းရန် အခက်အခဲရှိပါက မွေးမြူထားသောငါးများကို အရေအတွက် လျှော့ချမွေးမြူရန်။
- အပူချိန်ပြင်းပြသည့် အချိန်များဖြစ်သည့် နေ့လယ်ပိုင်းတွင် ငါးများ ကန်ပြောင်းရွှေ့ခြင်းမပြုရန်။
- ကန်ရေ အရည်အသွေး သတ်မှတ်ချက်ဖြစ်သည့် ရေကြည်နှုန်း (၂၅-၄၀) စင်တီမီတာအတွင်း ရှိနေစေရန် (မိမိလက်ကို တံတောင်ဆစ်အထိ ရေတွင် နှစ်၍ လက်ဝါးကိုဖြန့်ပါက ခပ်ရေးရေး မြင်ရသော အခြေအနေရှိရပါမည်)။
- ကန်ရေအပူချိန် မြင့်မားသောအချိန်များတွင် ရေထုညစ်ညမ်းမှုဖြစ်စေသည့် ကစော်ဖတ်၊ ဝါစေ့ဖတ်များ ကျွေးခြင်းကိုရှောင်ကြဉ်၍ ပုံမှန်အစာများကိုသာ ချိန်ဆကျွေးပါရန်။
- အစာကျွေးပြီးပါက အစာကျန်များရှိ/မရှိကို ပုံမှန်စစ်ဆေးပါရန်။
- မွေးမြူရေးကန်အား လိုအပ်ပါက ရေသစ်လဲလှယ်နိုင်ရေးအတွက် ရေကောင်းရေသန့် သိုလှောင်သည့် အရန်ကန် စီစဉ်ထားရှိပြီး ရေများရနိုင်သမျှ သိုလှောင်ထားပါရန်။
- ကန်အခြေအနေနှင့် ရေအရည်အသွေး ပြောင်းလဲမှု အခြေအနေများကို နေ့စဉ်နံနက် ၆ နာရီ၌ ပုံမှန် စစ်ဆေးပါရန်။
- ငါးမွေးကန်၌ ပုံမှန်မဟုတ်သော အခြေအနေပြောင်းလဲခြင်းမျိုးများ ဖြစ်ပေါ်လာသည်ကို တွေ့ရှိရပါက အနီးဆုံး ငါးလုပ်ငန်းဦးစီးဌာနသို့ ဆက်သွယ်ဆောင်ရွက်ပါရန်။

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**
**ငါးလုပ်ငန်းဦးစီးဌာန**

### ပတ်စ်ပို့ပျောက်

ကျွန်တော် မောင်အောင်မျိုး ၈/နမန(နိုင်)၂၁၄၅၆၇ ၏ နိုင်ငံကူးလက်မှတ်အမှတ်(နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၄၅၃၆၆၀၉၆

### ပတ်စ်ပို့ပျောက်

ကျွန်တော် မောင်အောင်မြတ်မင်း ၈/သရန(နိုင်)၁၀၄၈၃၉ ၏ နိုင်ငံကူးလက်မှတ်အမှတ်(နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၅၆၇၈၄၉၆

### ပတ်စ်ပို့ပျောက်

ကျွန်တော် ဦးမိုးဝင်း ၈/ကမန(နိုင်)၀၇၂၆၄၅ ၏ နိုင်ငံကူးလက်မှတ်အမှတ်(နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၄၅၇၅၄၅၄၄

### ပြင်ဆင်ဖတ်ရှုပါရန်

၂၀-၄-၂၀၂၃ရက်ထုတ် ဤသတင်းစာ စာမျက်နှာ(၂၇)ပါ ကရင်ပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန(ဘားအံမြို့)၊ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်းကြော်ငြာတွင် အမှတ်စဉ် ၂။(ဂ) တင်ဒါဖွင့်မည့်ရက်/ အချိန် ၉-၄-၂၀၂၃ရက် (အင်္ဂါနေ့) ၁၀ နာရီ အစား **၉-၅-၂၀၂၃ ရက် (အင်္ဂါနေ့) (၁၀) နာရီ** ဟု ပြင်ဆင်ဖတ်ရှုပါရန်။

### ပျောက်ဆုံးကြောင်း

မောင်မျိုးကြည်ခေါင် ၇/ပခန(နိုင်)၃၀၅၂၅၇ ၏ ပတ်စ်ပို့နံပါတ်MD –854083 မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၈၆၁၈၀၁၆၇

### ပျောက်ဆုံးကြောင်း

ကျွန်မ ဒေါ်အေးကြည် ၁၀/မလမ(နိုင်)၀၆၄၂၃၆ ၏ ပတ်စ်ပို့ နံပါတ်MC 745197 မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၇၀၉၇၀၂၆၃

### ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၅၊ မဟာဗန္ဓုလလမ်း၊ မြေကွက်အမှတ် ၇၇၊ (၄၀ပေx၆၀ပေ)အကျယ်အဝန်း ၂၄၀၀ စတုရန်းပေ၊ ဧရိယာ ၀ဒသမ၀၅၅ ဧကရှိ နှစ်(၆၀) ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ် အားလုံးတို့ကို ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ(မြို့/မြေ)ဌာနတွင် ဦးမျိုးလွင်ကျော် ၁၂/ဥကတ(နိုင်)၀၁၅၁၂၂အမည်ဖြင့် တရားဝင် အမည်ပြောင်း လျှောက်ထားလျက်ရှိပြီး အပေါင်အနှံ၊ အရှုပ်အရှင်း ကင်းရှင်း၍ ၎င်းတစ်ဦးတည်း လွှဲပြောင်းရောင်းချ ပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုလာသောကြောင့် ကျွန်ုပ်၏ မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများသည် ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း ခိုင်လုံသော ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းအထောက်အထားများနှင့် တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ကာလအတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဌေးဌေးဝင်း LL.B, D.I.L, WIPO(Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၃၁၆)**
**အမှတ် ၂၇၊ နိဂြောဓလမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့**
ဖုန်း-၀၉-၅၀၃၇၅၅၈၊ ၀၉-၇၈၅၀၃၇၅၅၈

### သတိပေး နှိုးဆော်ချက်

နေပြည်တော်တွင် မော်တော်ဆိုင်ကယ်စီးနင်းသူများသည် ဆိုင်ကယ်စီးဦးထုပ်ကို မေးသိုင်းကြိုးတပ်၍ စီးနင်းကြရန်နှင့် နှစ်ဦးထက်ပိုမို စီးနင်းခြင်းမပြုကြရန်၊ ထို့အပြင် လိုင်စင်မဲ့ဆိုင်ကယ်များ စီးနင်းခြင်းမပြုကြရန် နှိုးဆော်အပ်ပါသည်။ လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေအရ ထိရောက်စွာအရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။ **နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ**

### ပတ်စ်ပို့ပျောက်

ကျွန်တော် မောင်ဝေလင်း ၈/ကမန(နိုင်)၀၇၆၉၂၆ ၏ နိုင်ငံကူးလက်မှတ်အမှတ် (နံပါတ်မမှတ်မိ)သည်ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၄၅၇၅၄၅၄၄

### ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄)၊ သုတ(၂)လမ်း၊ မြေကွက်အမှတ်(၄၄၆/က)၊ (ထောင့်ကွက်)၊ မြေပေအကျယ်(၂၀ x ၆၀)ပေ၊ စတုရန်းပေ(၁၂၀၀)ရှိ နှစ်(၆၀)ဂရန်မြေကွက်အား အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်ဆွေဇင်မိုး (၁၂/မဂတ(နိုင်) ၀၈၇၃၁၄)က အထက်ပါမြေကွက်ကို မိမိသာတရားဝင်ပိုင်ဆိုင်ပြီး အရှုပ်အရှင်းကင်းရှင်း၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောဆိုသဖြင့် အဆိုပါမြေကွက်အား အပြီးအပိုင် လက်ရောက်ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ခင်ဝင်းမာ (၁၂/ စခန(နိုင်) ၀၀၃၈၄၄)က ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်အားကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကိုပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ရီရီသန့်[ 'အလင်္ကာ' Law Firm]**
**LL.B,D.B.L,D.M.L,D.I.L(W.I.P.O–Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၉၉၃၉)**
**အမှတ်(၅၂၅/ခ)၊ မင်းရဲကျော်စွာ(၄)လမ်း၊ (၇)ရပ်ကွက်၊တောင်ဥက္ကလာပမြို့နယ်၊**
**ရန်ကုန်မြို့၊ ဖုန်း-၀၉-၄၃၀၆၆၁၆၄၊ ၀၉-၇၉၆၆၀၀၂၁၇**

### အထူးကိုယ်စားလှယ်လွှဲစာပြန်လည်ရုပ်သိမ်းကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၇)ရပ်ကွက်၊ မင်းရဲကျော်စွာ(၈)လမ်း၊ မြေကွက်အမှတ်(၉၂/ခ) ဒေါ်ရင်ရင်ကြည်မော်(ဘ) ဦးထွန်းသောင်း (၁၀/ရမန(နိုင်) ၁၀၆၅၃၂)သည် မိမိနှစ်(၆၀)ဂရန်အမည်ပေါက်ပိုင်ဆိုင်သော ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၇)၊ မြေကွက်အမှတ်(၁၄၈)၊ မြေပေအကျယ်(၃၈.၆ပေ x ၆၀ပေ)ဟုခေါ်တွင်သော မြေကွက်နှင့်ပတ်သက်၍ ဌာနဆိုင်ရာအသီးသီးတို့တွင် မိမိ၏ကိုယ်စား လုပ်ကိုင်ဆောင်ရွက်နိုင်ရန်အတွက် ဦးမျိုးဝင်း (၁၂/သဃက(နိုင်) ၁၅၈၇၁၀)သို့ (၃-၂-၂၀၂၀)ရက်တွင် ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၁၈၂၃/၂၀၂၀)ဖြင့် ကိုယ်စားလှယ်လွှဲစာ လွှဲအပ်ပေးခဲ့ပါသည်။ ယခုအခါ ဒေါ်ရင်ရင်ကြည်မော်သည် အထက်ပါမြေကွက်နှင့်ပတ်သက်၍ မိမိကိုယ်တိုင် စီမံဆောင်ရွက်တော့မည်ဖြစ်သောကြောင့် ဦးမျိုးဝင်းထံသို့ လွှဲအပ်ပေးထားသော အထူးကိုယ်စားလှယ်လွှဲစာကိုယနေ့မှစ၍ ပြန်လည်ရုပ်သိမ်းကြောင်းအများသိစေ ရန်ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဒေါ်ရင်ရင်ကြည်မော်** | **ဒေါ်ရီရီသန့်[ 'အလင်္ကာ' Law Firm)** |
| ၁၀/ရမန(နိုင်) ၁၀၆၅၃၂ | **LL.B,D.B.L,D.M.L,D.I.L(W.I.P.O–Switzerland)** |
| | တရားလွှတ်တော်ရှေ့နေ(စဉ်-၉၉၃၉) |
| | အမှတ်(၅၂၅/ခ)၊ မင်းရဲကျော်စွာ(၄)လမ်း၊ (၇) ရပ်ကွက်၊တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့၊ |
| | ဖုန်း-၀၉-၄၃၀၆၆၁၆၄၊ ၀၉-၇၉၆၆၀၀၂၁၇ |

## သနပ်ပင်မြို့နယ်၌ သောက်သုံးရေရှားပါးသော ကျေးရွာများသို့ သောက်သုံးရေများလှူဒါန်း

**သနပ်ပင် မေ ၂၃**

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် သနပ်ပင်မြို့နယ်တွင် နွေရာသီ ပူပြင်းခြောက်သွေ့သော နွေရာသီကာလတွင် သောက်သုံးရေများ ပြတ်လပ်မှုမရှိစေရေးအတွက် ယမန်နေ့ နံနက်ပိုင်းက မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးစီးမှူးနှင့် ဝန်ထမ်းများက ကျေးရွာများသို့ သောက်သုံးရေ လှူဒါန်းခဲ့ကြသည်။

အဆိုပါ သောက်သုံးရေများလှူဒါန်းခြင်းကို သနပ်ပင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်သန္တာဦးရွှေ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ သောက်သုံးရေပေးဝေရေးအဖွဲ့ဝင်များက လှာပကစ်ကျေးရွာအုပ်စု လှာပကစ်ကျေးရွာရှိ ဒေသခံပြည်သူများအား ရွှေ့လျားရေသန့်စင်စက်ဖြင့် ရေသန့်စင်ပြီး သောက်သုံးရေဂါလန် ၇၀၀၀ ကို ဒေသခံများ သောက်သုံးရေ အခက်အခဲ မဖြစ်ပေါ်စေရန် ပေးဝေလှူဒါန်းကြောင်း သိရသည်။

**လှမိုး(ပြန်/ဆက်)**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 76W/3521 Yamaha FZ 150 ယာဉ်လက်ဝယ်ရှိသူ Eight Cloud Public Co.,Ltd က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊
ခရိုင်ရုံး(မိတ္ထီလာမြို့)

**သစ်ပင်နည်းလာ တို့ကမ္ဘာ၊ လွန်စွာပူအေး ဥတုဘေး**


# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ကျောက်စာရုံစေတီ(၁၂ × ၁၂ × ၁၈)ပေ ၁ ဆူ တန်ဖိုး-၂၇၉ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ကျောက်စာရုံစေတီ ၁ ဆူ(ပိဋကသုံးပုံ မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ ချပ်ပါ) | ၂၇၉. ၀၀ | ၇၂၀ ဆူ | ၇၂၀ | - |
| ၂။ | သာသနာ့ဗိမာန်တော်(သိမ်တော်ကြီး)(၂၈၀×၂၀၅)ပေ | ၆၀၀၀၀ | ၁ လုံး | ၁၉၁၄၄ သိန်း | ၄၀၈၅၆ သိန်း |
| ၃။ | သုဓမ္မာဇရပ်(၅၄×၃၀×၃၂)ပေ | ၂၉၇၀. ၀၀ | ၆ | ၅ | ၁ |
| ၄။ | ဝေါပကရုံး(၄၈×၂၄×၂၉)ပေ | ၄၈၁၀. ၀၀ | ၁ | - | ၁ |
| ၅။ | မော်ကွန်းတိုက်(၇၂×၃၀×၃၂)ပေ | ၈၀၇၉ | ၁ | ၁ | - |
| ၆။ | အဝင်မုခ်ဦး(အနောက်ဘက်) | ၂၈၆၅ | ၁ | ၁ | - |
| ၇။ | ရွှေ့လျားစက်လှေကား(Walking Escalator) | | | | |
| | (က) Acrylic အမိုးအကာလုပ်ငန်း | ၄၅၄၃. ၁၀ | ၁ | - | ၁ |
| | (ခ) Pile Foundation လုပ်ငန်း၊ အဆောက်အဦ RC Structure လုပ်ငန်း၊ မိုးကြိုးလွှဲတပ်ဆင်ခြင်းလုပ်ငန်း၊ ထိန်းချုပ်ခန်းများတည်ဆောက်ခြင်းလုပ်ငန်း | ၃၂၈၄. ၃၀ | ၁ | - | ၁ |
| ၈။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅. ၀၀ | ၁၈ ခု | ၁ ခု | ၁၇ ခု |
| ၉။ | High Mast မီးတိုင်(၂၀ မီတာ) ၁ တိုင်လျှင် | ၄၉၄. ၀၀ | ၉ တိုင် | ၂ တိုင် | ၇ တိုင် |
| ၁၀။ | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂. ၀၀ | ၂၀၀ ခန်း | ၉ ခန်း | ၁၉၁ ခန်း |
| ၁၁။ | မြန်မာမှုတစ်ဖက်လှခြံစည်းရိုး ၂၇ ပေခန်း | ၃၁. ၀၀ | ၄၅၅ ခန်း | ၉၃ ခန်း | ၃၆၂ ခန်း |
| ၁၂။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၃၂. ၀၀ | ၅၀ တိုင် | - | ၅၀ တိုင် |
| ၁၃။ | လမ်းမီးတိုင်(၆ မီတာ) ၁ တိုင်လျှင် | ၁၆. ၈၅ | ၂၀၈ တိုင် | - | ၂၀၈ တိုင် |
| ၁၄။ | Garden Light (၄ မီတာ) ၁ တိုင်လျှင် | ၁၉. ၀၀ | ၃၆၆ တိုင် | - | ၃၆၆ တိုင် |
| ၁၅။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇. ၀၀ | ၆၅၂ ခု | ၁၄၄ ခု | ၅၀၈ ခု |
| ၁၆။ | စကျင်ကျောက်ပြား ၁ ကျင်းနှုန်း | ၈. ၅၀ | ၇၅၇၆. ၃၅ ကျင်း | - | ၇၅၇၆. ၃၅ ကျင်း |

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁၇။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှု) | ၄. ၅၀ | ၂၁၈. ၁၄ ကျင်း | ၂၉ ကျင်း | ၁၈၉. ၁၄ ကျင်း |
| ၁၈။ | ကွန်ကရစ် ၈ လက်မထုခင်းခြင်း | ၆. ၅၀ | ၈၄၇၃ ကျင်း | - | ၈၄၇၃ ကျင်း |
| ၁၉။ | မုစလိန္ဒအိုင် | ၂၂၇၃၁. ၀၂ | ၁ | ၅၃၄၅ သိန်း | ၁၇၃၈၆. ၀၂ သိန်း |
| | (က) မုစလိန္ဒအိုင်ရေကန်လုပ်ငန်း | ၆၇၁၀. ၅၉ | ၁ | - | ၁ |
| | (ခ) မုစလိန္ဒအိုင်အဝင်မုခ်ဦးတည်ဆောက်ခြင်း | ၃၆၀၆. ၃၆ | ၁ | - | ၁ |
| | (ဂ) မုစလိန္ဒအိုင်အတွင်းအပြင်ပတ်လမ်းရင်ပြင်ကွန်ကရစ်ခင်းလှေကားများပြုလုပ်ပေးခြင်း | | | | |
| | ၁။ အရှေ့ဘက်အပိုင်း(၃၇၉၉ စပေ) | ၁၇၁၁. ၈၅ | ၁ | - | ၁ |
| | ၂။ အနောက်ဘက်အပိုင်း(၃၇၉၉ စပေ) | ၁၇၁၁. ၈၅ | ၁ | - | ၁ |
| | ၃။ တောင်ဘက်ရင်ပြင်(၆၄၈၂ စပေ) | ၂၅၉၄. ၂၆ | ၁ | - | ၁ |
| | ၄။ မြောက်ဘက်ရင်ပြင်(၅၅၅၂ စပေ) | ၂၂၃၆. ၄၀ | ၁ | - | ၁ |
| | (ဃ) စကျင်ကျောက်ပြားခင်းခြင်း(၃၁၇. ၆၅ ကျင်း) | ၈. ၅၀ | ၃၁၇. ၆၅ | - | ၃၁၇. ၆၅ |
| | (င) ရေကန်ပတ်လည် ကနုတ်သံပန်းလက်ရန်းတပ်ဆင်ခြင်း | ၂၅. ၂၀ | ၄၇ | - | ၄၇ |
| | (စ) အတွင်း/အပြင် မီးနှင့်အပြင်ရေဆက်သွယ်ခြင်း | | | | |
| | ၁။ အတွင်း/အပြင် မီးဆက်သွယ်ခြင်း | ၅၄၀. ၀၀ | ၁ | - | ၁ |
| | ၂။ အပြင်ရေဆက်သွယ်ခြင်း | ၇၂၀. ၀၀ | ၁ | - | ၁ |
| ၂၀။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ × ၁၇၆ ပေ) | ၂၁၉. ၀၀ | ၁၂၇ ခု | - | ၁၂၇ ခု |
| ၂၁။ | ပိဋကသုံးပုံကျမ်းစာအုပ်များ(မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ မျက်နှာစီပါ)(Creamy Paper) လှူဒါန်းနိုင်ရေး[၅၃ ကျမ်း(၄၀ အုပ်)]တစ်စုံလျှင် | ၁၂. ၀၀ | ၁၀၀၀ စုံ | ၅၇၄ စုံ | ၄၂၆ စုံ |
| ၂၂။ | ပိဋကသုံးပုံကျမ်းစာအုပ်များ(မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ မျက်နှာစီပါ)(Bibble Paper) လှူဒါန်းနိုင်ရေး[၅၃ ကျမ်း(၄၀ အုပ်)]တစ်စုံလျှင် | ၂၀. ၀၀ | ၅၀၀ စုံ | ၂၂၁ စုံ | ၂၇၉ စုံ |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

(က) **ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော** ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅

(ခ) **ဒေါ်အေးအေးကြည်** ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆

## ကဆုန်လပြည့် (ဗုဒ္ဓနေ့)တွင် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ကြီးမှူးကျင်းပမည့် မန္တလေးမြို့ လေးပြင်လေးရပ်ရှိ သံဃာတော်အပါး(၁၀၂၆၈)ပါးအား ဆွမ်း၊ ဆွမ်းဟင်း၊ နဝကမ္မဝတ္ထုငွေနှင့် လှူဖွယ်ပစ္စည်းများ လောင်းလှူပွဲတွင် ပါဝင်လှူဒါန်းနိုင်ရေး အသိပေးနှိုးဆော်ခြင်း

၁။ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဦးဆောင်၍ အလှူရှင်များက သာသနာတော်နှစ် ၂၅၆၆ နှစ်ပြည့်ပြီး ၂၅၆၇ နှစ်သို့ ကူးပြောင်းရောက်ရှိမှု အထိမ်းအမှတ်နှင့် နိုင်ငံသူ/နိုင်ငံသားများ ဘေးအန္တရာယ်ကင်းရှင်းစေရန်ရည်ရွယ်၍ ကောဇာသက္ကရာဇ် ၁၃၈၅ ခုနှစ် ကဆုန်လပြည့်(ဗုဒ္ဓနေ့) ၃-၅-၂၀၂၃ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၀၆ :၀၀ နာရီ နေ့ထူးနေ့မြတ် အခါသမယတွင် မန္တလေးမြို့ လေးပြင်လေးရပ်ရှိ ဆရာတော်၊ သံဃာတော်(၁၀၂၆၈)ပါးတို့အား ဆွမ်း၊ ဆွမ်းဟင်း၊ နဝကမ္မဝတ္ထုငွေနှင့် လှူဖွယ်ပစ္စည်းများ လောင်းလှူပွဲအခမ်းအနားကို မန္တလေးမြို့ နန်းမြို့ရိုး၊ လေးပြင်လေးရပ်လမ်းမကြီးများ၌ အောက်ပါနေရာများတွင် ကျင်းပပြုလုပ်သွားမည်ဖြစ်ပါသည် -

(က) ကျုံးအရှေ့ဘက်(အရှေ့ပြင်)၊ ၆၆လမ်းအတိုင်း သံဃာတော် (၂၅၆၇)ပါး

(ခ) ကျုံးတောင်ဘက်(တောင်ပြင်)၊ ၂၆လမ်းအတိုင်း သံဃာတော် (၂၅၆၇)ပါး

(ဂ) ကျုံးအနောက်ဘက်(နောက်ပြင်)၊ လမ်း၈၀ အတိုင်း သံဃာတော် (၂၅၆၇)ပါး

(ဃ) ကျုံးမြောက်ဘက်(မြောက်ပြင်)၊ ၁၂လမ်းအတိုင်း သံဃာတော် (၂၅၆၇)ပါး

၂။ သို့ဖြစ်ပါ၍ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ကကြီးမှူးဆောင်ရွက်မည့် သာသနာတော်နှစ် ၂၅၆၇ နှစ် အထိမ်းအမှတ် သံဃာတော်(၁၀၂၆၈) ပါးတို့အား ဆွမ်း၊ ဆွမ်းဟင်း၊ နဝကမ္မဝတ္ထုငွေနှင့် လှူဖွယ်ပစ္စည်းများ လောင်းလှူပွဲအခမ်းအနားတွင် ကိုယ်တိုင်လောင်းလှူလိုပါကလည်းကောင်း၊ အလှူငွေများထည့်ဝင်လှူဒါန်းလိုပါကလည်းကောင်း အောက်ပါပုဂ္ဂိုလ်များထံ ၃၀-၄-၂၀၂၃ ရက်(တနင်္ဂနွေနေ့) နောက်ဆုံးထား၍ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အကြောင်းကြားအပ်ပါသည်–

**ဆက်သွယ်ရန်** – ဦးသက်နိုင်ထွန်း ဖုန်း–၀၉ – ၄၀၂၀၀၁၀၆၉၊ ဦးစိုးမိုးသိမ်း ဖုန်း–၀၉ – ၉၇၀၈၂၃၆၈၈၊ ဦးစိုးညွန့် ဖုန်း–၀၉ – ၄၀၀၆၉၀၆၆၅၊ ဦးတင်မောင်စိုး ဖုန်း– ၀၉ – ၂၅၀၈၆၂၁၅၈

**မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့**

### ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး (၁၀)၊ ကွင်း/အကွက်အမှတ်(၁/ပဒေသာ)၊ ဦးပိုင်အမှတ်(၂၆၇)၊ မြေကွက်အမှတ်(267)၊ မြေဧရိယာ (၀ဒသမ ၀၅၅) ဧကရှိ မြေကွက်အား မြေငှားဂရန်(ဂရန်သစ်)လျှောက်ထားနိုင်ရေး ဦးမြင့်ကြိုင် ၉/မမန(နိုင်) ၀၃၅၉၄၂မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက် အတွင်းမြေပိုင်ဆိုင်မှု အထောက်အထား ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ ပြင်ဦးလွင်မြို့**

### ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး (၁၀)၊ ကွင်း/အကွက်အမှတ်(AA/မြနန္ဒာ)၊ ဦးပိုင်အမှတ်(၂၀၉-ခ)၊ မြေကွက်အမှတ်(209-B)၊ မြေဧရိယာ (၀ ဒသမ ၀၅၇)ဧ ကရှိ မြေကွက်အား မြေငှားဂရန်(အမည်ပြောင်း၊ သက်တမ်းတိုး၊ ဂရန်သစ်)လျှောက်ထားနိုင်ရေး ဦးကျော်မင်း ၉/ပသက(နိုင်) ၀၂၅၈၃၄မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက် အတွင်းမြေပိုင်ဆိုင်မှု အထောက်အထား ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ ပြင်ဦးလွင်မြို့**

### ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၅)၊ ကွင်း/အကွက်အမှတ်(၃၆/ပြည်တော်သာ)၊ ဦးပိုင်အမှတ်(၂၃၂)၊ မြေကွက်အမှတ်(266)၊ မြေဧရိယာ(၀ဒသမ၀၆၂)ဧ ကရှိ မြေကွက်အား မြေငှားဂရန်(အမည်ပြောင်း)လျှောက်ထားနိုင်ရေး ဒေါ်ခင်ဝေ လွင် ၉/ပဥလ(နိုင်) ၀၂၀၂၇၃မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်းမြေပိုင်ဆိုင်မှု အထောက်အထား ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ ပြင်ဦးလွင်မြို့**

### လမ်းဦးစီးဌာန တံတားဦးခရိုင် တင်ဒါအမှတ်စဉ်(၁/၂၀၂၃-၂၀၂၄)ခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး၊ တံတားဦးခရိုင် ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်အတွက် ပြည်ထောင်စု/တိုင်းဒေသကြီး ခွင့်ပြုရန်ပုံငွေများဖြင့် ဆောင်ရွက်မည့် လမ်း/တံတား/အဆောက်အအုံ တည်ဆောက်ရေးလုပ်ငန်းများအတွက် လိုအပ်သော လုပ်ငန်းသုံးပစ္စည်းများအား အိတ်ဖွင့်တင်ဒါခေါ်ယူ၍ မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

၂။

| | | |
|---|---|---|
| (က) | တင်ဒါလျှောက်လွှာစတင် ရောင်းချမည့်ရက်/အချိန် | – ၂၄-၄-၂၀၂၃ရက်(တနင်္လာနေ့) (ရုံးချိန်အတွင်း) |
| (ခ) | တင်ဒါလျှောက်လွှာအရောင်း ပိတ်မည့်ရက်/အချိန် | – ၂၁-၅-၂၀၂၃ရက်(တနင်္ဂနွေနေ့) ညနေ ၄နာရီ |
| (ဂ) | တင်ဒါလျှောက်လွှာ ရောင်းချမည့်နေရာ | – လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ တံတားဦးခရိုင် |
| (ဃ) | တင်ဒါဖွင့်ပွဲကျင်းပမည့် ရက်/အချိန် | – ၂၃-၅-၂၀၂၃ရက် (အင်္ဂါနေ့) နံနက် ၉: ၃၀နာရီ |
| (င) | တင်ဒါဖွင့်ပွဲကျင်းပမည့် နေရာ | – လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ တံတားဦးခရိုင် |

၃။ တင်ဒါလျှောက်လွှာပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို တံတားဦးခရိုင်၊ လမ်းဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ ဖုန်း–၀၉–၂၀၆၂၂၄၇ သို့ရုံးချိန်အတွင်း စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**လမ်းဦးစီးဌာန၊ တံတားဦးခရိုင်**

### ငြင်းချက်ထုတ်ရန်ဆင့်စာ (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀) ပြည်ကြီးတံခွန်မြို့နယ် တရားရုံးတော် ၂၀၂၃ခုနှစ်၊ တရားမကြီးမှုအမှတ်–၃၀

**ဒေါ်ခင်မမ** နှင့် **ဦးအုံးခင်**
**တရားလို** **တရားပြိုင်**

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ မြဝတီမင်းကြီးလမ်း၊ လမ်း ၇၀၊ ယ(၅/၈)နေ ဦးအုံးခင်(ဘ)ဦးစံမြင့်(ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

တရားပြိုင် ဦးအုံးခင် သင့်အပေါ်၌ တရားလို ဒေါ်ခင်မမက မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ပေးစေလိုမှု ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၃ ခုနှစ် မေလ ၄ရက် (၁၃၈၅ခုနှစ် ကဆုန်လပြည့်ကျော် ၁ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေ တင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၃ခုနှစ် ဧပြီလ ၁၉ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(ကြည်ပြာဆင့်)
**တွဲဖက်မြို့နယ်တရားသူကြီး**
**ပြည်ကြီးတံခွန်မြို့နယ်တရားရုံး**

### သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ဧရာဝတီတိုင်းဒေသကြီး အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဧရာဝတီတိုင်းဒေသကြီး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ တိုင်းဒေသကြီး ဘဏ္ဍာရန်ပုံငွေ(ငွေလုံးငွေရင်းအသုံးစရိတ်)ဖြင့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွင်း အောက်ပါတည်ဆောက်ရေးလုပ်ငန်းဆောင်ရွက်ရန်အတွက် မြန်မာနိုင်ငံသားကုမ္ပဏီ/လုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါ တင်သွင်းနိုင်ရန်ဖိတ်ခေါ်အပ်ပါသည်။

| Lot No | လုပ်ငန်း/အမျိုးအစား အတိုင်းအတာ | အရေအတွက် | တည်နေရာ |
|---|---|---|---|
| (၁) | မအူပင်ခရိုင်ရုံးတည်ဆောက်ခြင်း၊ ၉၀'x၄၈'၊ သံကူကွန်ကရစ်(၂)ထပ် ၉၁၇၇.၈၈ စတုရန်းပေ၊ (၂)နှစ် စီမံကိန်း | (၁)ခု | အမှတ်(၅)ရပ်ကွက် တိုးမြစ်ကမ်းဘေး၊ မအူပင်မြို့ |

၂။ တင်ဒါလျှောက်လွှာပုံစံ ရောင်းချမည့်ရက်နှင့် ပိတ်သိမ်းမည့်ရက်တို့မှာ အောက်ပါအတိုင်း ဖြစ်ပါသည်–

| | | |
|---|---|---|
| (က) | လျှောက်လွှာပုံစံ စတင်ရောင်းချမည့်ရက် | – ၂၄-၄-၂၀၂၃ရက် (ရုံးချိန်အတွင်း) |
| (ခ) | လျှောက်လွှာပုံစံ ရောင်းချမှု ပိတ်သိမ်းရက် | – ၈-၅-၂၀၂၃ရက် (ရုံးချိန်အတွင်း) |
| (ဂ) | တင်ဒါနောက်ဆုံး တင်သွင်းရမည့်ရက် | – ၂၃-၅-၂၀၂၃ရက် ညနေ ၄နာရီ |

၃။ တင်ဒါတင်သွင်းရန် အသေးစိတ်အချက်အလက်များအား သိရှိလိုပါက ဧရာဝတီတိုင်းဒေသကြီး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးရုံး၊ ဖုန်း–၀၉–၇၉၉၇၉၈၇၄၁၊ ၀၉–၄၂၄၈၂၁၇၈၃ တို့သို့ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ဧရာဝတီတိုင်းဒေသကြီး**
**ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန**




ကလေးနာမည်ပေးဆရာကြီး
**ရာဇာဇော်ဝင်း**
(LL.B.) (WIPO,DL-101 Switzerland)
ကလေးနာမည်ပေးကင်ပွန်းတပ် လူကြီးလိုရာမေးကိုယ်ဝန်ဆောင်ရက်ရွေး
01-399426, 01-394727, 09-73009994, 09-5152521
တိုက်အမှတ် (၉)ဒုထပ်၊ ၈၇ လမ်း၊ မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့


### အမှန်ဖြစ်ကြောင်းကြေညာခြင်း

လားရှိုးမြို့၊ စိတ္တသုခဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ သတ္တမတန်းမှ မောင်အောင်နိုင်၏ အမည်မှန်မှာ မောင်မိုင်းအိုက်နမ်ဖြစ်ပြီး မွေးသက္ကရာဇ်အမှန်မှာ ၈-၈-၂၀၀၆ နှင့် မိဘအမည်မှန်မှာ ဦးပေါ်ခမ်းဆာ ၁၃/တယန(နိုင်)၀၅၃၀၂၆ နှင့် ဒေါ်မယ်ခမ်းဆာ ၁၃/တယန(နိုင်)၀၅၃၀၈၅ ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

### ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၁ ထူပါရုံရပ်ကွက်၊ ထူပါရုံ ၄ လမ်းအရှေ့၊ တိုက်အမှတ် ၁၂၀၊ ၂ခန်းတွဲ ၆ တိုက်၏ ပဥ္စမထပ်(၆)လွှာ၊ ခြေရင်းအခန်း၊ အကျယ်(၁၈'x၅၄')ရှိ တိုက်ခန်း၏ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း မြွက်ဟဝန်ခံသူ (၁)ဦးကျော်မော်ရဲ ၁၂/ဒဂမ(နိုင်)၀၄၀၂၄၇၊ (၂)ဒေါ်ပိုးတွယ်တာဦး ၁၂/ဒဂဆ(နိုင်)၀၀၉၆၃၄ တို့ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဒေါ်အိမ့်မြတ်သဥ္ဇာ ၁၂/တမန(နိုင်)၁၁၇၃၈၅ သည် အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေခဲ့ပြီးဖြစ်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ ၁၄ ရက်အတွင်း ကျွန်ုပ်ထံသို့ အထောက်အထားမူရင်းများနှင့်တကွ လာရောက်တင်ပြ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်သူ၏လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးမျိုးသန့်(LL.B)(C.B.L)**
**အထက်တန်းရှေ့နေ (စဉ် – ၄၅၇၀၅)**
**အမှတ် ၉၁၆/ခ၊ မာဃ ၁၂ လမ်း၊ ၁၂ ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း – ၀၉–၇၇၁၉၇၁၀၆၄၊ ၀၉–၄၅၃၄၃၆၆၀၈**

### လျှပ်စစ်စွမ်းအားဝန်ကြီးဌာန လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း မွန်ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာရုံး၊ မော်လမြိုင်မြို့ (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ၂၀၂၃-၂၀၂၄ ခု၊ ဘဏ္ဍာရေးနှစ် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ မွန်ပြည်နယ်၏ ပြည်နယ်ဘဏ္ဍာ ငွေလုံးငွေရင်း ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်မည့် မုဒုံမြို့နယ်၊ ကော့ပရံကျေးရွာတွင် ၃၃/၁၁ကေဗွီ (၃)အမ်ဗွီအေ ဓာတ်အားခွဲရုံ(၁)ရုံ အသစ်တည်ဆောက်ရာတွင် ပစ္စည်းများဝယ်ယူခြင်း Material Lot ၃ ခု အတွက် အိတ်ဖွင့်တင်ဒါ ဖိတ်ခေါ်အပ်ပါသည်။

၂။

| | | |
|---|---|---|
| **တင်ဒါလျှောက်လွှာ ရောင်းချမည့်ရက်** | – | ၂၄-၄-၂၀၂၃ ရက်မှ ၁၆-၅-၂၀၂၃ ရက်ထိ |
| **တင်ဒါတင်သွင်းရမည့်ရက်** | – | ၁၇-၅-၂၀၂၃ ရက်မှ ၁၉-၅-၂၀၂၃ ရက်ထိ |
| **တင်ဒါလျှောက်လွှာဝယ်ယူ/ တင်သွင်းရမည့်နေရာ** | – | မွန်ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာရုံး၊ မော်လမြိုင်မြို့ |

၃။ အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်ပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်သိရှိလိုသည်များအား ရုံးချိန်အတွင်း လူကိုယ်တိုင်သော်လည်းကောင်း၊ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့လည်းကောင်း တိုက်ရိုက်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**
**မွန်ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာရုံး**
**မော်လမြိုင်မြို့**
**Ph–09–428725572,09–428725573**
**09–428725574,09–455454422**

### ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 9R/9299 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

### ကန့်ကွက်နိုင်ပါကြောင်းနှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(င)၊ သန္တာ(၁၃)လမ်း၊ မြေကွက်အမှတ်(၆၅၇)ဟု ခေါ်တွင်သော ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲဌာနတွင် တရားဝင်ခွဲစိတ်ထားသောနှစ်(၆၀)မြေငှားဂရန်အမည်ရှိ ဒေါ်ခင်ကြည်ညွန့်(TTA–၀၃၆၅၆၀) (အလျား ၂၀ ပေx အနံ ၆၀ ပေ)၊ ဧရိယာ ၀ ဒသမ ၀၂၇၅ ဧက၊ စတုရန်း ပေ ၁၂၀၀ အကျယ်ရှိ (မြေကွက်အား မျက်နှာမူလျှင် ညာဘက်ရှိခြေရင်းအခြမ်း)မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသောတစ်ထပ်တိုက် ထပ်ခိုးပါ အဆောက်အအုံနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား နှစ်(၆၀)မြေငှားဂရန်အမည်ရှိ ဒေါ်ခင်ကြည်ညွန့်(TTA–၀၃၆၅၆၀)သည် ၇–၁၀–၂၀၀၄ ရက်တွင် ကွယ်လွန်ခဲ့ပြီး ၎င်း၏တစ်ဦးတည်းသောခင်ပွန်းဖြစ်သူ ဦးထွန်းကြည် ၁၂/ဥကမ (နိုင်)၀၅၈၀၃၇ မှသာလျှင် အမွေဆက်ခံပိုင်ဆိုင်ရောင်းချခွင့်ရှိကြောင်းနှင့် အရှုပ်အရှင်းတစ်စုံတစ်ရာမရှိကြောင်း ဝန်ခံကတိပြုရောင်းချသည့်အတွက် ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဦးမင်းခေါင်ကျော် ၁၂/ဥကမ(နိုင်)၁၇၄၇၈၇ က အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေအနက်မှ စရန်ငွေတစ်စိတ်တစ်ဒေသပေးချေပြီး ဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်အား ကန့်ကွက်လိုပါက ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍(၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးထက်ထက်ထွန်း၊( LL.B) အထက်တန်းရှေ့နေ(စဉ်–၅၄၉၇၇)**
**ဖုန်း–၀၉–၅၀၇၄၅၂၄**

## ပတ်စ်ပို့ပျောက်

ကျွန်တော် မောင်ဆွေနိုင်ဦး ၈/တတက(နိုင်) ၂၀၈၆၆၀၏ နိုင်ငံကူးလက်မှတ်အမှတ် (နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါကအောက်ပါ ဖုန်းသို့ အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၅၆၃၁၃၃၅၅

## ပြင်ဆင်ဖတ်ရှုပါရန်

၁၂-၁-၂၀၂၃ရက်နေ့ မြန်မာ့အလင်းသတင်းစာ၏စာမျက်နှာ ကြော်ငြာ(၂၇)ကန့်ကွက်နိုင်ကြောင်း ကြော်ငြာသဃ်န်းကျွန်းမြို့နယ်၊GP ဦးခိုင်ဇင်ဝင်း၏အရောင်းမြေပုံကူးတွင်မြေကွက်အမှတ်-၄၂၅/ခအစား မြေကွက်အမှတ်-၄၂၅/ကဟုအမှန်ဖတ်ရှု ပါရန်။

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 4B/9389 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊(ရွာသာကြီး)

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

